# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


ကိုယ့်ဆီရောက်လာ အမှုကို
ကိုယ့်အလိုကျ ကိုယ်ဆုံးဖြတ်။
ထိုကဲ့သို့သော လူမျိုးသည်
တရားခွင်တည်သူ မဟုတ်ပါ။
တရားသူကြီး မဟုတ်ပါ။
ပညာရှိသူ ဆိုသည်ကား
အဖြစ် မှန်သည်ကို လည်းကောင်း
အဖြစ် မှားသည်ကို လည်းကောင်း
နှစ်ပါးစုံကို လေ့လာသင့်။

ဓမ္မပဒ၊ ဓမ္မဋ္ဌဝဂ်။ တရားရှိခြင်း-၂၅၆။
(မြန်မာပြန်-မင်းသုဝဏ်)


၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက် ၂၀၁၆ ခုနှစ်၊ မေ ၁၀ ရက်၊ အင်္ဂါနေ့ အတွဲ (၅၅)၊ အမှတ် (၂၁၈)


## နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့ ဆွေးနွေး

**“ ထိုင်းနိုင်ငံတွင် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားအလုပ်သမားများ အပေါ် အလုပ်သမားအခွင့်အရေးများ တန်းတူပေးစေလိုကြောင်း ပြောကြား”**


စာမျက်နှာ-၃




# အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဖွဲ့စည်းရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ



အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Centre – NRPC) ဖွဲ့စည်းရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်

**နေပြည်တော် မေ ၉**

အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Centre – NRPC) ဖွဲ့စည်းရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်တိုင်းတွင် ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်ခွင့်ရရှိရေး ဦးတည်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

အစည်းအဝေးသို့ စေ့စပ်ညှိနှိုင်းရေးတာဝန်ခံ ဒေါက်တာတင်မျိုးဝင်း၊ အစိုးရကိုယ်စားလှယ် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကိုယ်စားလှယ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာနမှ ကိုယ်စားလှယ် ဦးမြင့်စိုး၊ ဦးခင်ဇော်ဦးနှင့် ဒေါက်တာမင်းဇော်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ❋





မြန်မာ့အလင်း

# ကိုယ်ကျင့်အညွန့်ကိန်းများ မြင့်မားစေရာ

နွေလယ်နေ့များ၏ အပူရှိန်များ အားကောင်းနေဆဲတွင် လူမှုကွန်ရက်များနှင့် သတင်းစာများ၌ တွေ့မြင်ဖတ်ရှုရသည့် "ရောင်းသူမဲ့ အအေးဆိုင်" လေးများအကြောင်းကို စိတ်ဝင်စားသူ များပြားကြသည်။ မန္တလေးမြို့မှ စတင်ခဲ့သည့် ရောင်းသူမဲ့ အအေးဆိုင်လေးများက ရန်ကုန်မြို့အပါအဝင် အခြားမြို့ကြီးများဆီသို့ပါ တစ်စတစ်စ ပျံ့နှံ့လျက်ရှိသည်။

ရေသန့်ဘူးများနှင့် အအေးပုလင်းများထည့်ထားသည့် ဖော့ရေခဲဘူးတစ်ဘူး၊ "မိတ်ဆွေ...ယုံကြည်လို့ လူစောင့်မထားပါ၊ ပိုက်ဆံဘူးထဲမှာ ပိုက်ဆံထည့်ပေးသွားပါ၊ ပြန်အမ်းငွေလည်း ဒီကပဲ ယူသွားပေးပါ" အစရှိသည်တို့ ရေးသားထားသည့် ဗီနိုင်းတစ်ချပ်တို့က ရောင်းသူမဲ့ အအေးဆိုင်လေးများ၏ ရိုးရှင်းသော အဆင်အပြင်ဖြစ်သည်။ အဆိုပါဆိုင်လေးများက မျက်မှောက် မြန်မာ့လူ့အဖွဲ့အစည်း၏ စာရိတ္တနှင့် ကိုယ်ကျင့်တရားတို့ကို လက်တွေ့စမ်းသပ်နေသည့် ဓာတ်ခွဲခန်းလေးများဟုလည်း ဆိုနိုင်သည်။

ရောင်းသူမဲ့ အအေးဆိုင်လေးများ အစီအစဉ်ကို ပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံကြီးသားပီသရန်အတွက် မြန်မာတွေ စိတ်ဓာတ်မကောင်းခဲ့ဘူးဆိုသည်ကို ချေဖျက်ပစ်ရမည်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင်စိတ်ဓာတ်ကောင်းအောင် လုပ်ရမှာဖြစ်သလို အခြားသူများ စိတ်ဓာတ်ပြောင်းလဲလာအောင် ကြိုးစားလှုံ့ဆော်ပေးရမည်မှာ လူတိုင်း၏ တာဝန်ဖြစ်ကြောင်း၊ စနစ်ဆိုးတစ်ခု၏ ရိုက်ချိုးခံခဲ့ရသည့် စိတ်ဓာတ်များကို ပြန်တည့်မတ်နိုင်ရန် အချိန်ယူရမည်ဖြစ်ကြောင်းနှင့် မိမိတို့၏ စိတ်ဓာတ်များကို စမ်းသပ်မှုအနေဖြင့် ရောင်းသူမဲ့ အအေးဆိုင်လေးများကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း စီစဉ်သူ၏ ကောင်းမွန်သောရည်ရွယ်ချက်များကို သိရှိရသကဲ့သို့ စမ်းသပ်မှုအစီအစဉ်၏ ရှေးဦးပိုင်းကာလတွင် ပိုက်ဆံမပေးဘဲ ယူသွားခြင်း၊ ပိုက်ဆံဘူးကိုပါ အလစ်သုတ်သွားခြင်းတို့ ရှိခဲ့ကြောင်း၊ တစ်ဖက်တွင်လည်း ပြည်သူများအတွင်း ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ နိုးကြားမှုများရှိလာပြီး ရောင်းသူမဲ့အအေးဆိုင်လေးများ အရေအတွက်တိုးလာကြောင်း သိရသည်။

မြန်မာ့လူ့အဖွဲ့အစည်းနှင့် မြန်မာ့ယဉ်ကျေးမှုတို့ကို ဗုဒ္ဓဘာသာ ကိုယ်ကျင့်တရား၏ အရိပ်အာဝါသက လွှမ်းမိုးသည်။ အခြေခံအကျဆုံး စောင့်စည်းအပ်သော ကိုယ်ကျင့်တရားဟုဆိုအပ်သည့် ကံငါးပါးကို စောင့်ထိန်းရမည်ကို မြန်မာတိုင်းက နားလည်ထားကြသည်။ သူ့အသက်မသတ်ရန်၊ သူ့ဥစ္စာမခိုးရန်၊ သူ့သားမယားမစော်ကားရန်၊ လိမ်လည်မှုမပြုရန်၊ မူးယစ်သေစာမသောက်စားရန်ဟူသော ငါးပါးသီလကို စောင့်ထိန်းရမည်ဟု နားလည်ကြသော်လည်း ခေတ်တစ်ခေတ်တွင် ရိုးသားစွာ ရှာဖွေလုပ်ကိုင်စားသောက်ရန် ခက်ခဲမှုနှင့်အတူ စီးပွားမဲ့၍ ပညာမဲ့၊ ပညာမဲ့၍ စိတ်ဓာတ်မဲ့၊ အသိဉာဏ်မဲ့ဖြစ်ကာ လူ့အဖွဲ့အစည်း တစ်ရပ်လုံး၏ ကိုယ်ကျင့်တရားနှင့်စာရိတ္တတို့ နိမ့်ကျခဲ့ပြီလားဆိုသည့် မေးခွန်းကို မေးသင့်လာပြီဖြစ်သည်။

မန္တလေးရတနာပုံခေတ်က အနောက်မဇ္ဈိမဒေသမှလာသော အထည်အလိပ်ကုန်သည်ကြီးတစ်ဦး ရှမ်းပြည်သို့ ကုန်ရောင်းကုန်သွယ် ခရီးထွက်ရာ လမ်းရှိ ဇရပ်တစ်ခုတွင် ကုန်ရောင်းရငွေအများအပြား ထည့်ထားသည့် ငွေစလွယ်အိတ်ကြီး တိုင်တွင်ချိတ်လျက်သား ကျန်ခဲ့သည်ကို ခရီးအတော်ဝေးပြီးမှ သတိရခဲ့၏။ နောက်ကြောင်းပြန်လှည့်ရန်လည်း မလွယ်တော့သလို ရှေ့ဆက်သွားရန်မှာလည်း ဇရပ်မှာကျန်ခဲ့သည့် ငွေများက များပြားလှသည်။ လူတကာဝင်ထွက်သွားလာနေသော ဇရပ်မှာကျန်ခဲ့သည့် ငွေအိတ်ကို ပြန်ရရန်မျှော်လင့်ချက်မရှိသဖြင့် ရှေ့ဆက်သွားခဲ့သည်။ အတူပါသူ မိတ်ဆွေက ၎င်းငွေအိတ်ပြန်ရမည်ဖြစ်ကြောင်း ပြောသော်လည်း မယုံကြည်ခဲ့။ အပြန်ခရီး၌ အဆိုပါ ဇရပ်သို့ပြန်ရောက်ခဲ့ရာ ငွေအိတ်ကို တိုင်တွင်ချိတ်လျက်သား ပြန်တွေ့ခဲ့သည်။ ဇရပ်တွင် တည်းခိုသူ၊ သန့်ရှင်းရေးလုပ်သူတို့က ငွေအိတ်ကို တွေ့ကြပါ၏။ မိမိတို့ပစ္စည်းမဟုတ်၊ ပိုင်ရှင်ပြန်လာယူမည်ကို သိရှိထားကြသည့်အလျောက် စောင့်ရှောက်ခဲ့ကြခြင်းဖြစ်ကြောင်း ထိုခေတ် မြန်မာတို့၏ ကိုယ်ကျင့်တရားမြင့်မားခဲ့ပုံကို ဆရာကြီး ဦးဂိုအင်ဂါက ရေးသားခဲ့ဖူးသည်။

မျက်မှောက်ကာလ မြန်မာ့လူ့အဖွဲ့အစည်း၏ ကိုယ်ကျင့်တရားစံနှုန်းကို တိုင်းတာစမ်းသပ်နေသည့် ရောင်းသူမဲ့ အအေးဆိုင်လေးများ အောင်မြင်စေရန် မျှော်လင့်ခြင်းနှင့်အတူ စိတ်ဝင်စားစွာ အားပေးစောင့်ကြည့်နေမိပါကြောင်း ။ ။



# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေး

**နေပြည်တော် မေ ၉**

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိသည်။

သို့ပါ၍ အလှကုန်ပစ္စည်း နှစ်မျိုးမှာ ထုတ်လုပ်သည့်ကုမ္ပဏီမှ ဆက်လက် ထုတ်လုပ်ခြင်းမရှိတော့သော သက်တမ်းလွန် Hair Conditioner များ ဖြစ်ပါကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားသည့် ပြည်တွင်း၌ လက်ရှိတင်သွင်း ဖြန့်ဖြူးရောင်းချနေသော Hair Conditioner ဘူးပုံစံနှင့် အဓိကကွာခြားချက်များကို ယှဉ်တွဲဖော်ပြ၍ အသိပေးကြေညာသည်။

အဆိုပါ သက်တမ်းလွန် အလှကုန်ပစ္စည်းနှစ်မျိုးကို အများပြည်သူလူထု သုံးစွဲခြင်း မပြုကြရန်နှင့် ပြည်တွင်းဈေးကွက်တွင် တင်သွင်း၊ ဖြန့်ဖြူးရောင်းချနေမှုများကို တွေ့ရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၃၊ အပိုဒ်(၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

(သတင်းစဉ်)

ထင်သာမြင်သာပြုပြင်စရာ

# ယာဉ်ထိန်းရဲ အမြဲရှိဖို့ လိုပြီ



ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဆင်မင်းရပ်ကွက်ရှိ ဆင်မင်းဈေးမှတ်တိုင်အား သက်ဆိုင်ရာမှ ယာဉ်အန္တရာယ်၊ လူအန္တရာယ်ကင်းဝေးစေရေးအတွက် ဆင်မင်းအိမ်ရာရှေ့သို့ ပြောင်းရွှေ့ထားသော်လည်း စည်းကမ်းမဲ့ယာဉ်များသည် မူလမှတ်တိုင်နေရာဆင်မင်းလမ်းနှင့် ကမ်းနားလမ်းထောင့်တွင်သာ ရပ်၍ လူအတင်အချပြုလုပ်နေသည်ကို ပုံတွင်မြင်တွေ့ရသည့်အတိုင်း တွေ့မြင်ရပြီး ယာဉ်ထိန်းရဲများ ရှိနေချိန်တွင်သာ သတ်မှတ်ထားသောမှတ်တိုင်တွင်ယာဉ်ရပ်၍ လူအတင်အချ ပြုလုပ်နေသောကြောင့် အဆိုပါ ဆင်မင်းဈေးမှတ်တိုင်တွင် ယာဉ်ထိန်းရဲအမြဲရှိရန် ပြည်သူများ လိုလားလျက်ရှိသည်။

**တင်မောင်ဦး(အလုံ)**

# စစ်ဘေးရှောင်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**ကျောက်မဲ မေ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် မန်ပေါက်ကျေးရွာနှင့် ဟူးစွန်ကျေးရွာများ၌ TNLA နှင့် RCSS လက်နက်ကိုင်အဖွဲ့တို့ ထိတွေ့မှုများ ဖြစ်ပေါ်နေမှုကြောင့် ကျောက်မဲမြို့ပေါ်သို့ ရောက်ရှိနေသည့် ကျေးရွာ ခုနစ်ရွာမှ စစ်ဘေးရှောင်ပြည်သူများအတွက် ကျောက်မဲခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ငွေသားနှင့် ပစ္စည်းများကို မေ ၇ ရက်က ထောက်ပံ့ပေးခဲ့သည်။

ကျောက်မဲခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ကျောက်မဲမြို့သို့ စစ်ဘေးရှောင် ရောက်ရှိနေသည့် အိမ်ခြေ ၂၃၆ အိမ်အတွက် ထောက်ပံ့ငွေ ၉၃၁၅၀၀ နှင့် ၅၂၀၇၅၇၆ တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း၊ ကျန်ရှိနေသည့် အိမ်ခြေ ၈၀ အတွက်လည်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် မေ ၅ ရက်က တောင်ကျရေနှင့်အတူ မျောပါသေဆုံးခဲ့သည့် ကျောက်မဲကြီးကျေးရွာမှ မနန်းလောဝ်ဖောင်းအတွက် ထောက်ပံ့ငွေ ၁၀၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းသန်း(ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၉-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၅၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၀၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၆၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၉.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၆.၆၅ |
| ထိုင်း | တစ်ဘတ် | ၃၃.၂၁၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၅၃၈ |
| တရုတ် | တစ်ယွမ် | ၁၇၉.၆၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၁.၈၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၀၇၊
Fax- ၀၁-၈၆၀၄၅၄၆

# ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအပေါ် အလုပ်သမားအခွင့်အရေးများ တန်းတူပေးရေး ဆွေးနွေး နှစ်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေး တိုးမြှင့်ဆောင်ရွက်မည်

**နေပြည်တော်  မေ  ၉**

ထိုင်းနိုင်ငံတွင် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသား အလုပ်သမားများအပေါ် အလုပ်သမားအခွင့်အရေးများ တန်းတူပေးစေလိုကြောင်း၊ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂) မြဝတီ တည်ဆောက်ပြီးစီးပါက နှစ်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် ကူးလူးဆက်ဆံမှုပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန် ပရာမွတ်ဝီနိုင်းနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ထိုင်းနိုင်ငံခြားရေးဝန်ကြီးအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ယနေ့နံနက် ၁၁ နာရီတွင် တွေ့ဆုံစဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ပြီး ဧည့်သည်တော် ထိုင်းဝန်ကြီးကလည်း ရုရှားနိုင်ငံ၌ မကြာမီကျင်းပတော့မည့် ရုရှား - အာဆီယံ အစည်းအဝေးတွင် မြန်မာနှင့် ထိုင်း နှစ်နိုင်ငံအကြီးအကဲများတွေ့ဆုံကာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးလိုပါကြောင်းနှင့် နိုင်ငံတော်သမ္မတအနေဖြင့် ထိုင်းနိုင်ငံသို့ အလည်အပတ်ခရီး လာရောက်ရန်အတွက် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ထားဝယ်အထူးစီးပွားရေးဇုန်တွင် မြန်မာ၊ ထိုင်း၊ ဂျပန်သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ တာဝန်သိ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ထားဝယ်ဆေးရုံကြီး အရေးပေါ်ဌာန အဆင့်မြှင့်တင် တည်ဆောက်ရေးကိစ္စရပ်များအပေါ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး မစ္စတာ ပီစနု ဆူဗန်နာဂျာတာလည်း တက်ရောက်သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန် ပရာမွတ်ဝီနိုင်းတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**

# မြန်မာ-ထိုင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော်  မေ  ၉**

မြန်မာ - ထိုင်း နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ မြန်မာ-ထိုင်း ကဏ္ဍစုံတွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ အထူးသဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအရေးနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို မြန်မာ-ထိုင်း နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံစဉ် ဆွေးနွေးကြကြောင်း သိရသည်။

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန် ပရာမွတ်ဝီနိုင်းတို့သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံစဉ် **(အပေါ်ပုံ)** ထိုသို့ ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ ပူးတွဲသတင်းစာ ရှင်းလင်းပွဲကို ပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကိစ္စများ ဆွေးနွေးခဲ့ကြကြောင်း၊ မြန်မာနှင့် ထိုင်း နှစ်နိုင်ငံအကြား အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်မည့်၊ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် ကဏ္ဍများ အမြောက်အမြားရှိနေပါကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ယနေ့ ရင်ဆိုင်နေကြရသည့် Sufficiency Economy ဆိုင်ရာ စိန်ခေါ်မှုများကို အတူတကွ ရင်ဆိုင်နိုင်ကြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက နှစ်နိုင်ငံ ဆက်ဆံရေးအနေဖြင့် ပိုမိုရင်းနှီးမှု ရရှိခဲ့ပါကြောင်း၊ ထိုင်းနိုင်ငံ အနေဖြင့် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေးအပြင် အာဆီယံအဖွဲ့ကြီးအတွင်းနှင့် မဲခေါင်ဒေသခွဲ ဆက်ဆံရေးအတွင်းတွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး မြန်မာ - ထိုင်း - ဂျပန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများ မေးမြန်းသည့် ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားများ၏ အခွင့်အရေးနှင့် ထားဝယ်ရေနက်ဆိပ်ကမ်း၏ ရှေ့အလားအလာကို သိရှိလိုကြောင်း မေးမြန်းချက်နှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ထိုင်းနိုင်ငံတွင် မှတ်ပုံတင်ထားသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁ ဒသမ ၅၉ သန်း ရှိပါကြောင်း၊ ယခင်နှင့် မတူသည်မှာ ယခု ကလေးများအတွက် ပညာသင်ကြားပေးမှုများ ရှိပါကြောင်း၊ ကျန်းမာရေး စောင့်ရှောက်ပေးမှုများလည်း ရရှိနေကြပြီဖြစ်ပါကြောင်း၊ ယင်းမှာ တိုးတက်မှုဖြစ်သလို တဖြည်းဖြည်း ဆက်လက်၍လည်း လုပ်ဆောင်နိုင်သည်များ လုပ်ဆောင်သွားမှာဖြစ်ပါကြောင်း။

ထားဝယ်ရေနက်ဆိပ်ကမ်း အထူးစီးပွားရေးဇုန်ကို မြန်မာ - ထိုင်း - ဂျပန် ပူးပေါင်း အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ တိုးတက်မှုများလည်း ရှိပါကြောင်း၊ သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြီးဆုံးအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဖြေကြားသည်။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် စပ်လျဉ်း၍ မည်သည့် မူဝါဒထားရှိသလဲ၊ မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံကဲ့သို့ အခြားအိမ်နီးချင်းနိုင်ငံများနှင့် ရွှေ့ပြောင်းအလုပ်သမားများကိစ္စလို နှစ်နိုင်ငံ ပြဿနာများရှိပါသလား၊ အာဆီယံအပေါ် မည်ကဲ့သို့ ရှုမြင်ပါသလဲ ဟု ထိုင်းနိုင်ငံမှ မီဒီယာသမားတစ်ဦး၏ မေးမြန်းချက်အပေါ် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အာဆီယံနှင့် ဆက်ဆံရေးကို အလေးထားပါကြောင်း၊ မိမိဖခင်သည် အီးယူကဲ့သို့သော ဒေသတွင်း အဖွဲ့အစည်းကြီး မပေါ်ပေါက်မီကတည်းက မိမိတို့ဒေသအတွင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် ဒေသတွင်း အဖွဲ့အစည်းတစ်ခု ရှိသင့်သည်ကို ပြောကြားခဲ့ကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်ကြပြီး အများအတွက် မျှော်လင့်ချက်များ၊ ပျော်ရွှင်သာယာ ချမ်းမြေ့မှုများ ဖော်ဆောင်ကြရန်ဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် စပ်လျဉ်း၍ အိမ်နီးချင်းနိုင်ငံများအချင်းချင်း ပြဿနာဆိုသည်မှာ ရှိစမြဲဖြစ်ပါကြောင်း၊ အရေးကြီးသည်မှာ ထိုပြဿနာများကို မည်သို့မည်ပုံဖြေရှင်းကြမည်ဆိုသည့် ခံယူချက်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား အမုန်းဖြင့်ကျန်ခဲ့မည့် ပြဿနာဖြေရှင်းနည်းမျိုးကို ရှောင်ရှား၍ နှစ်နိုင်ငံပူးပေါင်းမှု၊ နားလည်မှုများဖြင့် ချစ်ကြည်ရင်းနှီးမှုကို ခိုင်မာစေမည့်၊ ထိခိုက်မှုမရှိစေမည့် ဖြေရှင်းမှုမျိုးဖြင့်သာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဖြေကြားသည်။

ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများကိစ္စနှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံဘက်ကိုသာ တာဝန်ယူစေမည် မဟုတ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အလုပ်သမားများ ပြန်လည်ရောက်ရှိ အလုပ်လုပ်နိုင်ရေးအတွက် တာဝန်ယူသွားရန် အစီအစဉ်များ ထားရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန် ပရာမွတ်ဝီနိုင်းတို့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်**

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုများနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့် အခြေအနေများအား ဆွေးနွေး



**နေပြည်တော် မေ ၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ရုရှားသံအမတ်ကြီး မစ္စတာ ဗက်စလီ ဘီ ပိုစပယ် လော့ဗ် နှင့် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဗေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ တပ်မတော် နှစ်ရပ်အကြား အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်ကိစ္စများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်နိုင်မည့်အခြေအနေများအား ဆွေးနွေးကြသည်။

**(မြဝတီ)**

---

*✻ ရှေ့ဖုံးမှ*

အစည်းအဝေးတွင် အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဖွဲ့စည်းရေးလုပ်ငန်းများနှင့် နှစ်ဆယ့်တစ်ရာစု ပင်လုံညီလာခံ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းစဉ်များကို တစ်ပြိုင်နက်တည်း ဆောင်ရွက်သွားရေး၊ နှစ်ဆယ့်တစ်ရာစု ပင်လုံညီလာခံကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပါဝင်သင့်၊ ပါဝင်ထိုက်သူများပါဝင်နိုင်ရေး ဦးတည်ဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ သဘောတူညီခဲ့ကြပြီး ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို လာမည့်သီတင်းပတ်အတွင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## မီဒီယာကဏ္ဍဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မေ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် DW Akademie မှ Country Representative Myanmar, Ms. Isabella Kurkowski နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ ဗက်စလီ ဘီ ပိုစပယ် လော့ဗ်အား ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မီဒီယာကဏ္ဍဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အခြေအနေကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## ပေကျင်းမြို့အခြေစိုက် နိုင်ငံ့ဝန်ထမ်းကောလိပ်နှင့် မြန်မာနိုင်ငံ ဗဟိုဝန်ထမ်းတက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၉**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်အား မေ ၆ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ ရုံးအမှတ်(၁၇) ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌရုံးဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံရာတွင် မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းကဏ္ဍပြုပြင်ပြောင်းလဲမှုများကို ကဏ္ဍခြောက်ရပ်ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်အစိုးရသစ်လက်ထက် ရက် ၁၀၀ အတွင်း အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အရာထမ်းဝင်ခွင့်စာမေးပွဲ မေးခွန်းပုံစံပြောင်းလဲရေးနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် သင်ကြားပို့ချလျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းသင်တန်းအစီအစဉ်များ ပြောင်းလဲရေး၊ အရည်အသွေးမြှင့်တင်ပေးရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့အပြင် အနာဂတ်ကာလ၌ Civil Services Academy တည်ထောင်မည့်အစီအစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ လိုအပ်သည့် အကူအညီပံ့ပိုးပေးရန်နှင့် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံ့ဝန်ထမ်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေကျင်းမြို့အခြေစိုက် နိုင်ငံ့ဝန်ထမ်းကောလိပ်နှင့် မြန်မာနိုင်ငံ ဗဟိုဝန်ထမ်းတက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးကိစ္စများတွင် ကူညီဆောင်ရွက်ပေးသည့်ကိစ္စများဆွေးနွေး

**နေပြည်တော် မေ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မေခလာခန်းမ၌ မေ ၉ ရက် မွန်းလွဲ ၁ နာရီက ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးအား ပက်-မြန်မာအဖွဲ့အစည်းမှ မြန်မာနိုင်ငံဆိုင်ရာညွှန်ကြားရေးမှူး ဖြစ်သူ Mr.Richard Harrison ဦးဆောင်သောအဖွဲ့က လာရောက်တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာ၌ သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးကိစ္စများတွင် ကူညီဆောင်ရွက်ပေးသည့်ကိစ္စများ၊ ရေကောင်း၊ ရေသန့်ရရှိရေးကိစ္စနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ရပ်ရွာအခြေပြုဆောင်ရွက်နေသည့် ၃၅ မြို့နယ်တွင် တိုးတက်ရရှိမှုကိစ္စရပ်များ၊ ထပ်မံတိုးချဲ့သည့် တနင်္သာရီတိုင်းဒေသကြီးရှိ မြို့နယ်နှစ်မြို့နယ်တွင်တိုးချဲ့သည့်ကိစ္စရပ်များ၊ ပက်-မြန်မာအဖွဲ့အစည်းမှ နေပြည်တော်တွင် ရုံးခွဲ ဖွင့်လှစ်ခြင်းကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(မြန်မာ့အလင်း)**

## မလေးရှားရောက် မြန်မာအလုပ်သမားများအား ကူညီစောင့်ရှောက်ရေးဆွေးနွေး

**နေပြည်တော် မေ ၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး Mr. Mohd Haniff Abd Rahman နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနှင့် မလေးရှားနှစ်နိုင်ငံအကြား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ အလုပ်သမားခန့်ထားရေးဆိုင်ရာ MoU လက်မှတ်ရေးထိုးဆောင်ရွက်ရေး၊ မလေးရှားရောက် မြန်မာအလုပ်သမားများအား ကူညီစောင့်ရှောက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် လုပ်သားစွမ်းရည်တိုးတက်မြင့်မားရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

# ဆိုလာစနစ်ဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်းသည် အနာဂတ်မြန်မာနိုင်ငံအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာဖွယ်ရှိ

**မန္တလေး မေ ၉**

ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် အနာဂတ်မြန်မာနိုင်ငံအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင် အခြားသောလောင်စာများအသုံးပြု၍ လျှပ်စစ်ထုတ်လုပ်ခြင်းကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိဘဲ ပြန်လည်ဖြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်မှ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ပိုမိုဆောင်ရွက်လာကြကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB ) ၏ အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် ကုန်ထုတ်လုပ်မှုကဏ္ဍသည် စုစုပေါင်း GDP ၏ ၂၀၁၆ ခုနှစ်၌ ၃၅ ဒသမ ၄ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်တွင် ၃၅ ဒသမ ၆ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်တွင် ၃၅ ဒသမ ၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း ဝန်ဆောင်မှုကဏ္ဍတွင် ၂၀၁၆ ခုနှစ်တွင် ၃၆ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်တွင် ၃၆ ဒသမ ၉ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်တွင် ၃၇ ဒသမ ၁ ရာခိုင်နှုန်းထိ တိုးတက်လာနိုင်ကြောင်း၊ မျှော်မှန်းထားရာ လျှပ်စစ်ဓာတ်အားလိုအပ်ချက်လည်း များစွာမြင့်တက်လာမည်ဖြစ်ကြောင်း SANDISOLAR ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် SANDISOLAR ၏ မြန်မာနိုင်ငံဆိုင်ရာ Marketing Manager Mr. Wu Pei က ပြောကြားသည်။

မေ ၁၅ ရက်တွင်လည်း မန္တလေးမြို့ဟိုတယ် ရွှေပြည်သာတွင် ဆိုလာထုတ်ကုန်ပစ္စည်းများပြပွဲကိုကျင်းပမည်ဖြစ်ရာ လုပ်ငန်းသုံး၊ အိမ်သုံးစနစ်များ၊ မြေအောက်ရေနှင့် အခြားရေအရင်းအမြစ်များမှ ရေတင်ခြင်းဆောင်ရွက်ရန်စနစ်များ စည်ပင်သာယာလုပ်ငန်းများဖြစ်သည့် ယာဉ်လမ်းကြောင်းပြမီးနှင့် လမ်းမီးစနစ်များ၊ စက်ရုံ၊ အလုပ်ရုံသုံးစနစ်များ၊ အရေးပေါ်သုံး၊ တောတောင်၊ ဒေသသုံးမီးအိမ်နှင့် လက်နှိပ်ဓာတ်မီးသုံးစနစ်များ၊ Portable, Inverter, Controller, Intergrated Circuit အစရှိသည့် အဆင့်မြင့်ကုန်ပစ္စည်းများဆိုင်ရာစနစ်များကိုပြသသွားမည်ဖြစ်ရာ မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။



မန္တလေးမြို့ ကျုံးဘေး၌ လျှပ်စစ်ဆိုလာပြားများ တပ်ဆင်ထားမှုကို တွေ့ရစဉ်

**အေးမြ(မန္တလေး)**

# ကျင့်သုံးနေသော စာရင်းကိုင်စံများနှင့်အညီဖြစ်အောင် ဆောင်ရွက်ရန်လို

**ရန်ကုန် မေ ၉**



ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းသည် မေ ၉ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်စာရင်းစစ် ရုံးဝန်ထမ်းများအား တွေ့ဆုံခဲ့သည်။ **(ယာပုံ)**

ပြည်ထောင်စုစာရင်းစစ်ချုပ်က စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လူသာပဓာနဖြစ်ကြောင်း၊ လူ၏ အကျင့်စာရိတ္တ၊ သိက္ခာသမာဓိရှိရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများအပေါ် ဘက်လိုက်မှုမရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ စေတနာ၊ မေတ္တာ၊ ကရုဏာဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးအဖွဲ့စည်းများ၊ စာရင်းထားနည်းအတိုင်း ဆောင်ရွက်ကြသော်လည်း ဦးစီးဌာနများအနေဖြင့် အစိုးရစာရင်းထားနည်းအတိုင်း Cash Basic ကို အခြေခံရေးဆွဲကြသဖြင့် စာရင်းအမှန်ရရှိစေရန် Accrual Basic ပြောင်းလဲရေးဆွဲရေးအတွက်လည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ကမကထပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခေတ်နှင့်အညီ စာရင်းထားနည်းပြောင်းလဲခြင်းများကို သိရှိရန်လိုကြောင်း၊ ကျင့်သုံးနေသော စာရင်းကိုင်စံများနှင့်အညီဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ လူသာလျှင်ပဓာနဖြစ်၍ ဝန်ထမ်းတစ်ဦးချင်းစီတွင် စာရင်းပညာရှင်များကျင့်ဝတ်ဖြစ်သည့် စာရင်းပညာအရည်အချင်းပြည့်စုံရန်၊ လုပ်ငန်းခွင်တွင် သတိသမ္ပဇဉ်ဖြင့်ဆောင်ရွက်ရန်၊ စာရင်းပညာများကို စဉ်ဆက်မပြတ်သိရှိကြရန်၊ လျှို့ဝှက်ချက်ကိုထိန်းသိမ်းရာတွင် ပွင့်လင်းမြင်သာမှုနှင့် ချင့်ချိန်ဆောင်ရွက်ရန်၊ အများပြည်သူအကျိုးစီးပွားကို ဆောင်ရွက်ရန်စသည်တို့ကို ပြောကြားသည်။

**(မြန်မာ့အလင်း)**




## မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် မေ ၉**

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏(၂၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို မေ ၇ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် မင်းတုံးခန်းမ၌ကျင်းပရာ အသင်းအတွင်းရေးမှူး သစ္စာလှထွေးက အမှာစကားပြောကြားပြီး ငွေစာရင်းရှင်းတမ်းကိုတင်ပြရာ အသင်းမှအတည်ပြုသည်။

ထို့နောက် ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် အမှုဆောင်သစ်များရွေးချယ်ရာ ဥက္ကဋ္ဌ ဦးမင်းဇော်၊ ဒုဥက္ကဋ္ဌများအဖြစ် ဦးသူရိန်လှထွေးနှင့် ဦးဟန်ထွေးအောင်၊ အတွင်းရေးမှူး ဦးသစ္စာလှထွေး၊ တွဲဖက်အတွင်းရေးမှူးများအဖြစ် ဒေါ်ဆင့်ဆင့်အောင်၊ ဒေါ်လှလှငွေးနှင့် ဒေါ်ခင်မိုမိုမြင့်၊ ဘဏ္ဍာရေးမှူး ဦးငြိမ်းချမ်းနိုင်နှင့် ဒေါ်ရတနာထွန်း၊ စာရင်းစစ် ဦးခင်မောင်ဝင်းနှင့် ဦးဖြိုးဟိန်းကျော်တို့အား ရွေးချယ်ခဲ့ကြသည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်အသင်းဝင်များ တက်ရောက်ခဲ့ကြပြီး ၁၉၈၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်အသင်းမှာ ယခုအခါ အသင်းဝင် ၆၃ ဦးရှိကာ အသင်း၏ ရုံးခန်းမှာ အခန်း(၆၀၁-၆၀၂) ၇ လွှာ နံပါတ်(၁၇၃-၁၇၅)ပန်းဆိုးတန်း ရန်ကုန်မြို့ ဖုန်း ၀၉-၃၀၀၉၁၉၂၁ ဖြစ်ကြောင်း သိရသည်။

**ရွှေအင်းသား-ခင်မောင်ဝင်း**

## နည်းပညာနှင့် သက်မွေးသင်ကျောင်းသားများ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပညာတော်သင်ထွက်ခွာ

**နေပြည်တော် မေ ၉**

မြန်မာ-တရုတ် နှစ်နိုင်ငံကြား နည်းပညာနှင့်သက်မွေးပညာသင် ကျောင်းသားများစေလွှတ်ရေးအစီအစဉ်အရ မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန၊ တရုတ်နိုင်ငံ ကျင်းစုပြည်နယ် ပညာရေး ဌာန၊ မြန်မာ-တရုတ်ချစ်ကြည်ရေး(ဗဟို)နှင့် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း (ပေကျင်းမြို့)တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပညာရေးဝန်ကြီးဌာန(ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်နှင့်၊ အစိုးရနည်းပညာကောလိပ်၊ စက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်း) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန(မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် သမဝါယမတက္ကသိုလ်၊ ကောလိပ်) တို့မှ ပထမအသုတ် ကျောင်းသား၊ ကျောင်းသူ ၃၆ ဦးသည် မေ ၈ ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်ကျင်းမြို့သို့ ထွက်ခွာသွားကြသည်။

ပညာသင်ကျောင်းသား၊ ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနကိုယ်စား သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းခိုင်မိုးနှင့် နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာတက္ကသိုလ်၊ သိပ္ပံများမှ ပါမောက္ခချုပ်၊ ပါမောက္ခနှင့် ကျောင်းအုပ်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ယဉ်ကျေးမှုသံမှူးနှင့် သံရုံးအဖွဲ့ဝင်များ၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အလုပ်အမှုဆောင်များ၊ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း(ရန်ကုန်ရုံးခွဲ) တာဝန်ခံနှင့် ကျောင်းသား၊ ကျောင်းသူများ၏ မိဘအုပ်ထိန်းသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက် ကြသည်။

၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း တရုတ်နိုင်ငံ ကွေ့ရန်မြို့တွင်ကျင်းပခဲ့သည့် China-ASEAN TVET EXPO, 8th China-ASEAN Education Week ၌ မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းစုပြည်နယ် ပညာရေးဌာနတို့ လက်မှတ်ရေးထိုးခဲ့သည့် သဘောတူစာချုပ်အရ ကျန်းစုပြည်နယ်ရှိ NanJing Institute of Industry Technology၊ Yangzhou Polytechnic Institute၊ Changzhou Vocational Institute of Engineering နှင့် Jiangsu Agri-animal Husbandry Vocational College တို့တွင် နည်းပညာနှင့် သက်မွေးပညာရပ်များသင်ယူနိုင်ရေးအတွက် ပညာသင်ကျောင်းသား၊ ကျောင်းသူများအား စိစစ်ရွေးချယ်၍ စာမေးပွဲများ ဖြေဆိုအောင်မြင်သူများကို စေလွှတ်ခြင်းဖြစ်သည်။ ဒုတိယအသုတ် ကျောင်းသား၊ ကျောင်းသူ ၅၁ ဦးကိုလည်း မေ ၉ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပညာတော်သင် ဆက်လက်စေလွှတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရမ်းဗြဲမြို့၌ ရမ္မာဝတီရိုးရာ လှီ(လှေ) ပြိုင်ပွဲကျင်းပ

**ရမ်းဗြဲ မေ ၉**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရမ္မာဝတီရိုးရာ လှီ(လှေ) ပြိုင်ပွဲကို မေ ၈ ရက်မှ ၁၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

ဖွင့်ပွဲအခမ်းအနားကို မေ ၈ ရက် နံနက် ၁၁ နာရီကကျင်းပခဲ့ပြီး ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲကျင်းပရေးနာယက ဦးကျော်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်အား ပြောပြကြောင်း သိရသည်။

"လှီပြိုင်ပွဲ" ဆိုသည်မှာ ရခိုင်ပြည်နယ်တောင်ပိုင်းဒေသ၏ ဒေသိယစကားဖြစ်ပြီး "လှေပြိုင်ပွဲ" ဟု အဓိပ္ပာယ်ရသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်မူ "လောင်းပြိုင်ပွဲ" ဟု သုံးလေ့ရှိသည်။ ရှေးသမိုင်းများအဆိုအရ ရမ္မာဝတီရိုးရာ လှီ(လှေ) ပြိုင်ပွဲသည် မြောက်ဦးခေတ် မင်းဗာဘုရင်လက်ထက်တွင် ရမ်းဗြဲကျွန်းသူဖြစ်သည့် မိဖုရားစိုးမဲကျီအား မြောက်ဦးသို့ ဆောင်ကြဉ်းသည့်အခါ ကုန်းပွဲ ရေပွဲဖြင့် လာရောက်ခေါ်ဆောင်စဉ်ကတည်းက စတင်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် တောင်ပိုင်းတွင် အစည်ကားဆုံးပွဲတော်ဖြစ်ကြောင်း သိရသည်။

လှေပြိုင်ပွဲကို ရမ်းဗြဲမြို့တွင်းသို့ ဖြတ်သန်းစီးဆင်းနေသော တန့်ချောင်းတွင် ကျင်းပခြင်းဖြစ်ပြီး ချောင်းတစ်ဖက်တစ်ချက်စီတွင် မဏ္ဍပ်များထိုးကာ လှေပြိုင်ပွဲကျင်းပနေစဉ် သံချပ်များဖြင့် တပျော်တပါး သီဆိုကြလေ့ရှိကြောင်း သိရသည်။ လှေပြိုင်ပွဲသည် တခြားလှေပြိုင်ပွဲများနှင့်မတူဘဲ မိမိတို့၏ဒေသအတွင်းရှိ ရိုးရာအစဉ်အလာအတိုင်း ပန်းတိုင်တွင်တန်းထားသောချည်ကြိုးအား ပြိုင်ပွဲဝင်လှေဦးတွင် တပ်ဆင်ထားသော ဓားဖြင့်ပိုင်းဖြတ်စေပြီး အနိုင်အရှုံးသတ်မှတ်လေ့ကြောင်း သိရသည်။

ယခုနှစ် လှေပြိုင်ပွဲတွင် မြို့ပေါ်ကျေးရွာများမှ ပြိုင်ပွဲဝင်အသင်း ၁၅ သင်း စုစုပေါင်း ၁၅ စင်း ပြိုင်ပွဲဝင်ကြမည်ဖြစ်ပြီး ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုငွေကျပ် ရှစ်သိန်း၊ တတိယဆု ငွေကျပ်ခြောက်သိန်းတို့အား ချီးမြှင့်ပေးသွားမည်ဖြစ် ကြောင်း၊ ယင်းအပြင် သံချပ်ပြိုင်ပွဲဆု၊ မဏ္ဍပ်အလှပြိုင်ပွဲဆုများကိုလည်း ပေးအပ်ချီးမြှင့်သွားမည့်အပြင် ရခိုင်ရိုးရာကျင်ကိုင်ပွဲကိုပါ ထည့်သွင်းကျင်းပလျက်ရှိကြောင်း၊ ဆုပေးပွဲအခမ်းအနားကို မေ ၁၁ တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက ပြောသည်။

**မြတ်ဝေ၊ (ဓာတ်ပုံ- အောင်ကျော်ဦး)**

## လူထုဗဟိုပြုစီမံကိန်း လူထုစည်းရုံးရေးမှူးများ သင်တန်းဖွင့်

**ဘီးလင်း မေ ၉** ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြို့နယ်လူထုဗဟိုပြုစီမံကိန်းမှ လူထုစည်းရုံးရေးမှူးများအတွက် သင်တန်းအပိုင်း(၂)ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ အဆိုပါသင်တန်းကို ဦးစီးဌာန နေပြည်တော် (ရုံးချုပ်)မှ သင်တန်းဆရာ ဆရာမများက မေ ၂ ရက်မှစပြီး ရက်သတ္တတစ်ပတ်ကြာ ပို့ချပေးခဲ့ပြီး သင်တန်းသား သင်တန်းသူ ၅၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အာရှဒေသရှိ အစ္စရေးနိုင်ငံ၏ အရင်းနှီးဆုံး မဟာမိတ် သို့မဟုတ် မြန်မာနိုင်ငံ

**ကျော်ထိုက်စိုး**

“အစ္စရေး”ဟူသော နိုင်ငံအမည်ကြားလိုက်သည်နှင့် စိုက်ပျိုးရေးနှင့်ရေနည်းပညာနယ်ပယ်တွင် ထိပ်တန်းမှဦးဆောင်နေသော နိုင်ငံတစ်နိုင်ငံအဖြစ် ပြေး၍မြင်ကြပေလိမ့်မည်။ အကျယ်အဝန်း စတုရန်းကီလိုမီတာ ၂၀၇၇၀ (၈၀၁၉ စတုရန်းမိုင်)ရှိသော မြေထဲပင်လယ်ကမ်းခြေ၏ အရှေ့တောင်ဘက်ရှိ အစ္စရေးနိုင်ငံလေးမှာ လူဦးရေ ရှစ်သန်းခွဲခန့်ရှိပြီး အရှေ့အလယ်ပိုင်းဒေသ၌ တည်ရှိသည်။

မြန်မာနိုင်ငံသည် အစ္စရေးနိုင်ငံအား လွတ်လပ်သောနိုင်ငံတစ်ခုအဖြစ် အသိအမှတ်ပြုသည့် ပထမဆုံးသော အရှေ့တောင်အာရှနိုင်ငံဖြစ်သလို သံတမန်ဆက်ဆံရေး အစောဆုံး ထူထောင်ခဲ့သည့် တိုင်းပြည်များအနက် တစ်နိုင်ငံလည်းဖြစ်သည်။ ၁၉၅၃ ခုနှစ်တွင် စတင်ထူထောင်ခဲ့သော မြန်မာနှင့်အစ္စရေးနှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးမှာ ယခုအခါ ၆၃ နှစ်သို့ ရောက်ရှိပြီဖြစ်သည်။ ဝန်ကြီးချုပ်ဟောင်း ဦးနုသည် ၁၉၅၅ ခုနှစ်တွင် လွတ်လပ်ပြီးစ အစ္စရေးနိုင်ငံသို့ သွားရောက်လည်ပတ်သည့် ပထမဆုံးသော ပြည်ပ ဝန်ကြီးချုပ်တစ်ဦးဖြစ်သလို အစ္စရေးနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ် ဒေးဗစ်ဘင်ဂူရီယွန်သည် အစ္စရေးဝန်ကြီးချုပ်တစ်ဦး၏ အရှည်လျားဆုံးသော ပြည်ပခရီးစဉ်များအနက် တစ်ခုအဖြစ် မြန်မာနိုင်ငံသို့ ရက်သတ္တပတ်နှစ်ပတ်ကြာ လာရောက်လည်ပတ်ခဲ့သည်။ မြန်မာနိုင်ငံသည် အာရှဒေသရှိ အစ္စရေးနိုင်ငံ၏ အရင်းနှီးဆုံး မဟာမိတ်နိုင်ငံတစ်နိုင်ငံဖြစ်သလို သမိုင်းတစ်လျှောက် နှစ်နိုင်ငံကြားဆက်ဆံရေးမှာ အထူးကောင်းမွန်ခဲ့သည်။



မြန်မာနှင့်အစ္စရေးနိုင်ငံတို့သည် စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် ပညာရေးအပါအဝင် နယ်ပယ်ကဏ္ဍအစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့သလို အစ္စရေးအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (MASHAV) နှင့် အခြားအဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် အခြားနယ်ပယ်များ၌ အကူအညီများ ပေးလျက်ရှိသည်။ မြန်မာ့သမိုင်းတွင် အဆိုးရွားဆုံးသော သဘာဝဘေးအန္တရာယ်တစ်ခုအဖြစ် မှတ်တမ်းတင်ထားသည့် လူပေါင်း ၁၄၀၀၀၀ နီးပါးသေဆုံးခဲ့သော ၂၀၀၈ ခုနှစ် မေလအစောပိုင်းက တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းဖြစ်ပွားပြီးနောက် အစ္စရေးပြည်သူများနှင့် အစ္စရေးအစိုးရတို့က မြန်မာနိုင်ငံသို့ အကူအညီများစွာပေးခဲ့ပြီး ပြန်လည်တည်ဆောက်ရေးစီမံကိန်းများတွင် ပါဝင်ကူညီခဲ့ကြသည်။

MASHAV ၏ ကူညီပံ့ပိုးမှုများအရ မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနအသီးသီးမှ အစိုးရတာဝန်ရှိသူများနှင့် ကျွမ်းကျင်သူများမှာ အစ္စရေးနိုင်ငံသို့ လေ့လာရေးခရီးစဉ်များ သွားရောက်ခဲ့ကြသလို လေ့ကျင့်ရေးသင်တန်းများလည်း တက်ရောက်ခဲ့ကြသည်။ ၂၀၁၅ ခုနှစ်အတွင်း နှစ်နိုင်ငံကြား ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁ သန်းကျော်ရှိခဲ့ပြီး မြန်မာနိုင်ငံသို့တင်ပို့သော အစ္စရေးနိုင်ငံ၏ ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉ သန်းဝန်းကျင်ရှိကာ အစ္စရေးနိုင်ငံသို့တင်ပို့သော မြန်မာနိုင်ငံ၏ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ နှစ်သန်းကျော်ရှိကြောင်း အစ္စရေးသံအမတ်ကြီး ဒန်နီရယ်လ်ဇွန်ရှိုင်း(ဝဲပုံ)၏ ပြောကြားချက်အရ သိရသည်။ လူတစ်ဦးချင်း တစ်နှစ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၃၀၀၀ ကျော်ရှိ အစ္စရေးနိုင်ငံမှာ ကမ္ဘာ့ပေါ်၌ ထိပ်တန်းစိုက်ပျိုးရေးနှင့် ရေနည်းပညာပိုင်ဆိုင်သော နိုင်ငံလည်းဖြစ်သည်။

လက်ရှိအချိန်တွင် အစ္စရေးနိုင်ငံ၌ မြန်မာပညာတော်သင် ၃၀၀ နီးပါး ပညာသင်ကြားလျက်ရှိပြီး ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း မြန်မာအစိုးရတာဝန်ရှိသူ ၂၀၀၀ ခန့် အစ္စရေးနိုင်ငံတွင် စိုက်ပျိုးရေးနှင့်ရေနည်းပညာများ လေ့လာဆည်းပူးခဲ့သည်။ လက်ရှိအစိုးရသစ်လက်ထက်တွင်လည်း အစ္စရေးနိုင်ငံမှ အိုင်တီ၊ စိုက်ပျိုးရေးနှင့် ဆက်သွယ်ရေးကုမ္ပဏီများက မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် နည်းလမ်းများရှာဖွေနေသလို နှစ်နိုင်ငံကြား စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမှာ မဝေးတော့သော အနာဂတ်ကာလအတွင်း တစ်ရှိန်ထိုးတိုးတက်လာမည်ဖြစ်သည်။

အစ္စရေးလူမျိုးတို့၏ ယဉ်ကျေးမှုအကြောင်း မြန်မာပြည်သူများကြား ပိုမိုမြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် (၆၈)နှစ်မြောက် အစ္စရေးနိုင်ငံ လွတ်လပ်ရေးနေ့အခမ်းအနားကို မေ ၃ ရက် ညနေပိုင်းက နေပြည်တော်ရှိ Royal Ace ဟိုတယ်၌ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားသို့ တက်ရောက်လာသူများအား အစ္စရေးလူမျိုးတို့၏ ကျေးလက်ရိုးရာအကဖြစ်သည့် အစ္စရေးရိုးရာကပွဲ Israeli Folk Dance Show ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။ အခမ်းအနား၌ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး ဒန်နီရယ်လ်ဇွန်ရှိုင်းက နက်ရှိုင်းသော သမိုင်းကြောင်းရှိခဲ့သည့် နှစ်နိုင်ငံကြား ဆက်ဆံရေးမှာ အကောင်းဆုံးအခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ အစိုးရသစ်လက်ထက်တွင် အစ္စရေးစီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်၍ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရန် အကူအညီပေးသွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး အဓွန့်ရှည် တည်တံ့ပါစေကြောင်း ပြောကြားခဲ့ပါသည်။

နှစ် ၆၀ ကျော်ပြီဖြစ်သော အစ္စရေး-မြန်မာ နှစ်နိုင်ငံကြား ဆက်ဆံရေးမှာ အထူးပင်ကောင်းမွန်ခဲ့ပြီး အနာဂတ်ကာလတွင်လည်း ဆက်လက်ကောင်းမွန်နေမည်ဟု ယုံကြည်ပါသည်။ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အစ္စရေးနိုင်ငံက အကူအညီများစွာပေးခဲ့သလို မြန်မာနိုင်ငံ၏ မွေးမြူရေး၊ ရေအရင်းအမြစ်၊ ခရီးသွားလုပ်ငန်း အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အစ္စရေးကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံမည်ဟု မျှော်လင့်မိပါသည်။ ။

# မန္တလေးမြို့ မင်္ဂလာဈေးနှင့်ပတ်သက်၍ ဈေးသူဈေးသားများဆန္ဒအတိုင်း ဆောင်ရွက်ပေးမည်




**မန္တလေး မေ ၉**

မန္တလေးမြို့၌ မတ် ၂၂ ရက်က မီးဘေးသင့်ခဲ့သည့် မင်္ဂလာဈေးအား အကြီးစားပြုပြင်ခြင်းနှင့် အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို ဈေးသူဈေးသားများ ဆန္ဒအရ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မေ ၉ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်သည့် မင်္ဂလာဈေး စစ်ဆေးတွေ့ရှိချက်များကို ဈေးသူ ဈေးသားများအား ရှင်းလင်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဈေးကြီးကို စစ်ဆေးရေးအဖွဲ့ဖွဲ့စည်းပြီး အင်ဂျင်နီယာနည်းပညာများအရ စစ်ဆေးမှုအဖြေမှာ ကြံ့ခိုင်မှုအားနည်းနေသည့်အတွက် အကြီးစားပြုပြင်မှုနှင့် အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများအား ဈေးသူဈေးသားများဆန္ဒကို စောင့်ဆိုင်း၍ပြုလုပ်ပေးမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

“ပညာရှင်တွေရဲ့ စစ်ဆေးချက်အဖြေကို ဈေးသူဈေးသားတွေကို အသိပေးရှင်းလင်းတာ ဖြစ်ပါတယ်။ ဈေးသူဈေးသားတွေရဲ့ ဆန္ဒအတိုင်း လုပ်ဆောင်ပေးသွားမှာပါ။ ဒါကြောင့် ပြန်လည်တိုင်ပင်ကြပါ။ အကြံပြုစာလည်း ပို့လို့ရပါတယ်။ စည်ပင်သာယာရုံးမှာ မင်္ဂလာဈေးအကြံပြုစာ စာတိုက်ပုံး လုပ်ထားမယ်”ဟု ၎င်းက ပြောသည်။ တက်ရောက်လာကြသည့် ဈေးသူ ဈေးသားအများစုက အသစ်တည်ဆောက်ခြင်းထက် အကြီးစားပြုပြင်ရန် လိုလားကြောင်း ဆန္ဒပြုခဲ့ကြပြီး တိုက်ခန်းပိုင်ရှင်များအနေဖြင့် မူလအခန်းဧရိယာအတိုင်း ပြန်လည်ရရှိလိုကြောင်း တင်ပြခဲ့ကြသည်။ “ဆိုင်ခန်းတွေကို ပိုက်ဆံပေးပြီး ဝယ်ခဲ့ရတာ။ မီးလောင်ပြီးမှ ငလျင်ဒဏ်ကာကွယ်မှုတွေမပါဘူးလို့ ပြောတယ်။ အဲဒီတုန်းက တာဝန်ရှိသူတွေ မစစ်ကြဘူးလား။ အသစ်ဆောက်ရင် ပိုက်ဆံထပ်ပေးရဦးမယ်။ အသစ်ဆောက်လို့ နောက်ပိုင်းမှာ တစ်ခုခုဖြစ်ရင် တရားစွဲခွင့်လိုချင်တယ်”ဟု တက်ရောက်လာသူဈေးသည်တစ်ဦးက ပြောသည်။

မီးဘေးသင့် အဆောက်အအုံကို စစ်ဆေးရေးအဖွဲ့က စစ်ဆေးပြီးနောက် ယမန်နေ့က အဖြေထွက်ရှိရာတွင် ကွန်ကရစ်တိုင်၊ ရက်မ၊ ကြမ်းခင်း စသည်တို့တွင် မီးဒဏ်ကြောင့် ခိုင်ခံ့မှုအားနည်းနေပြီဖြစ်သည့်အပြင် ငလျင်ဒဏ်ခံနိုင်မှုနှင့်ပတ်သက်၍ တည်ဆောက်စဉ်က ထည့်သွင်းတွက်ချက်မှု အားနည်းကြောင်း ပါရှိကြောင်း သိရသည်။

“အကြီးစားပြင်ဆင်တာနဲ့ အသစ်တည်ဆောက်တာက အချိန်ရော ကုန်ကျစရိတ်ပါ မကွာလောက်ဘူး။ ကြမ်းခင်းတွေဆို ရှစ်ပေအထိ နိမ့်ကျသွားတယ်။ မြေအောက်ထပ်နဲ့ ပထမထပ်မှာ ကြံ့ခိုင်မှုအားနည်းနေပြီး မီးမလောင်တဲ့ နေရာတွေမှာတောင် ကြံ့ခိုင်မှုမရှိတော့ဘူး”ဟု မြို့တော်စည်ပင်သာယာရေး ကော်မတီဝင် ဦးခင်မောင်တင့်က ရှင်းလင်းပြောကြားသည်။

မြို့တော်ဝန် ဒေါက်တာရဲလွင်ကလည်း အကြီးစားပြုပြင်သည်ဖြစ်စေ၊ ပြန်လည်တည်ဆောက်သည် ဖြစ်စေ ဆိုင်ခန်းရှင်များအား မူလနေရာ ပြန်ရမည်ဟု ကတိပြုခဲ့ပြီး ယာယီဈေးနေရာအဖြစ် ၃၅ လမ်း၊ ၇၁ လမ်းရှိမဟာနွယ်စဉ်အားကစားကွင်း(ဂေါ်ရာ)၌ ဆိုင်ခန်းများ ဆောက်လုပ်နေရာချထားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ရှင်းလင်းပွဲသို့ တက်ရောက်လာသူ ၆၀၀ ကျော်ရှိပြီး အတည်တကျဆိုင်ခန်းရှင် ၃၅၀ ကျော်၊ ပျံကျဆိုင်ခန်းရှင် ၂၅၀ ကျော်နှင့် လူနေတိုက်ခန်းနေထိုင်သူ ၃၀ ကျော် တက်ရောက်ခဲ့ကြသည်။


**အောင်ရဲသွင်**

◆ *ကျောဖုံးမှ*

လမ်းကြောင်းအတိုင်း မသွားဘဲ အောက်ဘက်ကသွားမယ်ဆိုရင် အရေးယူမှုတွေ ပြုလုပ်လျက်ရှိပါတယ်။ သတ်မှတ်လမ်းကြောင်းအတိုင်း မသွားတဲ့အတွက် ယာဉ်ထိန်းတရားရုံးမှာ တရားသူကြီးက ယာဉ်မောင်းကို ဒဏ်ငွေရိုက်မယ်၊ လိုင်စင်ခြောက်လပိတ်မယ်။ ဒါတွေကို အရေးယူဆောင်ရွက်နိုင်ပါတယ်”ဟု မြေနီကုန်းခုံးကျော်တံတားတွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆောင်ရွက်နေသော ယာဉ်ထိန်းတပ်ကြပ်ကြီး ဦးတင်ချစ်က ရှင်းပြသည်။

ရန်ကုန်မြို့၌ လှည်းတန်းခုံးကျော်တံတား၊ ကုက္ကိုင်းခုံးကျော်တံတား၊ ရွှေဂုံတိုင်ခုံးကျော်တံတား၊ သမိုင်းခုံးကျော်တံတား၊ မြေနီကုန်းခုံးကျော်တံတားနှင့် နောက်ဆုံးဖွင့်လှစ်လိုက်သည့် တာမွေခုံးကျော်တံတားတို့ဖြစ်သည်။

ရန်ကုန်မြို့၌ ယာဉ်ကြောကျပ်တည်းမှု ဖြေရှင်းနိုင်မည့် အစိတ်အပိုင်းတစ်ရပ်အဖြစ် ကားလမ်းကူးခုံးကျော်တံတားများအပြင် လူကူးခုံးကျော်တံတားများကိုပါ တည်ဆောက်ပေးခဲ့သည်။ သို့သော်လည်း အချို့ဘတ်စ်ကားများမှာ ခုံးကျော်တံတားပေါ်မှမသွားဘဲ ခရီးသည်ရလိုမှုကို အကြောင်းပြုပြီး အခြားလမ်းကြောင်းများကို အသုံးပြုသွားလာမှုများ ရှိနေကြောင်း သိရသည်။



## တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် မေ ၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မြန်မာ့အလင်း)

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ၂၀၁၂ ခုနှစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် လတ်တလောပြင်ဆင်ရေးဆွဲရန်မရှိ

**နေပြည်တော် မေ ၉**

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အများဆန္ဒဖြင့် ဒီမိုကရေစီနည်းလမ်းတကျ ခန့်အပ်တာဝန်ပေးပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့်၏ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို တိတိကျကျဆောင်ရွက်နိုင်မည့်ဥပဒေ၊ နည်းဥပဒေများဖြစ်ပေါ်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနသည် အခြားဆက်စပ်ဌာနများ၊ ဥပဒေပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၏ အကြံပြုချက်များ၊ နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့၏ အကြံပြုချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးချယ်ဖွဲ့စည်းထားသည့် လွှတ်တော်နှစ်ရပ်၏ အတည်ပြုချက်တို့ကိုရယူပြီး ရေးဆွဲပြဋ္ဌာန်းခဲ့သည့်အပြင် ၎င်းဥပဒေ၊ နည်းဥပဒေများ၏ အားနည်းချက်များကို အဆင့်ဆင့်ပြင်ဆင်ဆောင်ရွက်ထားခြင်းကြောင့် ၂၀၁၂ ခုနှစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် လတ်တလောပြင်ဆင်ရေးဆွဲရန် အစီအစဉ်မရှိပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ယနေ့အစည်းအဝေးတွင် စလင်းမဲဆန္ဒနယ်မှ ဦးကံဦး၏ တရားဥပဒေစိုးမိုးရေးအားကောင်းလာစေရန်အတွက် ၂၀၁၂ ခုနှစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ပြည်သူ့ဆန္ဒနှင့်အညီ ပြန်လည်ရေးဆွဲရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားခဲ့သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ **(အပေါ်ယာပုံ)** ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ယခုကဲ့သို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။



ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာဦးခင်မောင်မောင်၏ အခြေခံကျသော မူးယစ်ဆေးဝါးထုတ်လုပ်သူနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာ စက်ရုံ၊ အလုပ်ရုံတို့ကို အဘယ်ကြောင့် ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းမရှိပါသနည်း၊ ထိုစက်ရုံ၊ အလုပ်ရုံများသည် လက်နက်ကိုင်အဖွဲ့များ စိုးမိုးထားသောနယ်မြေများ၌ ရှိနေပါသည်ဟုဆိုလျှင် အမြစ်ပြတ်ချေမှုန်းနိုင်ရန် စီစဉ်ထားခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ မူးယစ်ဆေးဝါးပြဿနာသည် ဘိန်းစိုက်ပျိုးမှု ပြဿနာတစ်ခုတည်း မဟုတ်ဘဲ ၁၉၉၆ ခုနှစ်မှစတင်၍ စိတ်ကြွရူးသွပ်ဆေးပြားနှင့် အခြားစိတ်ပြောင်းဆေးအသစ်များပြဿနာသည် ထပ်မံကြီးထွားလာသည့်အပြင် ၁၅ နှစ် စီမံကိန်းစတင်သည့်အချိန်မှ ၂၀၀၆ ခုနှစ်အထိ သိသိသာသာကျဆင်းခဲ့သော်လည်း ၂၀၀၇ ခုနှစ်မှစတင်၍ ပြန်လည်မြင့်တက်လာခြင်းကြောင့် မူးယစ်ဆေးဝါး ပပျောက်ရေး ၅ နှစ် စီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၈ -၂၀၁၉ ခုနှစ်အထိ ထပ်မံရေးဆွဲဆောင်ရွက်လျက် ရှိပါကြောင်း။

၅ နှစ်စီမံကိန်းတွင် မူးယစ်ဆေးဝါး ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထုနှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး စသည့် ကဏ္ဍပေါင်းစုံ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေး ၅ နှစ်စီမံကိန်းကာလအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှုကို အဓိကလျှော့ချနိုင်ရေးအတွက် ရှမ်းပြည်နယ်တွင် မြို့နယ် ၄၀၊ ကချင်ပြည်နယ်တွင် ခြောက်မြို့နယ်၊ ကယားပြည်နယ်တွင် သုံးမြို့နယ်နှင့် ချင်းပြည်နယ်တွင် နှစ်မြို့နယ် စုစုပေါင်း ၅၁ မြို့နယ်ကို ဦးစားပေးမြို့နယ်များအဖြစ် သတ်မှတ်၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးတွင် ဒေသတည်ငြိမ်အေးချမ်းမှု၊ နိုင်ငံတော်အစိုးရ၏ ဥပဒေယန္တရား စနစ်တကျလည်ပတ်နိုင်မှုနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နိုင်မှုသည် အဓိကအခန်းကဏ္ဍဖြစ်ပြီး ဒေသခံပြည်သူများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အထူးအရေးကြီး လိုအပ်လျက်ရှိပါကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းမှု မရှိသောသွားလာမှုခက်ခဲသည့် အချို့သောနယ်စပ်ဒေသများတွင် တရားမဝင်နယ်စပ်ဝင်/ထွက်ပေါက်မှ တစ်ဆင့် မူးယစ်ဆေးဝါးချက်လုပ်ရာ၌ အဓိကလိုအပ်သော ဓာတုဗေဒပစ္စည်းများ အလွယ်တကူ ဝင်ရောက်လျက်ရှိပါကြောင်း၊ ၎င်းတို့ကိုအသုံးပြု၍ ထွက်ရှိလာသော မူးယစ်ဆေးဝါးများသည် ဓာတုဗေဒပစ္စည်းများ ဝင်ရောက်လာမှုလမ်းကြောင်းများအတိုင်း အများစုပြန်လည်သယ်ဆောင်လျက် ရှိသည့်အတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့များအနေဖြင့် ထိရောက်စွာဖော်ထုတ်တားဆီး ထိန်းချုပ်နိုင်ရန် စိန်ခေါ်မှုများအဖြစ် ရင်ဆိုင်နေရဆဲဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(NCA)တွင် လက်မှတ်ရေးထိုးပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်၍ ထာဝရငြိမ်းချမ်းရေး ရရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ NCA လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဒေသများ၌ နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးနိုင်ပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်လာနိုင်သည်နှင့်အမျှ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသာမက တစ်နိုင်ငံလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် မူးယစ်ဆေးဝါးအန္တရာယ် အမြစ်ပြတ်ချေမှုန်းရေးကိုပါ အမျိုးသားရေးအသွင်ဖြင့် ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ညောင်လေးပင် မဲဆန္ဒနယ်မှ ဒေါက်တာဦးမြင့်သိန်း၏ **မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် စီမံဆောင်ရွက်ထားမှုအခြေအနေများနှင့် ပတ်သက်ပြီး စနစ်ကျ၍ ထိရောက်မှုရှိသော အစီအမံများထားရှိမှု ရှိ၊ မရှိ၊ ရှိပါလျှင် ယင်းအစီအမံများကို မည်သို့အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မီးဘေးလုံခြုံရေးအတွက် ပြည်သူလူထုအသိပညာပေးခြင်းလုပ်ငန်း၊ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ ရေလုံလောက်စွာရရှိရေးစီမံမှု၊ သတင်းနှင့် နည်းပညာစီမံဆောင်ရွက်ထားရှိမှုတို့ကို စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လူနေအဆောက်အအုံများ တိုးတက်များပြားလာခြင်း၊ စီမံကိန်း၊ မြို့ကွက်များ အသစ်တိုးချဲ့လာခြင်းကြောင့် လူနေအဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ လူ့အသုံးအဆောင်ပစ္စည်းများပြားလာခြင်း၊ အိုးအိမ်အဆောက်အအုံများ နီးကပ်စွာတည်ဆောက်ခြင်း၊ မီးလောင်ပေါက်ကွဲစေသည့်ပစ္စည်းများ သိုလှောင်ရောင်းချခြင်း၊ လမ်းများကျဉ်းမြောင်းသဖြင့် မီးသတ်ယာဉ်များ ဝင်၊ ထွက်သွားလာရန်ခက်ခဲခြင်း၊ လမ်းကြားမြေ (မီးတားလမ်းကွက်)များအပေါ် လူနေအဆောက်အအုံများ တည်ဆောက်လာခြင်း၊ မီးငြိမ်းသတ်ရန် ရေရရှိမှုအစီအမံများ အားနည်းခြင်းများကြောင့် မီးလောင်မှုဖြစ်ပွားပါက ဆုံးရှုံးမှုများရခြင်းဖြစ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးလောင်မှုအများဆုံး ဖြစ်ပွားခဲ့သည့်အကြောင်းအရင်းများကို မျက်ခြည်မပြတ်ဆန်းစစ်၍ ပြည်သူလူထုအသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ မြို့ပြကျေးလက်ဒေသ မီးဘေးလုံခြုံရေးလုပ်ငန်းများ အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ခြင်း လုပ်ငန်းများအပြင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဥပဒေကြမ်းကော်မတီမှ တင်သွင်းသော **နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက မေ ၅ ရက် နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းသည့် ကိုယ်စားလှယ်တစ်ဦးမျှ မရှိပါကြောင်း၊ ထို့ကြောင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်ပြချက်အတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ ကန့်ကွက်သူမရှိသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို မေ ၁၁ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# နေ၊လေ၊ရေတို့ကို အသုံးပြု၍ သဘာဝစွမ်းအင်ထုတ်လုပ်နိုင်ရေးဆွေးနွေး

**နေပြည်တော် မေ ၉**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝအရင်းအမြစ်များဖြစ်သည့် နေ၊ လေ၊ ရေတို့ကိုအသုံးချ၍ သဘာဝစွမ်းအင်များထုတ်လုပ်နိုင်ရေး၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွင် ကြုံတွေ့လာရမည့်ကိစ္စများ၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာကိစ္စများ၊ ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာကိစ္စများနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးကိစ္စရပ်များနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇုန်လှယ်ထန်းသည် Mr. Jean-Marc BRULE,Chairman ,(Green Lotus Foundation)MP of Paris Region from Green Party နှင့် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီဆောင် အမှတ်(၂၀)ဧည့်ခန်းမ၌ တွေ့ဆုံစည်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံရုံးဝန်ကြီးဌာန တိုးချဲ့ဖွဲ့စည်းရေးနှင့် မြန်မာ - ရုရှားစစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူလက်မှတ်ရေးထိုးရန်ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးမည်

**နေပြည်တော် မေ ၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို မေ ၁၀ ရက် **(ယနေ့)**နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော်၏ အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်တစ်ဦးက လွှတ်တော်သို့ ရှင်းလင်းတင်ပြပြီး အဆုံးအဖြတ်ရယူမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော မြန်မာ-ရုရှား စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အား လက်မှတ်ရေးထိုးရန်ကိစ္စနှင့် စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော်သမ္မတထံမှပေးပို့သော အပြည်ပြည်ဆိုင်ရာအကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းများနှင့် မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဘင်္ဂလားပင်လယ်အော်ဒေသဆိုင်ရာ...

ဘင်းမ်စတက်ကွန်ဗင်းရှင်း(BIMSTEC Convention)သို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန် ကိစ္စနှင့် စပ်လျဉ်း၍လည်းကောင်း ပြည်ထောင်စု အဖွဲ့ အစည်းဝင်က လွှတ်တော်သို့ ရှင်းလင်းတင်ပြ ဆွေးနွေးမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယက က ပြည်ထောင်စု လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင် ပြင်ဆင်ဖွဲ့စည်းခြင်းကို တင်ပြခြင်းနှင့် လွှတ်တော်၏ သဘောတူညီချက် ရယူခြင်းတို့ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မေ ၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ အမြင့်ဆုံးအပူချိန်အနေဖြင့် ယင်းမြို့များတွင် ၄၂ ဒီဂရီစင်တီဂရိတ် ရှိကြောင်း ခန့်မှန်းဖော်ပြထားသည်။

**(မြန်မာ့အလင်း)**

## လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် မေ ၉**

ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည် (အလုံမဲဆန္ဒနယ်)၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်မှ ပြည်သူများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၃၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ပညာရေးကွန်ရက်၊ ပညာပါရမီပျိုးခင်း၊ ပညာဒါန ကျောင်းမှ တာဝန်ခံ ဦးသိန်းဝင်း ခေါင်းဆောင်သည့် အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၃၁ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးမြင့်သိန်း (ဝက်လက်မဲဆန္ဒနယ်)၏ မိတ်ဆွေ ၁၉ ဦး ၊ ဦးအောင်စိုးမင်း(ရွှေငံမဲဆန္ဒနယ်)၏ မိတ်ဆွေ သုံးဦး၊ ဦးမြင့်ဝေ(ဂွမဲဆန္ဒနယ်)၏ မိသားစုဝင် လေးဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တောင်သူသင်တန်းကျောင်း Green Peasant Institute မှ တောင်သူလယ်သမား ၄၈ ဦးနှင့် The SUN Institute လွှတ်တော်ကိုယ်စားလှယ်(ရုံး) အထောက်အကူပြု ကျွမ်းကျင်သင်တန်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သောလူ့အဖွဲ့အစည်းဖော်ဆောင်ရေးသင်တန်းမှ အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၉၉ ဦး စုစုပေါင်း ၃၃၈ ဦး တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုသည်။

**(သတင်းစဉ်)**

# ဆင်တဲဝချောင်းမှ သဲထုတ်ယူနေခြင်းကို ဒေသခံများမလိုလား၍ ကန့်ကွက်မှုများဖြစ်နေ

**တောင်သာ မေ ၉**
မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ထန်းပင်ကန်-ကျောက်မြေရွာအနီး ဆင်တဲဝချောင်းအတွင်းမှ သဲများကို စက်ယန္တရားများဖြင့် ထုတ်ယူနေခြင်းကြောင့် **(ယာပုံ)** ဒေသခံများက မေ ၈ ရက် နံနက်ပိုင်းက တားမြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါချောင်းမှ သဲများကို လွန်ခဲ့သောနှစ်နှစ်ခန့်မှစ၍ တည်ဆောက်ရေးလုပ်ငန်းများအတွက် ထုတ်ယူခဲ့ကြပြီး ယခုအခါ ချောက်(ချိုင့်ဝှမ်း)များဖြစ်ပေါ်လာ၍ ကြက်သွန်စိုက်ပျိုးချိန်၌ လုပ်ကွက်များ ပျက်စီးနေမှုကြောင့် ကန့်ကွက်ရခြင်းဖြစ်ကြောင်း သိရသည်။

"မြင်းခြံသံမဏိစက်ရုံက ကုမ္ပဏီတွေနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေက သယ်ယူနေပါတယ်။ ကျောက်မြေရွာပိုင်းမှာ အိမ်ထောင်စု ၂၃၀ ရှိတယ်။ ချောက်(ချိုင့်ဝှမ်း)မြေတွေ ဖြစ်ကုန်တော့ အိမ်ထောင်စု ၁၀၀ လောက်က စံကွက်တွေ မရနိုင်တော့ဘူး"ဟုဒေသခံ တစ်ဦးက ပြောသည်။

ထိုသို့ ထုတ်ယူနေကြသည့် ကုမ္ပဏီများသည် ၂၀၁၄-၂၀၁၅ ခုနှစ်က ထုတ်ယူခွင့်လိုင်စင်လျှောက်ထားခဲ့ပြီး မြေစာရင်း၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်



ရွက်ကာ တစ်ကျင်းလျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းခဲ့ရကြောင်း၊ ၂၀၁၅-၂၀၁၆ခုနှစ်တွင်လည်း တိုင်းဒေသကြီးအစိုးရအထိ ဌာနဆိုင်ရာအဆင့်ဆင့်၏ စိစစ်မှုများနှင့်အတူကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှု၏ သဘောတူညီမှုဖြင့် လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ်၌ တစ်ကျင်းလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၁၅ သိန်းပေးသွင်းထားပြီးဖြစ်ရာ သဲထုတ်ယူရာ၌ ဘဏ္ဍာရေးနှစ်ဖြင့် မဟုတ်ဘဲ ဇွန် ၃၀ ရက်အထိ သတ်မှတ်ထား၍ နှစ်ဖက်မနစ်နာစေရန် ညှိနှိုင်းသွားမည်ဖြစ်ကြောင်း၊ ခွင့်ပြုထားသည့် ၁ ဒသမ ၅၂ ဧကအား မြေစာရင်း၏ သတ်မှတ်ပေးမှုအရ ဆောင်ရွက်မည်သာဖြစ်ပြီး ဖြစ်ပေါ်လာမည့် ချောက်(ချိုင့်ဝှမ်း)များနှင့် ကန္တာရအပင်များအား စိုက်ပျိုးနိုင်ရန် ပြုပြင်ပေးသွားမည်ဖြစ်ကြောင်း ကုမ္ပဏီတာဝန်ခံ ဦးဌေးအောင်က ပြောသည်။

ယခုနှစ်အတွက် ထုတ်ယူခွင့်လိုင်စင် ချပေးခဲ့ခြင်းကို ကျေးရွာဒေသခံများ မသိရှိကြဘဲ အချို့မှာ ထုတ်ယူခွင့်သက်တမ်းကုန်ဆုံးနေ၍ ဒေသခံများ၏ ကန့်ကွက်နေမှုအပေါ် သက်ဆိုင်ရာသို့ တင်ပြလျက် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**



**တောင်ငူခရိုင် ထန်းတပင်မြို့နယ်ရှိ ကျေးရွာများသို့ ဗိုလ်မှူးကြီးမြတ်ခိုင် ဦးဆောင်သော တပ်မတော်နယ်လှည့်အထူးကုဆေးကုသမှုအဖွဲ့သည် ရွှေ့လျားခွဲစိတ်ကုသယာဉ်၊ ရွှေ့လျားဓာတ်မှန်ရိုက်ယာဉ်တို့နှင့်အတူ မေ ၉ ရက်က သွားရောက်ပြီး မြို့နယ်အတွင်းရှိ ဇရပ်ကြီးကျေးရွာ၊ ဘုမ္မတီးကျေးရွာ၊ လှည်းလမ်းကူးကျေးရွာနှင့် ညောင်ပင်သာကျေးရွာများတွင် အဖွဲ့လေးဖွဲ့ခွဲ၍ ကျေးရွာပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်**
မောင်ရွှေဝင်း(ပြည်)

❖ *ကျောဖုံးမှ*

အပြည့်အဝမရရှိခြင်း၊ အရည်အသွေးနိမ့်သည့် ရေစုပ်စက်နှင့် လျှပ်စစ်ပစ္စည်းများကို သုံးစွဲရခြင်း၊ လျှပ်စစ်ရေတင်ခနှုန်းထားများကို တောင်သူများမှပေးချေလိုမှုမရှိခြင်းများ ရှိနေသည်ဟု ဆည်မြောင်းနှင့် ရေအသုံးချ စီမံခန့်ခွဲရေးဦးစီးဌာန၏ ထုတ်ပြန်ချက်များမှ သိရသည်။

ထို့အပြင် လက်ရှိမြစ်ရေတင်စီမံကိန်းများ၏ ရေပေးမြောင်းများသည် မြေသားမြောင်းများ ဖြစ်ခြင်းကြောင့် ရေလေလွင့်ဆုံးရှုံးမှုနှင့် မြောင်းများကျိုးပြတ်ပျက်စီးခြင်း၊ မူလမြစ်ရေတင်စီမံကိန်း၏ ရေအရင်းအမြစ် မြစ်ချောင်းများတွင် ရေလမ်းကြောင်းပြောင်းလဲကာ သဲသောင်များဖြစ်ထွန်းခြင်း၊ ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုမှုများ ဖြစ်ပွားခြင်း၊ မြစ်ရေတင် ဒီဇိုင်းရေးဆွဲရေးအဖွဲ့နှင့် တည်ဆောက်ရေး လုပ်ငန်းအဖွဲ့များ မရှိခြင်း စသည့် ပြဿနာများနှင့်လည်း ကြုံတွေ့နေရသည်ဟု ဆည်မြောင်းနှင့် ရေအသုံးချ စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

လက်ရှိတွင် ဆောင်ရွက်လျက်ရှိသည့် မြစ်ရေတင်အထူးစီမံကိန်း ၁၅ ခုအနက် ဒုံသမိနှင့် ကျုံစုပ် အထူးစီမံကိန်းရှစ်ခုကို ဖျက်သိမ်းသွားမည်ဖြစ်သည်။ ထို့ပြင် ဆောင်ရွက်ဆဲ မြစ်ရေတင် ဌာနလုပ်ငန်း အခု ၂၀ အနက်မှ သစ်ခြောက်ခင်၊ မိုးသစ္စာ၊ မတော့ကုန်း၊ ရေကာ၊ စမုံဆင်ချီတိုင်၊ အစုကြီး(သီတာအေး)၊ အလိန်လည် (ကြို့ကုန်း-တိုးချဲ့)၊ မင်းလှ၀၊ ချမ်းမြေ့သာယာ၊ နောင်ခေါနှင့် နောင် ဟင် စီမံကိန်း ၁၁ ခုအား ဖျက်သိမ်းတော့မည်ဖြစ်သည်ဟု အဆိုပါစီမံခန့်ခွဲမှုဦးစီးဌာန၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

ဆည်မြောင်းနှင့် ရေအသုံးချ စီမံခန့်ခွဲရေး ဦးစီးဌာနသည် ကျန်ရှိနေသည့် မြစ်ရေတင်လုပ်ငန်းများအတွက် ရှေ့ဆက်၍ ရေပေးမြောင်းဒီဇိုင်းပုံစံများ ပြန်လည်ပြင်ဆင်ဆောင်ရွက်ခြင်း၊ ထပ်ဆင့်ရေတင်များတွင် ရေလိုအပ်ချက်နည်းသော တောင်သူဝင်ငွေတိုးစေမည့် သီးနှံများစိုက်ပျိုးခြင်း၊ ရေလေလွင့်ဆုံးရှုံးမှု နည်းစေရန် မြေသားမြောင်းများအား လိုင်နင်စီခြင်း၊ လျှပ်စစ်ဓာတ်အားဖို့အားအပြည့်အဝဖြင့် တစ်ဆက်တစ်စပ်တည်း ရရှိစေရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊ မြစ်ရေတင် ရေသောက်ဧရိယာရှိ လယ်ယာမြေများအား မြေယာပြုပြင်မှုများ ဆောင်ရွက်ခြင်း၊ ကမ်းပါးပြိုကျမှုနှင့် သဲသောင်ဖြစ်ထွန်းမှု မဖြစ်ပွားစေရန် ဆောင်ရွက်ခြင်း၊ ရေသုံးစွဲသူများအဖွဲ့ဖွဲ့စည်းပြီး ရေစီမံခန့်ခွဲမှု သင်တန်းများပို့ချခြင်းနှင့် တောင်သူများမှ စွမ်းအင်ကုန်ကျစရိတ်အား မိမိအစီအစဉ်ဖြင့် ပေးချေနိုင်ရန် စီမံခန့်ခွဲဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဟု သိရသည်။

"မြစ်ရေတင်စီမံကိန်းတွေ ဖျက်ပစ်ဖို့ဆိုတာ သူ့ရဲ့လုပ်ငန်းစဉ်တွေရှိပါတယ်။ ဖျက်သိမ်းမယ့် လုပ်ငန်းတွေအတွက် ကျွန်တော် အခုမှ စာရင်းလုပ်လိုက်တာ မဟုတ်ပါဘူး။ ရပ်ထားတာလည်း ကြာပါပြီ။ စာရင်းကို အခြေခံလိုက်တဲ့အခါ ရာခိုင်နှုန်းတွက်ရင် လက်ရှိရှိနေတဲ့ ရေပေးဝေမှုလုပ်ငန်းတွေက ကျဆင်းသွားလို့ စာရင်း သဘောပဲရှိနေတဲ့ မြစ်ရေတင် လုပ်ငန်းတွေကို ပယ်ဖျက်လိုက်တာ။ ဒီမြစ်ရေတင် စီမံကိန်းတွေကြောင့် ဘယ်သူမှ ဒုက္ခမဖြစ်ဘူး။ အသုံးစရိတ်လည်း မရှိဘူး"ဟု ဆည်မြောင်းနှင့်ရေအသုံးချစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ပြင်သစ်ဖွံ့ဖြိုးရေးအေဂျင်စီ (AFD) သည် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မြင်ကွန်းမြစ်ရေတင်လုပ်ငန်းနှင့် မင်းဘူးမြို့နယ်ရှိ ကမ်းနီမြစ်ရေတင်လုပ်ငန်းများကို ယူရိုငွေ သုံးသန်း အကုန်ကျခံ၍ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်မည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့ (LIFT Fund) ကလည်း စစ်ကိုင်းတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ ပျော့ရွာ မြစ်ရေတင်လုပ်ငန်း အဆင့်မြှင့်တင်ခြင်းအတွက် အမေရိကန်ဒေါ်လာ ငါးသန်း အကုန်အကျခံ၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

## မြန်မာ့ရုပ်မြင်သံကြား
## News Channel
**၁၀-၅-၂၀၁၆(အင်္ဂါနေ့)**

**နံနက်ပိုင်း**
- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈း၃၅ - ကရင်ဖြူလူမျိုးတို့ နေထိုင်ရာ တောင်ကျရွာကလေး
- ၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၁း၄၅ - မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၏ ကြက်ငှက် တုပ်ကွေးရောဂါ ထိန်းချုပ်ရေးဆောင်ရွက်ချက်

**ညပိုင်း**
- ၁၅း၃၅ -လူမှုစီးပွား မြင်ကွင်းများ
- ၁၆း၃၅ - Football Magazine (ရောဝတီယူနိုက်တက် အသင်း)
- ၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း (လက်လီလုပ်ငန်းဖြင့် ကိုယ်ပိုင်စီးပွားရေးတစ်ခု စတင်ခြင်း) (အပိုင်း-၃)
- ၁၈း၃၅ - ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (ဒါရိုက်တာပွင့်သိင်္ဂီဇော်)
- ၁၉း၁၅ -နိုင်ငံခြားဇာတ်လမ်းတွဲ မင်္ဂလာပါဂင်ချီ (အပိုင်း-၁၇)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသ အခြေအနေ
- - နိုင်ငံခြားဇာတ်လမ်းတွဲ ရွှေထီးဆောင်းမိသားစု (အပိုင်း-၁၇)
- - Yes or No Talk Show
- - တမ်းတမ်းတတ ဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ (အပိုင်း-၈)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**




**မေ ၉ ရက်က မြန်မာခြင်းလုံးအသင်းနှင့်ပူးတွဲလေ့ကျင့်မည့် မလေးရှားခြင်းလုံးအသင်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုသူများနှင့်တွေ့ရစဉ်** (အဆိုပါ မလေးရှားခြင်းလုံးအသင်းသည် မေ ၂၀ ရက်အထိ နေပြည်တော် ရွှေလေ့ကျင့်ရေးစခန်း၌ မြန်မာ့ရိုးရာ လက်ရွေးစင်ခြင်းလုံးအသင်းနှင့် ပူးတွဲလေ့ကျင့်မည်ဖြစ်သည်။)
မင်းထက်(မြန်မာ့အလင်း)

# ရွှေနန်းတော်ကျောင်းကြီး ပြုပြင်ထိန်းသိမ်းမှုအမြန်ဆုံးပြီးစီးရေးနှင့် ရန်ပုံငွေလုံလောက်ရေးအတွက် ကူညီဆောင်ရွက်ပေးမည်

**မန္တလေး မေ ၉**
မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ ပူးပေါင်း၍လုပ်ဆောင်နေသော မန္တလေးမြို့ ရွှေနန်းတော်ကျောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အမြန်ဆုံးပြီးစီးရေးအတွက် တွန်းအားပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သောပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေများ လုံလောက်စွာရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မေ ၅ ရက်က ရွှေနန်းတော်ကျောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ လာရောက်လေ့လာကြည့်ရှုခဲ့သည့် အမေရိကန်သံအမတ်ကြီး Mr.Scot Marciel က ပြောကြားခဲ့သည်။

လက်ရှိတွင် ရွှေနန်းတော်ကျောင်း ပြုပြင်ဆောင်ရွက်နေသော ကမ္ဘာ့အထိမ်းအမှတ်အဆောက်အအုံများ ရန်ပုံငွေအဖွဲ့(WMF) ၏ ဆောင်ရွက်ချက်များသည် ကျောင်း၏ Documentary အစီအစဉ်ကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး ပြုပြင်ထိန်းသိမ်းရေး လက်တွေ့လုပ်ငန်းများဆောင်ရွက်ရာတွင် အားနည်းချက်များရှိနေသဖြင့် အမြန်ဆုံးပြီးစီးရေးအတွက် တိုးမြှင့်ဆောင်ရွက်ပေးရန် အမေရိကန်သံအမတ်ကြီးအား အသိပေးဆွေးနွေးခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

ရွှေကျောင်းကြီး ပြုပြင်ထိန်းသိမ်းဖို့ အမေရိကန်သံအမတ်ကြီးများ ရန်ပုံငွေအဖွဲ့ကနေပြီး ဒေါ်လာ ငါးသိန်းငါးထောင် လှူဒါန်းခဲ့တယ်။ လှူဒါန်းခဲ့တဲ့ငွေကို ရွှေနန်းတော်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ ပရောဂျက်မန်နေဂျာ Mr.Jeffallen ကိုယ်တိုင် ငွေကြေးကိုင်တွယ်ပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို လုပ်ဆောင်နေပေမယ့် အခုအချိန်အထိ ပြုပြင်တဲ့အဆင့်အထိ မရောက်သေးပါဘူး။ ပညာရှင်တွေခေါ်ယူပြီး လေ့လာမှုအဆင့်ပဲ ရှိနေသေးတယ်။ အခုလက်ရှိမှာ ရန်ပုံငွေကုန်သွားပြီလို့ သိရတဲ့အတွက် အမေရိကန်သံအမတ်ကြီးကလည်း ရန်ပုံငွေ လုံလောက်စွာရရှိဖို့ကူညီ ဆောင်ရွက်ပေးမယ်ဆိုတာ ပြောကြားသွားခဲ့ပါတယ်" ဟု ၄င်းကဆိုသည်။

၂၀၁၄-၂၀၁၅ ခုနှစ်မှစ၍ ရွှေနန်းတော်ကျောင်းကြီး ပျက်စီးရခြင်းအကြောင်းအရင်းများအား ပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ ကျောင်းကြီးရှိ အချို့တိုင်များ၏ ခြစားမှုများအား လေ့လာမှတ်တမ်းတင်ခြင်း၊ ရေစီးရေလာစနစ်များလေ့လာခြင်း၊ ပျက်စီးနေသည့် အစိတ်အပိုင်းများအား 3D Scanner ဖြင့် ရိုက်ကူးခြင်းနှင့် ဆွေးနွေးပွဲများပြုလုပ်ခဲ့ကာ ဇွန် ၅ ရက်မှစတင်၍ ကျောင်းကြီး၏ အနောက်တောင်ဘက်အခြမ်းမှ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဆေးပညာသတင်းဆန်းများ (၁၃၂)



**ဆီးချိုရောဂါကို စုပေါင်းကာကွယ်ဖို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နှိုးဆော်**

၂၀၁၆ ယခုနှစ် ဧပြီ ၇ ရက်မှာ ကျရောက်တဲ့ ကမ္ဘာ့ကျန်းမာရေးနေ့အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်တဲ့ကြေညာချက်မှာတော့ ဆီးချိုရောဂါရဲ့တိုးပွားလာပုံကိုထောက်ပြီး စုပေါင်းကာကွယ်ကြဖို့ နှိုးဆော်ထားပါတယ်။ ၁၉၈၀ ပြည့်နှစ်စာရင်းဇယားများအရ ကမ္ဘာမှာ ဆီးချိုဝေဒနာရှင် ၁၀၈ သန်းခန့်သာရှိရာ ၂၀၁၄ ခုနှစ်မှာတော့ ၄၂၂ သန်းခန့်တိုးပွားလာတယ်လို့ ဆိုပါတယ်။ ဒါဟာ အရွယ်ရောက်သူလူကြီးအားလုံးရဲ့ ၈ ဒသမ ၅ ရာခိုင်နှုန်းရှိတယ်။ ဒီလူတွေထဲက လူဦးရေ ၁ ဒသမ ၅ သန်းဟာ နှစ်စဉ်သေဆုံးနေရပြီး နောက်ထပ် ၂ ဒသမ ၂ သန်းဟာလည်း ဆီးချိုနှင့်ဆက်နွှယ်နေတဲ့ ရောဂါတွေကြောင့် သေဆုံးကြရတယ်လို့ ဆိုပါတယ်။

ဆီးချိုရောဂါဟာ မျိုးရိုးကြောင့်ဖြစ်နိုင်သလို လူနေမှုပုံစံပြောင်းလဲပြီး ဖြစ်ပေါ်လာရတဲ့ ရောဂါတစ်ခုဖြစ်တယ်။ အဝလွန်အောင်နေထိုင်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုမရှိခြင်း၊ ဆီးချိုဖြစ်စေတဲ့အဓိကအကြောင်းအရင်းတွေဖြစ်တယ်။ မျိုးရိုးကြောင့်ဖြစ်တတ်တဲ့ဆီးချိုဟာ ကာကွယ်လို့ရနိုင်တယ်လို့လည်း ပညာရှင်တွေက ထောက်ပြထားပါတယ်။ နိုင်ငံတိုင်းက အစိုးရတွေ၊ ဆေးပညာရှင်တွေ၊ ဆေးဝါးထုတ်လုပ်သူတွေ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေအားလုံးဟာ မိမိနိုင်ငံမှာ ဆီးချိုရောဂါရှင်တွေ တိုးမလာအောင် တာဝန်ယူဆောင်ရွက်နိုင်ပါက ဆီးချိုရောဂါကြောင့် အသက်ဆုံးရှုံးရတဲ့ဘေးက အတော်အတန်ကာကွယ်နိုင်မှာဖြစ်ကြောင်း ယခုနှစ် ကမ္ဘာ့ကျန်းမာရေးရေးအဖွဲ့ကြီးရဲ့ ကြေညာချက်ကို ဖော်ပြလိုက်ရပါတယ်။



**ကိုယ်ခံအားချို့ယွင်းတဲ့ ကလေးငယ်များအတွက် ကုထုံးသစ်**

ယခုဖော်ပြလိုတဲ့သတင်းက ဆေးပညာသတင်းတွေမှာ ထူးခြားတဲ့အောင်မြင်မှုသတင်းတစ်ခုပါ။ ကလေးတွေမှာသာဖြစ်ပြီး ကုသရခက်တဲ့ရောဂါတစ်မျိုးဖြစ်တဲ့ မွေးရာပါ ကိုယ်ခံအားချို့ယွင်းနေတဲ့ ကလေးတွေကို ကုသနိုင်ဖို့ Gene Therapy တစ်ခုကို တွေ့ရှိရပြီဆိုတဲ့ သတင်းပါ။ ဒီလိုတွေ့ရှိခဲ့တာကတော့ အီတာလျံဆေးပညာရှင်တွေဖြစ်ပြီး သူတို့ဟာ Glaxo Smith Kline ဆေးကုမ္ပဏီရဲ့ အကူအညီနှင့်တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ဒီကုသနည်းကို Strimvelis လို့ အမည်ပေးထားပြီး ဒီကုထုံးကို EMA ခေါ်တဲ့ Europeon Medicine Agency ကလည်း အသိအမှတ်ပြုလိုက်ပြီလို့ ဆိုပါတယ်။ ဒီကုထုံးဟာ ကုရာနတ္ထိဆေးမရှိတဲ့ မွေးရာပါကိုယ်ခံအား Cells ချို့ယွင်းတဲ့ရောဂါတစ်ခုဖြစ်တဲ့ ADASCID ခေါ်တဲ့ ADA Severe Combined Immune Deficency ရောဂါမှာကုသဖို့ ဖော်ထုတ်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒီရောဂါဖြစ်တဲ့ ကလေးတွေဟာ နည်းပါးပေမယ့် ဒီရောဂါဖြစ်တဲ့ ကလေးတွေဟာ ကိုယ်ခံအားကောင်းစေတဲ့ ဆေးအမျိုးမျိုး၊ Bone Marrow Transplant စတဲ့ နည်းတွေနှင့် ကုသပေမယ့် နှစ်နှစ်ထက်ပိုပြီး အသက်မရှည်နိုင်ဘူးလို့ ဆိုပါတယ်။ အခုဒီကုသနည်း Gene Therapy ပေါ်လာတာဟာ ဒီရောဂါရှိတဲ့ ကလေးတွေအပြင် အခြားကိုယ်ခံအားကျကလေးတွေအတွက်ပါ သတင်းကောင်းတစ်ခုအဖြစ် တင်ပြလိုက်ရပါတယ်။

**ကျင်ငယ်ရေမှ မျိုးပွားနည်းကို ကြွက်များဖြင့်စမ်းသပ်နေ**

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ သတ္တဝါတွေရဲ့ ကျင်ငယ်ကနေပြီး အဲဒီအမျိုးတူ သတ္တဝါတစ်ကောင်ကို မွေးယူလို့ရနိုင်ပြီဆိုတဲ့ သတင်းပါ။ ဒါကိုပြုလုပ်

**ဒေါက်တာကံညွန့်**

နိုင်ခဲ့ကြတာကတော့ ဂျပန်နိုင်ငံ Yamanashi University က သုတေသနပညာရှင်တွေဖြစ်ပြီး ဒီအကြောင်းကို ဗြိတိန်နိုင်ငံထုတ် Journal of Scientific Research မှာ ဖော်ပြထားတာပါ။ သတ္တဝါတော်တော်များများမှာ သူတို့ရဲ့ဆီးထဲမှာ ဆီးလမ်းကြောင်း Urethra က မျိုးရိုးဗီဇ Cells တွေ ပါဝင်တတ်တယ်။ အခုလိုပဲ ကြွက်မှာပဲ ဒီ Cells ပါဝင်နေတာကြောင့် ဒါကို ဓာတ်ခွဲခန်းမှာ မွေးယူပြီး ကြွက်မတစ်ကောင်ရဲ့သားအိမ်ထဲကို ထည့်ပေးလိုက်ပြီး ကြွက်ငယ်တစ်ကောင်ကို မွေးနိုင်



ခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။ သူတို့ဟာ ဒီလိုမျိုး ကြွက်လေးကောင်ကို ကောင်းမွန်စွာ မွေးနိုင်ပြီဖြစ်ကြောင်း နောက်ထပ်စမ်းသပ်မှုတွေပြုလုပ်ရဦးမှာဖြစ်ပေမယ့် ဒီလိုမျိုး မွေးယူနိုင်တာကို တွေ့ရှိရကာ မျိုးပွားနိုင်မှုမှာအရေးပါတဲ့ တွေ့ရှိချက်ဖြစ်တယ်လို့ ဆိုပါတယ်။ ဒီလိုမွေးလာတဲ့ ကြွက်ငယ်တွေဟာ သာမန်ကြွက်တွေလိုပဲ အသက်ရှည်နိုင်မလားဆိုတာလည်း စောင့်ကြည့်ဖို့ လိုအပ်ကြောင်း တင်ပြလိုက်ရပါတယ်။

**ကော်ဖီက အူမကြီးကင်ဆာကို ကာကွယ်နိုင်**

ယခင်ဆေးပညာသတင်းတွေထဲမှာလည်း ကော်ဖီသောက်ခြင်းက အူမကြီးနှင့်မစင်အိတ်ကင်ဆာ (Colo-rectal Cancer) ကို အတော်အသင့် ကာကွယ်နိုင်တယ်ဆိုတာ ဖော်ပြခဲ့ပြီးပါပြီ။ ယခုလည်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် University of Southern California က ဆေးပညာရှင်တွေ ထပ်မံပြုလုပ်ထားတဲ့ လေ့လာမှုတစ်ခုကို ဖော်ပြချင်ပါတယ်။ သူတို့ဟာ ယင်းကင်ဆာခံစားနေရသူအမျိုးသား အမျိုးသမီး ၅၁၀၀ နှင့်အတူ ယင်းရောဂါခံစားနေရသူမဟုတ်သောလူပေါင်း ၄၀၀၀ ကျော်ကို နှိုင်းယှဉ်လေ့လာခဲ့ပါတယ်။ သူတို့ဟာ ကော်ဖီသောက်တဲ့အလေ့အထအပြင် မျိုးရိုးမှာ ဒီကင်ဆာမျိုး ရှိ မရှိ၊ ဆေးလိပ်အရက်သောက်သုံးမှုစတဲ့ အခြေအနေတွေကိုပါ လေ့လာခဲ့ကြတာဖြစ်ပါတယ်။

သူတို့လေ့လာတွေ့ရှိချက်အရ အနည်းဆုံး ကော်ဖီ တစ်ခွက်မှ နှစ်ခွက် သောက်သုံးသူတို့ဟာ ဒီကင်ဆာမျိုးဖြစ်ဖို့ ၂၆ ရာခိုင်နှုန်းသက်သာနိုင်ပြီး အနည်းဆုံး နှစ်ခွက်ခွဲနှင့် ၄င်းထက်ပိုသောက်သူများဟာ ၅၀ ရာခိုင်နှုန်းအထိ သက်သာနိုင်တယ်လို့ ဆိုပါတယ်။ သူတို့အဆိုအရ Caffeine ဓာတ်ဟာ ကင်ဆာကို လျော့နည်းစေတာ



အပြင် ကော်ဖီမှာပါတဲ့ Polyphenol ဓာတ်ဟာ Antioxidant အာနိသင်ရှိပြီး ကော်ဖီမှာပါတဲ့ Melanodin ဓာတ်ဟာလည်း အူမကြီးရဲ့ လှုပ်ရှားမှုကို အားပေးတာကြောင့် အူမကြီးကင်ဆာကို ကာကွယ်နိုင်တာလို့ ဆိုပါတယ်။ ဒီအကြောင်း Cancer Epidemiology and Biomaker ဂျာနယ်မှာ ဖော်ပြထားတာကို တင်ပြလိုက်ရပါတယ်။



**အဝလွန်သူများ နှလုံးလေဖြတ်ရောဂါပိုဖြစ်နိုင်**

အဝလွန်ပြဿနာ (Obesity) ဟာ နှလုံးရောဂါနှင့် ဆက်စပ်မှုရှိကြောင်း ယခင်ဆေးပညာသတင်းများမှာ တင်ပြခဲ့ပြီးပါပြီ။ ယခုဒီအကြောင်းနှင့်ပတ်သက်ပြီး ပိုမိုကျယ်ပြန့်တဲ့ လေ့လာမှုတွေပေါ်ထွက်ပြီး ပိုမိုခိုင်မာတဲ့ အချက်အလက်တွေပါလာတဲ့အတွက် ထပ်မံတင်ပြချင်ပါတယ်။ အခုလေ့လာချက်ကို နော်ဝေနိုင်ငံနှင့် အင်္ဂလန်နိုင်ငံက ဆေးပညာရှင်တွေ ပူးပေါင်းပြုလုပ်ခဲ့ကြတာဖြစ်ပါတယ်။ ယင်းပညာရှင်တွေကတော့ Norwegian University of Science and Technology, Imperial College London နှင့် Oslo University Hospital က ဆေးပညာရှင်တွေ ပါဝင်ပါတယ်။ သူတို့ဟာ လူပေါင်း ၆၅၀၀၀၀ ကျော်ကို လေ့လာမှုပေါင်း ၂၃ ခုပြုလုပ်ခဲ့ကြတာဖြစ်ပါတယ်။

သူတို့လေ့လာချက်အရ Body Mass Index BMI Kilogramme Per Square Meter ၂၅ ကနေ ၃၀ ရှိတဲ့လူတွေကို ကိုယ်အလေးချိန်များသူ (Over weight) အဖြစ် သတ်မှတ်ထားပါတယ်။ ဒီလူတွေဟာ သာမန်ကိုယ်အလေးချိန်ရှိသူတွေထက် ၃၅ ရာခိုင်နှုန်း နှလုံးလေဖြတ်ရောဂါဖြစ်ဖို့ ပိုရှိနိုင်တယ်လို့ ဆိုပါတယ်။ BMI 5 Unit ပိုလာတိုင်း နှလုံးရောဂါဖြစ်ဖို့ ၂၅ ရာခိုင်နှုန်းက ၄၁ ရာခိုင်နှုန်းအထိ ပိုရှိတယ်လို့လည်း သိရပါတယ်။ ဒ့ါအပြင် ခါးအတိုင်း 10 cm တိုးလာတိုင်း နှလုံးရောဂါဖြစ်ဖို့ ၂၉ ရာခိုင်နှုန်း ပိုနိုင်တယ်လို့ဆိုပါတယ်။ ဒါကြောင့် ကိုယ်အလေးချိန်ပိုနေသူတွေ အဝလွန်သူတွေ သတိထားနိုင်အောင် တင်ပြလိုက်ရပါတယ်။

**ကင်ဆာရောဂါများအတွက် ကုထုံးသစ်စမ်းသပ်နေ**

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကင်ဆာရောဂါနှင့်ပတ်သက်ပါတယ်။ ကင်ဆာရောဂါကုထုံးတွေထဲမှာ Immuno Therapy ကုထုံးတစ်မျိုးပေါ်လာတာဟာ



အလွန်အားတက်စရာ သတင်းတစ်ခုဖြစ်တယ်လို့ ဆိုပါတယ်။ ဒီအကြောင်းကို ဖော်ပြလိုက်သူကတော့ ASCO(American Society of Clinical Oncology) အမေရိကန်နိုင်ငံ ကင်ဆာကုဆရာဝန်များအဖွဲ့က Chief Medical Officer Dr. Richard Schilsky ဖြစ်ပါတယ်။ သူ့အဆိုအရ ယခုအခါ အမေရိကန်နိုင်ငံမှာ ကင်ဆာရောဂါကုသမှုခံယူနေရသူ ၁၄ သန်းခန့်ရှိတယ်။ ဒီလူတွေထဲက တချို့လူတွေဟာ ဒီကုထုံးနှင့် စမ်းသပ်ကုသမှုပေါင်း ၃၄၀၀ ကျော်ပြုလုပ်နေတယ်။ ဒါ အမေရိကန်နိုင်ငံတစ်ခုမှာပဲ ရှိသေးတယ်။ ကမ္ဘာတစ်လွှား အခြားဥရောပနိုင်ငံတွေမှာလည်း စမ်းသပ်မှုတွေ တစ်ပြိုင်တည်း ပြုလုပ်နေပါတယ်။ သမ္မတ အိုးဘားမား အစိုးရကလည်း ဒီစမ်းသပ်မှုတွေအတွက် အမေရိကန်ဒေါ်လာ ၁ ဘီလီယံခန့် ထောက်ပံ့ထားပါတယ်။ ယခုအချိန်မှာ Lymphoma (အကျိတ်ကင်ဆာ)၊ Leukaeimaia (သွေးကင်ဆာ)၊ ပင်ကရိယပ်စ်ကင်ဆာနှင့် တချို့ကုရခက်တဲ့ အဆုတ်ကင်ဆာတွေမှာ အောင်မြင်မှုတွေ တွေ့နေရပါပြီ။ ဒီကိုယ်ခံအားမြှင့်ကုသပေးတဲ့နည်းဟာ နောင်အခါ ကင်ဆာရောဂါကုထုံးတွေဖြစ်တဲ့ ခွဲစိတ်ကုသမှု၊ ဓာတ်ရောင်ခြည်ကုသမှု၊ ဆေးသွင်းကုသမှုတွေအားလုံးကို အစားထိုးနိုင်တဲ့ ကုသမှုဖြစ်မယ်လို့ ယုံကြည်နေကြောင်း ဖော်ပြချက်ကို တင်ပြလိုက်ရပါတယ်။ ။

## ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဆိုင်ရှင်များအား ဥပဒေဆိုင်ရာများ ဆွေးနွေး

**လှိုင်းဘွဲ့ မေ ၉**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအရောင်းဆိုင်ရှင်များအား ဥပဒေဆိုင်ရာများ ရှင်းလင်းဆွေးနွေးပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကစီစဉ်၍ မေ ၈ ရက်က ပြုလုပ်ခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပြုလုပ်သည့် ဆွေးနွေးပွဲတွင် လှိုင်းဘွဲ့မြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဆင်ဇခုပ်က ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအရောင်းဆိုင်ရှင်များနှင့် တွေ့ဆုံရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်မြေအသုံးချရေးဌာနမှ တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးချိုက ဓာတ်မြေဩဇာဥပဒေနှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ပြည်နယ်သီးနှံကာကွယ်ရေးဌာနမှ တာဝန်ခံဦးစီးအရာရှိ ဒေါ်သန်းသန်းလွင်က ပိုးသတ်ဆေးဥပဒေနှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဆိုင်ရှင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပင်စင်ဥပဒေအသစ်နှင့် ပတ်သက်၍ ဂရိဝန်ကြီးချုပ် ကာကွယ်ပြောဆို

**အေသင် မေ ၉**

ဂရိဝန်ကြီးချုပ်အဲလက်စ် စီပရက်စ်သည် ပါလီမန်က အတည်ပြုထားသော အငြင်းပွားလျက်ရှိသည့် ပင်စင်နှင့်အခွန် ဥပဒသစ်ကို ကာကွယ်ပြောဆိုခဲ့သည်။ အပြည်ပြည်ဆိုင်ရာငွေကြေး အထောက်အကူများအတွက် ဖြေလျှော့မှုများပေးရေးဖိအားပေးရန် လိုအပ်နေဆဲဖြစ်ပြီး တနင်္လာနေ့၌ ယူရိုဇုန်ရှိဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး၌ ထည့်သွင်းဆွေးနွေးမည်ဖြစ်သည်။



ယခုပြုလုပ်သည့်ပြုပြင်ပြောင်းလဲမှုသည် အငြိမ်းစားပင်စင်စားများကို ထိခိုက်မှုမရှိနိုင်ကြောင်းနှင့် အရေးပါသည့် စနစ် တစ်ခုအဖြစ်ပြောင်းလဲရန် ဦးတည်ခဲ့သည်ဟု ၎င်းကပြောသည်။

ထို့ပြင် ယခုအသစ်ပြဋ္ဌာန်းသည့် ဥပဒေသည်နိုင်ငံ၏ ပင်စင်ထောက်ပံ့မှုကို လုံခြုံ စိတ်ချနိုင်မည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

မဲပေးမှုမစတင်မီ အေသင်မြို့မှ ကန့်ကွက် ဆန္ဒပြသူများက မျက်ရည်ယိုဗုံးများအသုံးပြုခဲ့သည့် ရဲစခန်းအတွင်းသို့ ဗုံးပစ်သွင်းတိုက်ခိုက်ခဲ့သည်။

ယခုပြဋ္ဌာန်းသည့် ဥပဒေကြမ်းများ လူမှုရေးကိစ္စများ မှန်ကန်စွာ ဆုံးဖြတ်နိုင်ရေး အဓိက အထောက်အပံ့ပေးနိုင်သည့်စနစ်တခုဖြစ်လာစေရန် ရည်ရွယ်ခဲ့ပြီး ပင်စင်စား ၇ ဒသမ ၅ ရာခိုင်နှုန်းမှာ ၎င်းတို့မူလရရှိသည့် ပင်စင်ငွေကို ဖြတ်တောက်ခံရနိုင်သည်။

ဥရောပအုပ်စုအစည်းအဝေး၌ ဂရိကြွေးမြီးဖြေလျှော့ရေး ဆွေးနွေးသွားနိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

**(ဘီဘီစီ)**

# မြောက်ကိုရီးယား နျူကလီးယားအစီအစဉ် ဆက်လက်ပြုလုပ်

**ပြုံယမ်း မေ ၉**

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းသည် ၎င်း၏နျူကလီးယားအစီအစဉ်ကို ရှေ့ဆက်တိုးပြုလုပ်မည်ဖြစ်ပြီး ဒုံးကျည်စနစ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အာရုံစိုက်ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ ကင်သည် စနေနေ့နှင့် တနင်္ဂနွေနေ့က ကျင်းပသော မြောက်ကိုရီးယားအလုပ်သမားပါတီ ကွန်ဂရက်အစည်းအဝေး၌ မိန့်ခွန်းပြောကြားခဲ့သည်။

တနင်္ဂနွေနေ့က ကင်၏ မိန့်ခွန်းကို နိုင်ငံပိုင် ရုပ်သံမီဒီယာမှ တိုက်ရိုက် ထုတ်လွှင့်ပြသခဲ့သည်။

ကင်သည် နျူကလီးယား ဖွံ့ဖြိုးမှုအစီအစဉ်ကို ထိန်းညှိသွားပြီး နျူကလီးယားစွမ်းအင်ပိုင်ဆိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ရန် လွန်ခဲ့သောလေးနှစ် ခေါင်းဆောင်ဖြစ်ကတည်းက ပြင်ဆင်ဖြည့်စွက် လုပ်ဆောင်ခဲ့သည်။

မြောက်ကိုရီးယားအနေဖြင့် နျူကလီးယားဖွံ့ဖြိုးမှု အစီအစဉ် မူဝါဒကို ဆက်လက်ကိုင်စွဲထားမည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆောက်အအုံကောင်းများကိုလည်း အပြိုင်တည်ဆောက်သွားမည်ဟု ကင်က ပြောသည်။

နျူကလီးယား စွမ်းအင်အပေါ်တွင်အခြေခံ၍ ကာကွယ်ရေးကို ခိုင်မာအောင် ပြုလုပ်မည်ဖြစ်ပြီး စီးပွားရေးတိုးတက်ရေးအစီအစဉ်များကိုလည်း အရှိန်အဟုန်မြှင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ငါးနှစ်စီမံကိန်းကိုအကောင်အထည်ဖော်လျက်ရှိရာ ယခုနှစ်မှစတင်၍ ထဲထဲဝင်ဝင် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

တောင်ကိုရီးယားနှင့်ဆက်ဆံရေးကိုလည်း စည်းစည်းလုံးလုံး ဖြစ်စေချင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ဂျီ-၇ အစည်းအဝေးအတွင်း ပြည်တွင်းလေကြောင်းလိုင်းများကို လုံခြုံရေးတိုးမြှင့်

**တိုကျို မေ ၉**

ဂျပန်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနသည် မေ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဂျီ-၇ ထိပ်သီး အစည်းအဝေးကျင်းပစဉ် နိုင်ငံတကာလေယာဉ်များ ဆိုက်ရောက်လာမည်ဖြစ်ရာ လေကြောင်းလိုင်းများ၏ လုံခြုံရေးအတွက် စစ်ဆေးမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာနက မေ ၂၅ ရက်မှစ၍ ပြည်တွင်းလေကြောင်းလိုင်း ခရီးသည် ၁၀ ရာခိုင်နှုန်းကို အလှည့်ကျ ရှာဖွေစစ်ဆေးမှုများပြုလုပ်ရန် အဆိုပြုထားကြောင်းသိရသည်။

လက်ဆွဲအိတ်များကို အိတ်စ်ရေးရောင်ခြည်စစ်ဆေးရေး ကိရိယာများဖြင့်လည်း ဖွင့်၍စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကျိုဒို)**

# ရွေးကောက်ပွဲနှင့်ဆက်စပ်သည့် အငြင်းပွားမှုများကြောင့် ဖိလစ်ပိုင်၌ လူ ၁၀ ဦးထက်မနည်း သေဆုံး

**မနီလာ မေ ၉**

ရွေးကောက်ပွဲနှင့်ဆက်စပ်သည့် အငြင်းပွားမှုဖြစ်စဉ်များကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် မေ ၉ ရက်က လူ ၁၀ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့က ပြောကြားသည်။

ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့၏ အမျိုးသားရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးစင်တာက ရွေးကောက်ပွဲနှင့်ဆက်စပ်သည့် အငြင်းပွားမှုဖြစ်စဉ်ကို နိုင်ငံအဝန်း၌ ၂၂ ခု စုံစမ်းတွေ့ရှိခဲ့ပြီး ယင်းအငြင်းပွားမှုဖြစ်စဉ်များကြောင့် မေ ၉ ရက် ဒေသစံတော်ချိန်ညနေပိုင်း ၂ နာရီမှစ၍ နိုင်ငံတစ်ဝန်း၌ လူ ၁၀ ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိမှုကို ဖြစ်ပေါ်စေခဲ့ကြောင်း ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့၏ ပြည်သူ့ရေးရာရုံးမှ အကြီးအကဲတစ်ဦးဖြစ်သူ နောအယ်လ် ဒီတိုယာတိုက ပြောကြားသည်။

အဆိုပါ အငြင်းပွားမှုဖြစ်စဉ်များတွင် ချုံခိုတိုက်ခိုက်မှုများ၊ မဆင်မခြင်ပစ်ခတ်တိုက်ခိုက်မှုများ၊ ပေါက်ကွဲမှုများ၊ မီးရှို့မှုများနှင့် အနှောင့်အယှက်ပေးမှုများ စသည့်ဖြစ်စဉ်အမျိုးမျိုး ပါဝင်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ရွေးကောက်ပွဲနှင့်ဆက်စပ်သည့် အငြင်းပွားမှုများကြောင့် ယခုနှစ် ဇန်နဝါရီ ၁၀ ရက်မှ မေ ၈ ရက်အထိ လူ ၁၅ဦးသေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့၏ပြောကြားချက်အရ သိရသည်။

ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့သည် တရားမျှတသောရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲကာလဖြစ်သည့် ဇန်နဝါရီ ၁၀ ရက်မှ မေ ၈ ရက်အထိ နိုင်ငံအဝန်း၌ လက်နက်များကိုင်ဆောင်ခြင်း တားမြစ်ပိတ်ပင်ရေးနှင့် စစ်ဆေးရေးဂိတ်များ တည်ဆောက်ရေးဆိုင်ရာစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**



# တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း၌ မြေပြိုမှုဖြစ်ပွားရာမှ သေဆုံးသူ ရှစ်ဦးကို ရှာဖွေတွေ့ရှိ

**ပေကျင်း မေ ၉**

တရုတ်နိုင်ငံအရှေ့တောင်ပိုင်း ဖုကျန်းပြည်နယ်၌ မြေပြိုမှုအတွင်း လူပေါင်း ၃၃ ဦး ပျောက်ဆုံးလျက်ရှိနေပြီး သေဆုံးသူ ရုပ်အလောင်းရှစ်ဦးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သက်ဆိုင်ရာ ပြည်နယ်အရာရှိများက တနင်္လာနေ့တွင် ပြောခဲ့သည်။

တနင်္ဂနွေနေ့ နံနက် ၅ နာရီခန့်က တိုင်နင်းပြည်နယ်၌ မြေပြိုမှုများဖြစ်ပွားရာ ရွှံ့ခဲများ ကျောက်တုံးများပြိုကျသဖြင့် နေရာအကျယ် ကုဗမီတာတစ်သိန်းခန့်ရှိကြောင်း အဆိုပါနေရာရှိ ရေအားလျှပ်စစ်စက်ရုံ ဆောက်လုပ်ရေးနေရာများ ဖုံးလွှမ်းသွား ပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ သေဆုံးသူ ရုပ်အလောင်းများကို အတည်ပြုချက်ရယူရန် စစ်ဆေးနေကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ယာဉ်ထိန်းရဲစခန်းကို အသေခံကားဗုံးခွဲတိုက်ခိုက်

**မိုဂါဒစ်ရှူး မေ ၉**

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးရှိ ယာဉ်ထိန်းရဲစခန်း၌ အသေခံကားဗုံးခွဲမှုဖြစ်ပွားခဲ့ရာ ရဲအရာရှိ နှစ်ဦးထက်မနည်းသေဆုံးခဲ့ပြီး ရှာဘာအက် စစ်သွေးကြွအုပ်စုက ယခုဖြစ်ရပ်မှာ ၎င်းတို့လက်ချက်ဖြစ်သည်ဟု ပြောဆိုခဲ့သည်။ အဆိုပါတိုက်ခိုက်မှုအတွင်း ရဲသုံးဦးဒဏ်ရာရရှိခဲ့သည်ဟု ယာဉ်ထိန်းရဲအရာရှိတစ်ဦးဖြစ်သူ မိုဟာမက်နာကပြောသည်။

အသေခံဗုံးခွဲသည့်ကားမှာ အဝင်ဂိတ်ပေါက်ကိုဝင်တိုက်ခဲ့ကြောင်း၊ လက်နက်ကိုင်စစ်သွေးကြွတစ်ဦးကိုအသေပစ်သတ်နိုင်ခဲ့ကြောင်း ၎င်းက ရိုက်တာသို့ပြောသည်။ သေဆုံးသူရဲအရေအတွက်မှာ ကိုးဦးထိရှိလာခဲ့ပြီး စစ်သွေးကြွနှစ်ဦးကိုသတ်ဖြတ်နိုင်ခဲ့သည်ဟု ရဲဌာနမှသိရသည်။ သေဆုံးသူအရေအတွက်ကိုမူအတိအကျမသိရသေးပေ။ ပေါက်ကွဲမှုကြောင့်ယာဉ်ထိန်းရဲရုံးမှာ ဆိုးရွားစွာပျက်စီးသွားခဲ့ပြီး အနီးအနားရှိဈေးဆိုင် များလည်း ပျက်စီးသွားခဲ့သည်ဟု ဒေသခံတစ်ဦးက ပြောသည်။

**(ရိုက်တာ)**

# နျူကလီးယားအရေးထက် နိုင်ငံစီးပွားရေး ပြန်လည်ဦးမော့စေချင်သည့် မြောက်ကိုရီးယား

**မောင်နွေသစ်**

မြောက်ကိုရီးယားနိုင်ငံဟာ နျူကလီးယားလက်နက်ပိုင်ဆိုင်နိုင်ဖို့ နျူကလီးယားစမ်းသပ်မှုတွေ အကြိမ်ကြိမ်ပြုလုပ်ခဲ့တာကြောင့် ကုလသမဂ္ဂရဲ့ အရေးယူပိတ်ဆို့မှုတွေခံရပြီး ကမ္ဘာနဲ့အဆက်အဆံ ပြတ်တောက်ခဲ့ရပါတယ်။ အထူးသဖြင့်တော့ အမေရိကန်၊ တောင်ကိုရီးယားနိုင်ငံတွေနဲ့ အဆင်မပြေဖြစ်ခဲ့တာပါ။ မြောက်ကိုရီးယားက နျူကလီးယားစမ်းသပ်တယ်။ အမေရိကန်နဲ့ တောင်ကိုရီးယားတို့က ပူးတွဲစစ်ရေးလေ့ကျင့်မှုတွေပြုလုပ်ပြီး ခြိမ်းခြောက်တယ်။ ဒီလိုနဲ့ ကမ္ဘာ့ရန်ဘက်တွေအဖြစ် သံသရာလည်ခဲ့ကြပါတယ်။ သို့ပေမယ့် မြောက်ကိုရီးယားရဲ့ တစ်ခုတည်းသော မိတ်ဆွေနိုင်ငံကတော့ သူ့ရဲ့အိမ်နီးချင်း တရုတ်နိုင်ငံပါ။ တရုတ်နိုင်ငံကတော့ မိတ်ဆွေနိုင်ငံပီသစွာ ရပ်တည်နေတာပါ။

သို့ပေမယ့်လည်း နျူကလီးယားလက်နက်နိုင်ငံတွေအနေနဲ့ သူ့နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးစော်ကားခြင်းမရှိဘူးဆိုရင် နျူကလီးယားလက်နက်ကို ထုတ်သုံးမှာမဟုတ်ဘူးလို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ သူ့နိုင်ငံဟာ နျူကလီးယားအရေးထက် နိုင်ငံစီးပွားရေး ပြန်လည်ဦးမော့လာစေဖို့ ငါးနှစ်တာစီးပွားရေး စီမံကိန်းတစ်ရပ်ချမှတ်ဖော်ဆောင်သွားမယ်လို့ ကင်ဂျုံအန်းက ဆိုပါတယ်။

**ကင်ဂျုံအန်းရဲ့ ငါးနှစ်တာ အစီအစဉ်အရ မြောက်ကိုရီးယားနိုင်ငံရဲ့ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ နျူကလီးယားစွမ်းအင် အပါအဝင် ပြည်တွင်းစွမ်းအင် အရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင် သွားမယ်လို့ ဆိုပါတယ်**



အလုပ်သမားပါတီကွန်ဂရက်အစည်းအဝေး၌ ကင်ဂျုံအန်းမိန့်ခွန်းပြောကြားနေစဉ်

ကျွန်တော်တို့ မြောက်ကိုရီးယားနိုင်ငံအနေနဲ့ နျူကလီးယားမပြန့်ပွားရေးကို အလေးအနက်ထားမှာဖြစ်သလို ကမ္ဘာတစ်ဝန်းလုံး နျူကလီးယားကင်းမဲ့ရေးကိုလည်း အလေးအနက်ထားမှာဖြစ်တယ်လို့ ကင်ဂျုံအန်းက အာဏာရအလုပ်သမားပါတီကွန်ဂရက်ဖွင့်ပွဲမှာ ပြောဆိုခဲ့ပါတယ်။ ပြုံယမ်းအနေနဲ့ နိုင်ငံအများစုနဲ့ ဆက်ဆံရေးပြန်ကောင်းဖို့ဆန္ဒရှိနေပါတယ်လို့လည်း သူက ဆိုပါတယ်။

မြောက်ကိုရီးယားနိုင်ငံဟာ အတိတ်ကလည်း အလားတူပြောဆိုမှုတွေ၊ ကြေညာချက်တွေ ထုတ်ခဲ့ပေမယ့် အမေရိကန်နဲ့တောင်ကိုရီးယားကို တိုက်ခိုက်မှုတွေပြုလုပ်ဖို့ မကြာခဏခြိမ်းခြောက်မှုတွေ ပြုလုပ်ခဲ့တာပါ။ နျူကလီးယားလက်နက်ပြန်လည်ရယူဖို့ကြိုးစားရင်း ကုလသမဂ္ဂရဲ့ အရေးယူပိတ်ဆို့မှုတွေနဲ့ ရင်ဆိုင်ခဲ့ရတာပါ။ ကင်ဂျုံအန်းဟာ ၂၀၁၁ ခုနှစ်က ဖခင်ဖြစ်သူ ကင်ဂျုံအီးလ်ရုတ်တရက်ကွယ်လွန်ခဲ့ပြီးတဲ့နောက် မြောက်ကိုရီးယားနိုင်ငံရဲ့ တတိယမျိုးဆက်ခေါင်းဆောင်ဖြစ်လာခဲ့ပါတယ်။ တောင်ကိုရီးယားအစိုးရအနေနဲ့ လူငယ်ခေါင်းဆောင် ကင်ဂျုံအန်းနဲ့ဆက်ဆံရေးတိုးတက် ကောင်းမွန်အောင်လုပ်ဖို့ မျှော်လင့်ချက်တွေရှိနေချိန်မှာ ၃၆ နှစ်တာအတွင်း ပထမဆုံးသော ပါတီကွန်ဂရက်ကိုကျင်းပခဲ့ပါတယ်။ မြောက်ကိုရီးယားနိုင်ငံရဲ့စီးပွားရေးဟာ မတ်လအတွင်းက နျူကလီးယားစမ်းသပ်ခဲ့ပြီးတဲ့နောက် ကုလသမဂ္ဂရဲ့ အရေးယူပိတ်ဆို့မှုတွေခံခဲ့ရပြန်ပါတယ်။ ကင်ဂျုံအန်းရဲ့ငါးနှစ်တာအစီအစဉ်အရ မြောက်ကိုရီးယားနိုင်ငံရဲ့ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့နဲ့ နျူကလီးယားစွမ်းအင်အပါအဝင် ပြည်တွင်းစွမ်းအင် အရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင်သွားမယ်လို့ ဆိုပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ မူဝါဒတစ်ရပ်ကိုလည်း ချမှတ်ဖော်ဆောင်သွားမယ်လို့ ကင်ဂျုံအန်းက ဆိုပါတယ်။ သူ့ရဲ့အစီအစဉ်အရ လယ်ယာကဏ္ဍတွေမှာ စက်စွမ်းအားပိုမိုအသုံးပြုဖို့နဲ့ မော်တော်ကားထုတ်လုပ်ရေး၊ ကျောက်မီးသွေးတိုးမြှင့်ထုတ်လုပ်ရေးတွေလည်း အပါအဝင်ဖြစ်ပါတယ်။ အဓိကအနေနဲ့တော့ စွမ်းအင်ပြဿနာကို အောင်မြင်အောင်ဖြေရှင်းပြီး ထုတ်ကုန်စွမ်းအားမြှင့်တင်သွားဖို့ရှိနေတာပါ။ ဘာပဲဖြစ်ဖြစ် မြောက်ကိုရီးယားနိုင်ငံဟာ နျူကလီးယားအရေးကို တစ်စခန်းရပ်ပြီး စီးပွားရေးကို ဇောက်ချလုပ်ကိုင်သွားမယ်ဆိုရင် နိုင်ငံတကာနဲ့ဆက်ဆံရေးပြေလည်လာမှာဖြစ်သလို စီးပွားရေးလည်း ဦးမော့လာဖွယ်ရှိနေပါတယ်။

## စစ်မှုထမ်းဟောင်းများ အားကစားပြိုင်ပွဲ ဟယ်ရီတက်ရောက်

**လန်ဒန် မေ ၉**

ကမ္ဘာပေါ်တွင် မိန်းကလေးအများ အပြားလက်ထပ်လိုသည့် သတို့သားလောင်းတစ်ဦးဖြစ်ပြီး ဗြိတိန်ဘုရင်မကြီး၏မြေးဖြစ်သူ မင်းသားဟယ်ရီသည် တော်ဝင်မင်းသားတစ်ဦးအနေဖြင့် အလုပ်လုပ်ကိုင်ရသည့်အခြေအနေနှင့် ၎င်း၏လူမှုဘဝ အဆင်ပြေပြေ ပေါင်းစပ်နိုင်ရန် ရုန်းကန်နေရသည်ဟု ဒဏ်ရာရရှိခဲ့သည့် စစ်မှုထမ်းဟောင်းများ အားကစားပြိုင်ပွဲတွင် တနင်္ဂနွေနေ့က ပြောသည်။

အဆိုပါ အားကစားပြိုင်ပွဲကို ဖလော်ရီဒါရှိ အော်လန်ဒိုမြို့၌ ကျင်းပခဲ့သည်။ ၂၀၁၄ ခုနှစ်က လန်ဒန်၌ ယင်းအားကစားပြိုင်ပွဲကို ပထမဆုံးအကြိမ်ကျင်းပခဲ့ပြီး ယခုအကြိမ်မှာ ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်သည်။ ငါးရက်ကြာကျင်းပမည့်ပြိုင်ပွဲတွင် နိုင်ငံ ၁၄ နိုင်ငံမှ အားကစားသမား ၅၀၀ ကျော် အားကစားနည်းအမျိုးမျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားသို့ အမေရိကန်သမ္မတကတော် မီရှယ်အိုဘားမားနှင့် ဟယ်ရီအပါအဝင် ဟောလိဝုဒ်မှ ကြယ်ပွင့်များလည်း တက်ရောက်ခဲ့ကြသည်။



မင်းသားဟယ်ရီသည် ပုံမှန်အလုပ်အကိုင်တစ်ခု မရှိသေးသော်လည်း ၎င်း၏မိခင်ဖြစ်သူ ဒိုင်ယာနာ လုပ်ကိုင်ခဲ့သော ပရဟိတလုပ်ငန်းများဖြစ်သည့် HIV ကူးစက်ခံရသူများနှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားနေရသူများကို အားပေးကူညီသည့် ပရဟိတလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။

မင်းသားဟယ်ရီသည် ၁၀ နှစ်ကြာ စစ်မှုထမ်းပြီးနောက် ပွေရှုပ်သည့် မင်းသားတစ်ဦးအဖြစ် မီဒီယာများ၌ မကြာခဏ ဖော်ပြခံရသည့် ပုံရိပ်ကို ချေဖျက်နိုင်ခဲ့သည်။

၎င်းသည် လူမှုအသိုင်းအဝိုင်းတွင် ပါဝင်လှုပ်ရှားဆောင်ရွက်ရာ၌ တော်ဝင်မိသားစုကို ထိခိုက်စေမည့် လုပ်ရပ်များကို အထူးသတိပြုရှောင်ရှားသည်။ ဟယ်ရီ၏ဘဝ၌ ပုံမှန်လုပ်ကိုင်နိုင်မည့် အလုပ်တစ်ခုရှာဖွေရာတွင် တော်ဝင်မင်းသားတစ်ဦး လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများကို လစ်ဟင်းမှုမဖြစ်စေသည့် အလုပ်ရှာဖွေရာ၌ အခက်အခဲရှိနေကြောင်း ၎င်းက ပြောသည်။

(ဆင်ဟွာ)

## ကိုင်ရိုမြို့လယ်ရှိ ဟိုတယ်တစ်လုံးမီးလောင်ရာ လူ ၁၅ ဦး ထိခိုက်ဒဏ်ရာရ

**ကိုင်ရို မေ ၉**

ကိုင်ရိုမြို့လယ်ကောင်ရှိ လူနေထူထပ်သော တန်ဖိုးနည်းအိမ်ရာနေရာ၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အီဂျစ်ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။ မေ ၉ ရက် အစောပိုင်းက ခြောက်ထပ်အဆောက်အအုံ ဟိုတယ်တစ်ခု မီးလောင်ခဲ့သည်ဟု ဝန်ကြီးဌာန၏ဖော်ပြချက်ကို MENA သတင်းဌာနက ဖော်ပြသည်။

အဆိုပါ မီးသည်အနီးအနားရှိ ကုန်လှောင်ရုံနှင့် အဆောက်အအုံများကိုပါ လျင်မြန်စွာ ကူးစက်လောင်ကျွမ်းသွားခဲ့ကြောင်း သိရသည်။ မီးလောင်ကျွမ်းရာ လမ်းထဲ၌ ဈေးဆိုင်ငယ်များနှင့် စားသောက်ဆိုင်တန်းများ ပြည့်နှက်နေသဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်နိုင်ရေးကြိုးပမ်းခဲ့ပြီး ဟိုတယ်အတွင်းရှိ တည်းခိုသူများအားလုံးကို ကယ်တင်နိုင်ခဲ့သည်။

ဒဏ်ရာရရှိသူ ၁၅ ဦးထဲမှ ခြောက်ဦးမှာ အသက်ရှုလမ်းကြောင်းဆိုင်ရာ ကုသမှု ခံယူလျက်ရှိပြီး ကျန်လူနာများကို နီးစပ်ရာ ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့သည်။ မီးလောင်မှုဖြစ်ရသည့် အကြောင်းရင်းကို မသိရသေးဘဲ စုံစမ်းဆဲဖြစ်သည်။

(ပီတီအိုင်)

# ဖားကန့်မြို့၌ လက်ပစ်ဗုံး ငါးလုံး တွေ့ရှိ၊ နှစ်လုံးပေါက်ကွဲ

**ဖားကန့် မေ ၉**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့ မြို့မရပ်ကွက်၌ မေ ၉ ရက် နံနက် ၇ နာရီက ဥရုရတနာကျောက်စိမ်းတောင် တံတားအနီး လုံခြုံရေးဆောင်ရွက်နေသော ရဲတပ်ဖွဲ့ ၂၆ ရဲကင်း၏ ဝဲဘက် ၁၀ ပေခန့်အကွာ၌ တစ်ပေခန့်ရှိ လက်ပစ်ဗုံး တစ်လုံး၊ ရဲကင်းရှေ့ ရှစ်ပေခန့်အကွာ၌ တစ်ပေခန့်ရှိ လက်ပစ်ဗုံး တစ်လုံး၊ ရဲကင်း၏ ယာဘက် ပေ ၃၀ ခန့်အကွာ၌ လက်ပစ်ဗုံးတစ်လုံး စုစုပေါင်း လက်ပစ်ဗုံး သုံးလုံး တွေ့ရှိခဲ့သည်။

အလားတူ ညနေ ၃ နာရီက ငှက်ပျောတောရပ်ကွက် မြို့မရဲတပ်ဖွဲ့ စခန်းဝင်း အတွင်းရှိ အရာရှိရိပ်သာ နှစ်ထပ်ဆောင် အမိုးပေါ်သို့ ခြောက်လက်မကျော်ခန့်ရှိ လက်ပစ်ဗုံးတစ်လုံး၊ ဝဲဘက်ထောင့် ၁၀ ပေခန့်အကွာမြေကြီးပေါ်၌ ဆိုင်ကယ်စီးလာသူ သုံးဦးက ပစ်ပေါက်ထွက်ပြေးခဲ့သည့် ခြောက်လက်မကျော်ခန့်ရှိ လက်ပစ်ဗုံး တစ်လုံး စုစုပေါင်းနှစ်လုံးပေါက်ကွဲခဲ့၍ ဥရုရတနာ ကျောက်စိမ်းတောင်တံတားအနီး လုံခြုံရေးကင်းတဲအတွင်းသို့ ဆိုင်ကယ်စီးလာသူ လူနှစ်ဦးက လက်ပစ်ဗုံး တစ်လုံးအား ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ ရဲကင်းအတွင်းသို့မရောက်ဘဲ ကာရံထားသည့် သံဆန်ခါကို ထိမှန်ကာ ရဲကင်းရှေ့သို့ ကျရောက်ခဲ့ရာ ပေါက်ကွဲမှုမရှိကြောင်း သိရသည်။

အလားတူ မေ ၈ ရက်က ဆိပ်မူကျေးရွာနှင့် ဖားကန့်မြို့ပေါ်၌ လက်နက်ကြီးကျည်နှင့် လက်လုပ်မိုင်းများ ပေါက်ကွဲမှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

(ဝဇ)



ရဲကင်းအနီး တွေ့ရှိသည့် လက်ပစ်ဗုံးသုံးလုံးကို တွေ့ရစဉ်

## ကမာရွတ် အင်းလျားလမ်းပေါ်၌ ယာဉ်တစ်စီးမီးလောင်

**ရန်ကုန် မေ ၉**

ကမာရွတ်မြို့နယ် အမှတ်(၉)ရပ်ကွက် အင်းလျားလမ်း ရန်ကုန်ရွက်လှေအသင်းရှေ့၌ (၇)မိုင်မှ ကမာရွတ်မြို့နယ်ဘက်သို့ မောင်းနှင်လာသည့် 4D/---- မတ်တူး ရွှေငါး အမျိုးအစား မော်တော်ယာဉ်တစ်စီး မေ ၈ ရက် ည ၇ နာရီခန့်က ရုတ်တရက် မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်သည့်ယာဉ်ကို အနီးဝန်းကျင်ရှိသူများက ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၇ နာရီ ၁၂ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ စမ်းချောင်းမြို့နယ် မီးသတ်စခန်းမှူး ဦးစီးအရာရှိ ဦးကျော်ဝင်းသန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်ရသည့်အကြောင်းရင်းကို စစ်ဆေးရာ ဆီပိုက်ပေါက်၍ အိတ်ဇောပေါ်သို့ကျရာမှ မီးလောင်ရခြင်းဖြစ်ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ကားဘက်ထရီအိုး၊ အဲယားကရင်ဒါ၊ မီးခွက်တို့ ပျက်စီးဆုံးရှုံးခဲ့သည်။ မီးလောင်မှုကြောင့် ယာဉ်မောင်း(ပိုင်ရှင်) ဦးခင်မောင်သိန်း (၆၃ နှစ်) အား ကမာရွတ်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုကြီးတင်**

### နေ့အပူချိန်များ အနည်းငယ်တိုးနေမည် ၉-၅-၂၀၁၆

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးနေမည်။ **(မိုး/ဇလ)**



# ပြင်ဦးလွင်၌ မီးလောင်မှုဖြစ်ပွား၊ နေအိမ်သုံးလုံးဆုံးရှုံး

**ပြင်ဦးလွင် မေ ၉**

ပြင်ဦးလွင်မြို့၌ မေ ၉ ရက် နံနက် ၀၀း၄၅ နာရီက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရပ်ကွက်ကြီး(၃) (၉) ရပ်ကွက် ရွှေဘုံသာလမ်း အိမ်အမှတ် (၅၃/၂၀၁၆)နေ ဦးစိုင်းဝဏ္ဏ(၃၈ နှစ်) စိန်ခြယ် ဂက်စ်ရောင်းဝယ်ရေးနေအိမ်မှ မီးဘုတ်ခုံဝိုင်ယာရှော့ခဲ့ဖြစ်၍ စတင်လောင်ကျွမ်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **(ဓဲပုံ)**

မီးလောင်ရာသို့ ပြင်ဦးလွင်တပ်နယ်မှ တပ်နယ်မှူး ဗိုလ်ချုပ်မြင့်မော်နှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းနိုင်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးလှမင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဇော်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့မစခန်းမှူး ဒုတိယရဲမှူး ကျော်ဝင်းနှင့်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ကြီး(၃) အုပ်ချုပ်ရေးမှူး ဦးကျော်ဖုန်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ ပြည်သူများက ပူးပေါင်းဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် နံနက် ၂ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ဦးစိုင်းဝဏ္ဏ၏ စိန်ခြယ် ဂက်စ်ရောင်းဝယ်ရေးလုပ်ငန်းနှင့်အတူ အမြင့် ပေ ၂၀၊ ပေ (၃၀×၅၀)၊ သွပ်မိုး အုတ်ကာ တစ်ထပ်တိုက်နေအိမ်တစ်လုံး၊ ကပ်လျက်ရှိ ဒေါ်နန်းငွေကြည် (စပယ်ဖြူဆွယ်တာလုပ်ငန်းမှ သိုးမွေးချည်များနှင့်အတူ အမြင့် ပေ ၂၀၊ ပေ (၅၀ × ၄၀)၊ သွပ်မိုး အုတ်ကာ နှစ်ထပ်တိုက်တစ်လုံး၊ အမြင့် ပေ ၂၀ ခန့်၊ (၅၀ ×၂၅) ပေ သွပ်မိုး အုတ်ကာ နံရံကပ်တိုက်တစ်လုံးတို့ ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဦးစိုင်းဝဏ္ဏ၏ နေအိမ်နှင့် ဒေါ်နန်းငွေကြည်၏ နေအိမ်အပါအဝင် နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး သေဆုံးဒဏ်ရာရမှု တစ်စုံတစ်ရာမရှိကြောင်းနှင့် ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲအုပ်မျိုးမင်းစိုးက အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)၊ ဓာတ်ပုံ-မြမောင်ဦး**


**ဒေါ်နုနုမေ ၉/မရမ(နိုင်)၀၄၁၁၅၂၏ ၄-၅-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ပြန်လည်အသိပေးကြေညာခြင်းနှင့်**

**ပတ်သက်၍ တုံ့ပြန်ကြေညာခြင်း**

မော်လမြိုင်မြို့နေ ဒေါ်ခင်ပို၏သားကြီးဖြစ်သူ ဦးမောင်မောင် EMDY-၃၀၅၃၅၃၏လွှဲ အပ်ညွှန်ကြားချက်အရ ဖော်ပြပါ ဒေါ်နုနုမေ၏ပြန်လည်အသိပေးကြေညာခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း တုံ့ပြန်ကြေညာပါသည်။

ဒေါ်နုနုမေ၏ကြေညာချက်တွင် ဦးသိန်းစိုး(ကွယ်လွန်)၏ အမွေဆက်ခံသူ ဒေါ်နုနုမေဟု ဖော်ပြထားခြင်းမှာ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားနှင့်တကွ ဖော်ပြနိုင်ခြင်းမရှိ၍ ကျွန်ုပ်၏အမှုသည်မှ ဦးသိန်းစိုး(ကွယ်လွန်)၏အမွေဆက်ခံသူ ဒေါ်နုနုမေဟူသော သုံးနှုန်းဖော်ပြချက်ကို လုံးဝလက်မခံနိုင်ပါ။

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ် ၆၀၉၊ ဦးပိုင်အမှတ် ၄၃/က၊ မြေချိန်ဧရိယာ ဝဒသမဝ၁၈၆ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် တည်ရှိသည့် နံကပ်နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ယခုအခါ ဒေါ်လှလှဆွေနှင့် ကျွန်ုပ်၏အမှုသည်အပါအဝင် ဒေါ်ခင်ပို၏ဆက်ခံသူများသာလျှင် ပိုင်ဆိုင်ပါသည်။ ထို့ကြောင့် ဒေါ်နုနုမေ၏ကြေညာချက်မှာ မှန်ကန်မှုမရှိပါ။ ကျွန်ုပ်အမှုသည် ဦးမောင်မောင်၏ ၃၀-၄-၂၀၁၆ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါကြေညာချက်ကို ထပ်မံအတည်ပြုပါသည်။ ဒေါ်နုနုမေ၏ ပြန်လည်အသိပေးကြေညာချက်တွင် ဂရန်အမှတ်(၀၀၆၄/၂၀၀၀-၂၀၀၁) မူရင်းနှင့် မြေစာရင်းပုံစံ(၁၀၅)တို့အား မရိုးမသားလိမ်လည်ပြီး မန္တလေးမြို့၌ ရယူသွားသူ ဦးမောင်မောင်ဖြစ်ကြောင်း ဖော်ပြချက်သည် လုံးဝမှန်ကန်မှုမရှိသည့်အပြင် ကျွန်ုပ်အမှုသည်၏ ဂုဏ်သိက္ခာကိုလည်းထိခိုက်နစ်နာစေပါသည်။

ထို့ပြင် ဒေါ်နုနုမေ၏ညွှန်ကြားချက်သည် ကျွန်ုပ်အမှုသည်အား ခြောက်လှန့်စော်ကားခြင်း၊ ခြိမ်းခြောက်ခြင်းလည်းဖြစ်ပါသည်။

ထို့ကြောင့် ဒေါ်နုနုမေအနေဖြင့် ထိုသို့ မမှန်မကန်ကြေညာခဲ့သည့် ၄-၅-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ပြန်လည်အသိပေး ကြေညာချက်ကို ခုနစ်ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် အရောင်းအဝယ်ကို ဟန့်တားနှောင့်ယှက်မှု မပြုရန်ကြားသိစေအပ်ပါသည်။ ပျက်ကွက်ပါက ကျွန်ုပ်အမှုသည် အနေဖြင့် ဒေါ်နုနုမေအပေါ် တရားဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း တုံ့ပြန်ကြေညာအပ်ပါသည်။

**လွှဲအပ်သူများ**
**(ဒေါ်ခင်ပို၏ဆက်ခံသူ**
**သားကြီး ဦးမောင်မောင်)**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပွင့်ဖူးအေး(LL.B)**
**အထက်တန်းရှေ့နေ**
**မော်လမြိုင်ရှေ့နေများအသင်းရုံးခန်း**
**ရုံးကြီးဝင်း၊ မော်လမြိုင်မြို့**
**ရုံးဖုန်း-၀၅၇-၂၂၁၄၃၊**
**၀၉-၇၉၂၃၅၄၀၅၉**

**ဖြည့်စွက်ဖတ်ရှုပါရန်**

၁၂-၄-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၃၀ပါ ကန့်ကွက် ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၄၃-ဒီ၊ မြေကွက်အမှတ် ၂၂ ကြော်ငြာတွင် ဒေါ်ဥမ္မာကြည် ၁၂/ဗဟန(နိုင်)၀၇၃၈၆၀ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ရေနံစိမ်းသယ်ယူပို့ဆောင်ခြင်းလုပ်ငန်း**
**စိတ်ဝင်စားသူများအားဖိတ်ခေါ်ခြင်းကိစ္စ**
(Letter of Expression of Interest)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ရေနံမြေများမှ ထွက်ရှိလာသော ရေနံစိမ်းများကို ရေနံချ ဆိပ်ကမ်းအသီးသီးမှ မန်းသံပုရာကန် ရေနံချက်စက်ရုံသို့ တင်ပို့နိုင်ရန်အတွက် မြစ်တွင်းသွားရေယာဉ်/ဆီတွဲများအား ငှားရမ်း၍ သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းအား ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်အတွင်းတွင် ဆောင်ရွက်သွားရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။ မြစ်တွင်းသွားရေယာဉ်/ဆီတွဲများဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်လိုသော ပြည်တွင်းလုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် အဆိုပါငှားရမ်းခြင်းလုပ်ငန်းအား ဆောင်ရွက်လိုပါက စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာ(Letter of Expression of Interest)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ LOEI (Letter of Expression of Interest)တွင် တင်ပြရန် လိုအပ်သည့် အချက်အလက်များကို မြစ်တွင်းသွားရေယာဉ်/ဆီတွဲများဖြင့် သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းဆောင်ရွက်လိုသူများသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းလက်အောက်ရှိ ရေနံထုတ်လုပ်ရေးဌာနတွင် ၂၀၁၆ခုနှစ် မေ ၉ရက်မှစ၍ ဇွန် ၃၀ရက်အထိ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်စုံစမ်းရရှိနိုင်ပါသည်။

၃။ တင်သွင်းလာသော စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလျှောက်လွှာ (Letter of Expression of Interest)များအနက် အချက်အလက်များနှင့် ပြည့်စုံသော ပြည်တွင်းလုပ်ငန်းရှင်၊ ကုမ္ပဏီနှင့်အဖွဲ့အစည်းများကို ပဏာမစိစစ်ရွေးချယ်ပြီး တင်ဒါစနစ်ဖြင့် ရွေးချယ်ခေါ်ယူသွားမည် ဖြစ်ပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ရုံးအမှတ် ၄၄၊ နေပြည်တော်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၆ယ/၇၀၉၄၇ Honda Dream M/Cယာဉ်လက်ဝယ်ရှိသူဦးစိုင်းအေးသွင် ၅/စကန(နိုင်)၀၀၉၅၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8H/6982၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

**ရုပ်ရှင်လောကသားများသို့ဖိတ်ကြားခြင်း**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှရုပ်ရှင်လောကသားများနှင့်တွေ့ဆုံဆွေးနွေးရန် ၈-၄-၂၀၁၆ ရက်မှစ၍ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အောက်ဖော်ပြပါရက်တွင် ကျင်းပမည့်ဆွေးနွေးပွဲသို့ တက်ရောက်ပါရန် ရုပ်ရှင်လောကသားများအား ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၅-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - မွန်းလွဲ ၁နာရီ
**ကျင်းပမည့်နေရာ** - မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမ

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 4G/8742 ယာဉ်လက်ဝယ်ရှိသူအမည် ဦးကျော်ကိုကိုနိုင် ၅/ရဘန(နိုင်) ၁၄၇၅၇၈က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရွှေဘို)၊ ရွှေဘိုမြို့**

**မွေးသက္ကရာဇ်အမှန်**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ ဦးအောင်အောင်-ဒေါ်သန်းသန်းခိုင်တို့၏ သမီး မမေဘရဏီအောင်၇/ပခန(နိုင်)၃၁၃၃၆၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ကျောင်းဝင်မှတ်ပုံတင်စာရင်းအရ ၁၂-၆-၁၉၉၃ ဖြစ်ပါကြောင်း။

**ပျောက်ဆုံးကြောင်း**

မန်းမေတ္တာဝန်ဆောင်မှုကုမ္ပဏီ၏ သွင်းကုန်ကြေညာလွှာ ID 743052၊ ID 743053 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉၇၇၇၈၈၁၈၆၆

**အမည်ပြောင်း**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ အမှတ်(၁)၊ မြို့မမူလွန်ကျောင်း စတုတ္ထတန်းမှ ဦးမျိုးမြင့်၏သား မောင်အောင်လင်းနိုင်အား မောင်လင်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်လင်းမြတ်**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် 7D/ 6006, TOYOTA KLUGER ACU 25, S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်လဲ့ရီ ၁၃/ကခန(နိုင်)၀၂၃၁၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ထွန်းစိုးခိုင် ၁၂/သကတ(နိုင်)၁၃၈၄၉၅၏ PP No အမှတ် M-759690, Dot of issue 18-7-2012 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ထွန်းစိုးခိုင် ဖုန်း-၀၉-၄၂၃၆၉၉၁၀၆**

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့၊ အထက ကျောင်းကြီး သတ္တမတန်း(က) အောင်မှ မောင်ချမ်းမင်းအောင်၏ဖခင် အမည်မှန်မှာ ဦးကျော်သူထွန်း ၁၂/မဘန(နိုင်)၀၈၃၀၄၉ ဖြစ်ပါကြောင်း။
**ဦးကျော်သူထွန်း**

# အာဆီယံ ယူ-၁၉ ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၉ အသင်း စတင်လေ့ကျင့်

**ရန်ကုန် မေ ၉**

ဗီယက်နမ်နိုင်ငံတွင်ကျင်းပမည့် အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၉အသင်းသည် ယနေ့နံနက်ပိုင်းမှ စတင်ကာ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာယူ-၁၉ အသင်းကို ပဏာမ ကစားသမား ၃၀ ဖြင့် ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းက ကိုယ်တွယ်လျက်ရှိသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာယူ-၁၉ အသင်း ဖွဲ့စည်းရန်အတွက် မေ ၂ ရက်မှ ၄ ရက်အထိ သုံးရက်ကြာ လူရွေးပွဲ ကျင်းပခဲ့ပြီး ကစားသမား ၆၀ ဝန်းကျင် လာရောက်ရွေးချယ်ခံခဲ့သည်။ ယင်းကစားသမားများအနက် ၃၀ ကို ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲအတွက် စတင်ပြင်ဆင်လျက်ရှိသည်။ ယခုရွေးချယ်လိုက်သည့် ပဏာမကစားသမား ၃၀ တွင် ၂၀၁၅ခုနှစ်က ဖွဲ့စည်းခဲ့သည့် မြန်မာယူ-၁၉ အသင်းမှ ကစားသမားအများစုပါဝင်လာပြီး လက်ရှိ MNL လူငယ်အမှတ်ပေးပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် ကလပ်အသင်းများမှ ရွေးချယ်ထားခြင်းဖြစ်သည်။ မြန်မာယူ-၁၉ အသင်းသည် စခန်းဝင်လေ့ကျင့်မှုများ တောက်လျှောက်ပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ အာဆီယံနိုင်ငံများတွင် လေ့ကျင့်မှုများပြုလုပ်ရန် စီစဉ်ထားသည်။ အာဆီယံယူ-၁၉ ပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် စက်တင်ဘာ ၁၁ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာအသင်းမှာ အုပ်စု (ခ)တွင် လက်ရှိချန်ပီယံ ထိုင်း၊ သြစတြေးလျ၊ လာအို၊ ကမ္ဘောဒီးယားအသင်းတို့နှင့် အုပ်စုကျပ်အတွင်း ကျရောက်လျက်ရှိသည်။

မြန်မာယူ-၁၉ အသင်းတွင် နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်း၊ လက်ထောက်နည်းပြအဖြစ် ဦးအောင်ကျော်ထွန်း၊ ဂိုးနည်းပြအဖြစ် ဦးဇော်ဝင်းနိုင်၊ ကစားသမားများအဖြစ် **ဂိုးသမား**-ဘုန်းသစ္စာမင်း(ရှမ်း)၊ ဆန်းဆက်နိုင် (MFF Youth)၊ ထွန်းအောင်ကျော် (Horizon)၊ ဟိန်းထက်ကျော် (ရတနာပုံ)၊ **နောက်တန်း**-ဟိန်းဖြိုးဝင်း၊ ရဲမင်းသူ ၊ မြတ်မင်းသူ(ရှမ်း)၊ မင်းရဲထွဋ်(ရခိုင်)၊ သူရိန်စိုး(ရန်ကုန်)၊ ရဲရင့်အောင်၊ ကျော်သူထွန်း(ရတနာပုံ)၊ စိုးမိုးထွန်း (MFF Youth)၊ ဝင်းမိုးကျော်၊ ချမ်းမြေ့ထွန်း(မကွေး)၊ ထိုးရယ်(နေပြည်တော်)၊ ကျော်စွာဝင်း(ဇွဲကပင်)၊ **အလယ်တန်း**-သက်အောင် (ဟံသာဝတီ)၊ အောင်မိုးသူ (MFF Youth)၊ မြင့်ထွန်းနိုင် (မကွေး)၊ ဈာနေရသူ၊ မင်းသူ(ရှမ်း)၊ အာကာ (မြဝတီ)၊ ကောင်းချစ်နိုင် (Southern)၊ စစ်မင်း(ရန်ကုန်)၊ ဥက္ကာမောင် (Horizon)၊ **ရှေ့တန်း**-အောင်ကောင်းမာန် (ရောဝတီ)၊ စအောင်ပြည့်ကို(ရှမ်း)၊ ဇွဲသက်ပိုင် (MFF Youth)၊ ဇော်ပေါက် (ဇေယျာရွှေမြေ)နှင့် ချမ်းငြိမ်း (Southern)တို့ ပါဝင်ကြသည်။

**ရဲရင့်ရှိုင်း**



မြန်မာယူ-၁၉ အသင်း နည်းပြချုပ် ဦးမျိုးလှိုင်ဝင်း ဓာတ်ပုံ-ဖိုးသော်ဇင်



လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းမှ အားကစားသမားအချို့။

## လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအတွက် မြန်မာအသင်း ပဏာမကစားသမားများရွေးချယ်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် မေ ၉**

အာဆီယံ ဆုဇုကီးဖလားပြိုင်ပွဲအကြိုကျင်းပမည့် AYA Bank Cup လေးနိုင်ငံဖိတ်ခေါ် ဘောလုံးပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အသင်းသည် ပဏာမကစားသမား ၂၆ ဦး ရွေးချယ်ခဲ့ပြီး လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် MNL နိုင်ငံခြားသားများ ညွှန့်ပေါင်းအသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့သည့် ကစားသမား ၂၄ ဦးကို ပြန်လည်ရွေးချယ်ခဲ့ပြီး နောက်တန်းအားဖြည့်ရန်အတွက် ဇွဲကပင်နောက်ခံလူ ကိုကိုဟိန်းနှင့် မကွေးနောက်ခံလူ နိုင်လင်းထွန်းတို့ကို ရွေးချယ်ခဲ့ကာ ၂၆ ဦးဖြင့် လေ့ကျင့်မည်ဖြစ်သည်။ နိုင်လင်းထွန်းမှာ လက်ရှိမြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်ဂတ်ဖရိုင်းဒရစ်နှင့်အတူ ယူ-၁၉ အသင်း၊ ယူ-၂၀ အသင်းတို့၌ လက်တွဲခဲ့ဖူးသူဖြစ်သည်။ ကိုကိုဟိန်းမှာ (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲငွေတံဆိပ်ဆုရ မြန်မာ ယူ-၂၃ အသင်း၌ ပါဝင်ခဲ့သူဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအတွက် မေ ၂၄ ရက်တွင် စခန်းဝင်လေ့ကျင့်မည်ဖြစ်ပြီး ယင်းရက်မတိုင်မီ တစ်ပတ်လျှင် တစ်ရက်သို့မဟုတ် နှစ်ရက် လေ့ကျင့်သွားမည်ဖြစ်သည်။ ပထမဆုံးလေ့ကျင့်ခန်း အစီအစဉ်များကို မေ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ပြုလုပ်သွားမည်ဖြစ်ပြီး AFC Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်ယှဉ်ပြိုင်ရမည့် ရန်ကုန်နှင့် ရောဝတီအသင်းတို့မှ ကစားသမားများ လာရောက်လေ့ကျင့်နိုင်မည် မဟုတ်ပေ။ မြန်မာ့လက်ရွေးစင်အသင်းသည် မေလတတိယပတ်တွင်လည်း ထပ်မံလေ့ကျင့်မည်ဖြစ်ပြီး လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲမတိုင်မီ မလေးရှားလက်ရွေးစင်အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။

ယခု ဖွဲ့စည်းလိုက်သည့် မြန်မာ့လက်ရွေးစင်အသင်းတွင် **ဂိုး**-ကျော်ဇင်ဖြိုး(မကွေး)၊ ရန်အောင်လင်း(ရတနာပုံ)၊ ပြည့်ဖြိုးအောင် (Southern)၊ **နောက်တန်း**-နန္ဒကျော်၊ ကျော်ဇင်လွင်၊ နိုင်လင်းထွန်း(မကွေး)၊ ဇော်မင်းထွန်း၊ သီဟထက်အောင်၊ ဒေးဗစ်ဒန်း(ရန်ကုန်)၊ အောင်ဇော်(ရောဝတီ)၊ ဟိန်းသီဟဇော်(ရှမ်း)၊ ဖြိုးကိုကိုသိန်း(ရောဝတီ)၊ ကိုကိုဟိန်း(ဇွဲကပင်)၊ မျိုးကိုထွန်း(ရတနာပုံ)၊ **အလယ်တန်း**- ရဲကိုဦး၊ လှိုင်းဘိုဘို(ရတနာပုံ)၊ ရန်အောင်ကျော်၊ ကြည်လင်း(ရန်ကုန်)၊ မောင်မောင်လွင် (ဟံသာဝတီ)၊ ရန်နိုင်ဦး(ရှမ်း)၊ သီဟဇော်(ရောဝတီ)၊ **ရှေ့တန်း**-ကျော်ကိုကို၊ သန်းပိုင်(ရန်ကုန်)၊ အောင်သူ၊ ဝင်းနိုင်စိုး (ရတနာပုံ)၊ ဆောင်လမန်(ချင်း) တို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မေ ၂၈ ရက်တွင် သုဝဏ္ဏကွင်း၌ မလေးရှားလက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်ပြီး လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို ဇွန် ၃ ရက်နှင့် ၆ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို မြန်မာအသင်းအပါအဝင် ဗီယက်နမ်၊ စင်ကာပူနှင့်ဟောင်ကောင်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် တိုက်ကြီးမြို့နယ်နှင့် ကျောက်တန်းမြို့နယ်များအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချခြင်း** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ သီတာဆိပ်လမ်းသွယ်၊ ပုဇွန်တောင်မြို့နယ်

**တင်ဒါတင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ သီတာဆိပ်လမ်းသွယ်၊ ပုဇွန်တောင်မြို့နယ်

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၀-၅-၂၀၁၆ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၃-၅-၂၀၁၆ ရက် ၁၂:၀၀ နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၂၃-၅-၂၀၁၆ ရက်၊ ၁၃:၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ဖုန်း-၀၁-၂၀၂၁၇၁၊ ၀၁-၉၀၀၀၉၁၂ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/ကံဘဲ့၊ မြေကွက်အမှတ် ၁/သ-၁၊ မြေကွက်တည်နေရာအမှတ်-၉၊ မြရတနာလမ်း၊ (၁၆)ရပ်ကွက်၊ ပြည်သာယာ၊ ရန်ကင်းမြို့နယ် (ဒေါ်မမကြည်)အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်မမကြည်ထံမှ အပိုင်ပေးစာချုပ် ၁၉၇၈/၁၉၉၉(၂၇-၈-၁၉၉၉)ဖြင့် ဒေါ်ခင်ပွင့်ဦး၊ ဦးသစ်လွင်တို့မှ ပိုင်ဆိုင်ခဲ့ပြီး ဦးသစ်လွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်အေး(ခ)မြတ်အေးချမ်း ၁၂/ဒဂန(နိုင်)၀၂၂၂၀၀ က ဒေါ်ခင်ပွင့်ဦး ၁၂/ရကန(နိုင်)၀၅၄၅၀၈နှင့်ပူးတွဲ၍ သေစာရင်း၊ကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာများတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြေရောင်းမည်

(၈၀ ပေ × ၁၀၀ ပေ)
ပဲခူးဟံသာဝတီလေဆိပ်
အနီးမြို့ရှောင်လမ်းဘေး
ကြော်ငြာမလိုပါ။
Ph:09-5044926

## ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်မ ဒေါ်ခင်လှိုင် ၁၂/ဥကတ(နိုင်)၀၆၉၃၂၁ သည် ဦးမြင့်ဦးဆွေ ၁၂/ဥကတ(နိုင်)၀၅၉၄၉၂ အား ၁၆-၃-၂၀၀၆ ရက်တွင် ကိုယ်စားလှယ် လွှဲခဲ့ပါသည်။ သို့ဖြစ်ပါ၍ ယခုကိုယ်စားလှယ်လွှဲစာအား SP ပါဝါအား ၉-၅-၂၀၁၆ရက်တွင် ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်ခင်လှိုင် ၁၂/ဥကတ(နိုင်)၀၆၉၃၂၁**

## အထက(၂) ပုသိမ်မြို့

## (ယခင်နေရှင်နယ်အမျိုးသားကျောင်း)မှ

ရန်ကုန်-ပုသိမ် ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးရှိ (မည်သည့်ခုနှစ်မှမဆို) ကျောင်းသား ကျောင်းသူဟောင်းများအားလုံးကို ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**နေ့ရက်** - ၁၄-၅-၂၀၁၆ ရက် (စနေနေ့)
**အချိန်** - နံနက် ၈ နာရီ
**နေရာ** - ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံ၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်။

**စုံစမ်းရန်** - ဦးခင်မောင်လင်း ဖုန်း-၀၉-၂၆၀၂၈၂၈၁၈၊ ၀၉-၃၃၁၆၈၅၄၅၊ ဦးသက်နိုင် ဖုန်း-၀၉-၄၂၀၁၆၀၆၂၉၊ ၀၉-၇၈၀၂၈၁၀၆၄

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းအမှတ်(၁)၊ လူနေရပ်ကွက် အမှတ်(၁၀)၊ မြေကွက်အမှတ်၁၇၁၅/က၊ သာလာဝတီ၆လမ်း၊ ၁၄ရပ်ကွက်ရှိ အကျယ်အဝန်းပေ ၂၀×၆၀၊ နှစ်(၆၀)ဂရန်မြေကွက်အနက်မှ မခွဲစိတ်ရသေးသော အရှေ့ဘက်ခြမ်း ၁၀ပေ×ပေ၆၀မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန်းမြင့်(EM-015037)ထံမှ အရပ်စာချုပ်အဆက်ဆက်ဖြင့် နောက်ဆုံးဝယ်ယူထားသူ ဒေါ်ခင်ဝင်းဦး ၁၂/သကတ(နိုင်)၀၁၂၇၆၉ထံသို့ ၄င်းမြေကွက်ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက စာရွက်စာတမ်း၊ စာချုပ်စာတမ်းအစစ်အမှန်များ ယူဆောင်လာ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်စန်းရီ**
**နဂ(၅)၊ အခန်း(၃)၊ MOGE အိမ်ရာ၊ ရွှေခင်းသာလမ်း၊ သာကေတမြို့နယ်၊ ဖုန်း-၀၉-၇၉၅၁၄၈၅၂၀**

## တင်ဒါဖွင့်ပွဲကျင်းပမည့်ရက် ပြောင်းလဲပြင်ဆင်ခြင်း

၅-၅-၂၀၁၆ ရက် မြန်မာ့အလင်း သတင်းစာ ကြော်ငြာစာမျက်နှာ(၂၉)ပါရှိသော ပခုက္ကူခရိုင်လမ်းဦးစီးဌာနမှ အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း ကြော်ငြာတွင် တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်အား ၂၉-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီအစား ၃၁-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီဟု ပြောင်းလဲပြင်ဆင်သတ်မှတ်ထားပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**(တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၈၅၀၅၄ Hendai Wave 110 မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူ ဒေါ်ဇင်မွန်ကျော် ၇/ပမန(နိုင်) ၁၈၂၂၀၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စသန်းမောင် ၁၄/မမက(နိုင်)၁၇၂၈၅၈၏ နိုင်ငံကူးလက်မှတ် Passport No.(မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၃၃၁၄၄၆**

## ပျောက်ဆုံးခြင်း

မကြည်ကြည်နွဲ့ ၉/တကန(နိုင်) ၁၄၂၁၉၆ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။

**ဖုန်း-၀၉-၄၂၅၂၈၇၅၉၃**

## ဖခင်အမည်မှန်

သာစည်မြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်း (မယ်ဇလီကန်)၊ တက္ကသိုလ်ဝင်တန်းမှ မောင်မျိုးသက်နိုင်နှင့် သတ္တမတန်းမှ မောင်စစ်မင်းနိုင်တို့၏ဖခင်အမည်မှန်မှာ ဦးမြင့်စိန် ၉/သစန (နိုင်) ၀၉၈၂၆၃ ဖြစ်ပါကြောင်း။

**ဦးမြင့်စိန်**

## Asia Ko

Myanmar Asia Ko Trading Co.,Ltd ၏ ID.No 185491 သန့်ရှင်းရေးသုံး သွင်းကုန် စာရွက်များအားလုံး ပျောက်ဆုံးသွားပါသဖြင့် ကြေညာအပ်ပါသည်။
**ဖုန်း-၀၁-၂၀၉၂၃၃၊**
၀၉-၇၃၁၃၀၂၁၂

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့၊ ချောင်းသာကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၉၉၀)၊ ချောင်းသာ အကွက်၊ ဦးပိုင်အမှတ်(က/၁၀၄၊ က/၁၀၇)၊ ဧရိယာ ၀ဒသမ ၁၁၈ဧကရှိ ဂရန်မြေကို ဒေါ်ယဉ်ယဉ်အောင် အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပုသိမ်မြို့နယ်**

ထင်သာမြင်သာ ပြုပြင်စရာ

# ဖျာပုံမြို့ပြည်သူ့အားကစားကွင်းခြံစည်းရိုးအုတ်တံတိုင်း ပြန်လည်တည်ဆောက်ပေးစေလို



ရေဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်ရှိ ပြည်သူ့အားကစားကွင်းကြီးသည် မီတာ ၄၀၀ ပြေးလမ်းပါအားကစားကွင်းကြီး ဖြစ်သည့်အပြင် အဆင့်မြင့်ပွဲကြည့်စင်ကြီးနှင့် အားကစားသမားများနားနေခန်းများတည်ဆောက်ထားပြီး ခေတ်အဆက်ဆက်တွင် အားကစားကဏ္ဍအလိုက် ပြိုင်ပွဲများကျင်းပခြင်း၊ လေ့ကျင့်သင်ကြားခြင်းများ ပြုလုပ်နိုင်ခဲ့သဖြင့် အားကစားနည်းများ ဖွံ့ဖြိုးတိုးတက်ခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

ယခုအခါ နာဂစ် သဘာဝဘေးဒဏ်ခံစားရပြီးနောက် ပြည်သူ့အားကစားကွင်းကြီး၏ ပတ်ပတ်လည် ခြံစည်းရိုးအုတ်တံတိုင်းမှာ ပြိုကျပျက်စီးသွားပြီး ပြုပြင်တည်ဆောက်နိုင်ခြင်း မရှိသည်မှာ ယနေ့အချိန် အထိ မြင်တွေ့နေရသည်။ ဖျာပုံမြို့ ပြည်သူ့အားကစားကွင်းကြီးအတွင်း ပြိုင်ပွဲများကျင်းပနိုင်ရန်အတွက် ခြံစည်းရိုးအုတ်တံတိုင်း မရှိခြင်းကြောင့် ကျင်းပနိုင်ခြင်းမရှိဘဲ အထူးသဖြင့် ခရိုင်နှင့် မြို့နယ်ဘောလုံးပြိုင်ပွဲများ လုံခြုံစိတ်ချစွာ ကျင်းပနိုင်ခြင်း မရှိကြောင်း၊ ဘောလုံးပြိုင်ပွဲများ ကျင်းပပါကလည်း ပြည်သူများ စည်းကမ်းမဲ့စွာ ဝင်ရောက်ကြည့်ရှုခြင်းကြောင့် ခိုက်ရန်ဖြစ်ပွားမှုများ ကြုံတွေ့နေရသဖြင့် ပြိုင်ပွဲစီစဉ်သူများ လက်လျှော့ထားရကြောင်း သိရသည်။

"ဘောလုံးကွင်းက အခုအချိန်မှာတော့ ခြံစည်းရိုးအုတ်တံတိုင်းက မရှိ၊ ကွင်းအတွင်း မြေသားကလည်း မကောင်းတော့ပြိုင်ပွဲတွေ ကျင်းပရတာ အဆင်မပြေဘူး။ လူငယ်လူရွယ် အားကစားသမားတွေ ဖွံ့ဖြိုးတိုးတက်လာဖို့ အခက်အခဲဖြစ်နေရလို့ လိုအပ်နေတဲ့ခြံစည်းရိုး အုတ်တံတိုင်းကိုတာဝန်ရှိသူတွေက ပြန်လည် တည်ဆောက်ပေးစေလိုပါတယ်"ဟု ဖျာပုံမြို့နေသူ မြို့မိမြို့ဖတစ်ဦးက ပြောသည်။

(၀၇၁)

# ကြက်သွန်နီ-ကုလားပဲခြမ်း ဈေးနှုန်းမြင့်တက်၊ စားအုန်းဆီ-ကြူကုတ်ကြက်သွန်ဖြူ ဈေးနှုန်းကျ

**ရန်ကုန် မေ ၉**

မေလပထမပတ်တွင် ကြက်သွန်နီနှင့် ကုလားပဲခြမ်းဈေးနှုန်းများ မြင့်တက်လာသည်။ ကြူကုတ်ကြက်သွန်ဖြူ-ညောင်ဦးဆေးခတ်ထန်းလျက် ဈေးနှုန်းများ ကျဆင်းလာသည်။ စားအုန်းဆီဈေးနှုန်းမှာ ယခင်ကာလများကဲ့သို့ ဆိပ်ကမ်းရောက် စာရင်းဈေးများနှင့် ကွာခြားမှုနည်းသောပုံမှန်အနေအထားများသို့ ရောက်ရှိလာသည်ဟု ဘုရင့်နောင်ဈေးကွက်မှ သိရှိရသည်။

မေလဆန်းတွင် နွေစဉ်ကြက်သွန်နီပိဿာချိန်ပျမ်းမျှ နှစ်သိန်းဝန်းကျင်ဝင်ရောက်သော်လည်း ဈေးနှုန်းများ မြင့်တက်လာသည်။ မေ ၄ ရက်တွင် ဆိပ်ဖြူကြက်သွန်နီ လက်ကားဈေးနှုန်းတစ်ပိဿာငွေကျပ် ၄၃၀-၅၀၅-၅၃၀-၅၃၀၊ တောင်တွင်းငွေကျပ် ၄၂၀-၄၉၀-၅၂၀ -၅၂၀၊ မြစ်သားငွေကျပ် ၆၅၀-၇၀၀-၇၀၀ နှုန်းရှိလာသည်။ ဧပြီ ၂၁ ရက်ထက် အလုံးသေးတစ်ပိဿာ ၁၀၅ ကျပ်၊ အလုံးကြီးတစ်ပိဿာ ငွေကျပ် ၈၀ ဈေးမြင့်တက်လာသည်ဟု ကုန်စည်ဒိုင်ဈေးနှုန်းစာရင်းဖော်ပြချက်အရ သိရသည်။

မတ်လကုန်ပိုင်းတွင် တစ်ပိဿာငွေကျပ် ၂၁၀၀ သာရှိသော ကုလားပဲခြမ်းသည် မေ ၄ ရက်တွင် ငွေကျပ် ၂၅၅၀ နှုန်းသို့ ဈေးမြင့်တက်လာသည်။ သင်္ကြန်မတိုင်မီ ဧပြီလဆန်းပိုင်းတွင် တစ်ပိဿာ ငွေကျပ် ၄၈၀၀ အထိ ဈေးမြင့်တက်ခဲ့သော ကြူကုတ်ကြက်သွန်ဖြူသည် မေ ၄ ရက်တွင် ငွေကျပ် ၃၅၀၀-၃၅၅၀ နှုန်းသို့ ဈေးနှုန်းများ ပြန်လည်ကျဆင်းလာသည်။

ဝယ်လိုအားနည်းသဖြင့် မေ ၄ ရက်တွင် ညောင်ဦးဆေးခတ်ထန်းလျက် အစစ် တစ်ပိဿာလျှင် ငွေကျပ်၁၀၀၀ နှုန်းသို့ဈေးကျလာသည်။ ရေစကြိုဝမ်းဖြူ အသစ် တစ်ပိဿာ ငွေကျပ် ၁၃၀၀ နှုန်း၊ မလှိုင်ထန်းလျက် ငွေကျပ် ၁၀၀၀ နှုန်းရှိ သည်။ မေ ၂ ရက်တွင် ညောင်ဦးဆေးခတ်ထန်းလျက် တစ်ပိဿာ ငွေကျပ် ၁၂၀၀ -၁၂၅၀ နှင့် ရေစကြိုဝမ်းဖြူ ငွေကျပ် ၁၄၀၀ အထိ ဈေးမြင့်ခဲ့သည်။

မေ ၄ ရက်တွင် ပြည်ပစားအုန်းဆီ FOB တစ်တန် ဒေါ်လာ ၇၂၀ ၊ ဗဟိုဘဏ်ငွေလဲနှုန်း ငွေကျပ် ၁၁၇၀ ဖြင့် ဆိပ်ကမ်းရောက်တစ်ပိဿာ ငွေကျပ် ၁၅၈၀ ရှိပြီး D.O စာရွက် (ဆီထုတ်ယူခွင့်စာရွက်) တစ်ပိဿာရောင်းဈေး ငွေကျပ် ၁၅၆၀ သာရှိသည်ဟု ဆီအသင်း စားအုန်းဆီ နေ့စဉ် ဈေးနှုန်း အသိပေးခြင်းမှ သိရသည်။ အလှယ်လက်ငင်း လက်ကား တစ်ပိဿာရောင်းဈေးမှာ ယင်းနေ့တွင် ငွေကျပ် ၁၅၈၀ သာရှိသည်။

**ခင်ဆိုင်**

# လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းဖွင့်

**နေပြည်တော် မေ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနရုံးခန်းမ၌ မေလပထမပတ်က အရာထမ်း (ခရိုင်ဦးစီးမှူး/ ဒုတိယညွှန်ကြားရေးမှူး) လုပ်ငန်းခွင် စွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း (၁/၂၀၁၆)ဖွင့်လှစ်ကာ သင်တန်းအား မေ ၄ ရက်မှ ၁၄ ရက်အထိ သင်ကြားမည်ဖြစ်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်တက်ရောက်ပြီး သင်တန်းဖွင့်အမှာစကား ပြောကြားကာ သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ခရိုင်ဦးစီးမှူး/ ဒုတိယညွှန်ကြားရေးမှူး ၂၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုမျိုး (ရွှေပေါက်ကံ)**



## သတင်းတိုထွာ

### လေပြင်းတိုက်ခတ်၍ ပျက်စီးသောလူနေအိမ်များအားထောက်ပံ့

**အင်္ဂပူ**

ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ မေ ၇ ရက် မွန်းလွဲပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးသွားသောအိမ်ထောင်စုဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပခဲ့သည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးအပ်သောထောက်ပံ့ငွေများကို တာဝန်ရှိသူများက ပေးအပ်ရာ လေဘေးသင့်ပြည်သူများက လက်ခံရယူခဲ့သည်။

အဆိုပါအခမ်းအနားတွင် မေ ၂ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် အင်္ဂပူမြို့နယ်အတွင်း ကျေးရွာအုပ်စု ခုနစ်စုမှ လူနေအိမ် ၁၂၅ လုံး အမိုးလန်ပျက်စီးသွားသည့် အိမ်ထောင်စုဝင်များအား တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းထောက်ပံ့ခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ဧပြီ ၃၀ ရက်က မိုးသက်လေပြင်းတိုက်ခတ်၍ လူနေအိမ်များပြိုကျပျက်စီးသောအိမ်ထောင်စုဝင်များကို တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ပစ္စည်းရှစ်မျိုးကို မေ ၅ ရက်က ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲတွင် စလင်းမြို့နယ် ဖောင်းလင်းကျေးရွာအုပ်စုသို့သွားရောက်ပြီး အိမ်ထောင်စုဝင် ၁၈၆ စုအတွက် ကျားဝတ်လုံချည် ၂၉၆ ထည်၊ မဝတ်လုံချည် ၂၉၆ ထည်၊ တီရှပ် ၃၇၂ ထည်၊ ခြုံစောင် ၁၈၆ ထည်၊ ခြင်ထောင် ၁၈၆ လုံး၊ ဒန်အိုး ၁၈၆ လုံး၊ ဇလုံ ၁၈၆ လုံး၊ ကာဘော်လစ်ဆပ်ပြာ ၂၉၆ တောင့်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်နှင့် တိုင်းဒေသကြီးပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်ခိုင်တို့က ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**စစ်ကြည် (စလင်း)**

### နှစ်(၇၀)မြောက် မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု

**ရေစကြို မေ ၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့ အမှတ်(၂)စည်ပင်သာယာရပ်ဗိုလ်ချုပ်လမ်းတွင် နှစ်(၇၀)မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ရပ်ကွက်မီးသတ်တပ်ဖွဲ့ ဖွင့်ပွဲကို မေ ၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါဖွင့်ပွဲကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီညီအောင်၊ မြို့ပေါ်ရှိရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ အရန်မီးသတ်တပ်ဖွဲ့များ တက်ရောက်ကြပြီး မြို့နယ်မီးသတ်ဦးစီးမှူးက မီးသတ်တပ်ဖွဲ့လုပ်ငန်းစဉ်များကို ပြောကြားကာ မီးသတ်ဝတ်စုံများနှင့် စပီကာဟွန်းများကို အမှတ်(၂) ရပ်ကွက် အုပ်ချုပ်ရေးမှူးများအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၁၄၈)

### စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး

**အင်းတော် မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပုန်းဟုန်ကျေးရွာအုပ်စု ပုန်းဟုန်ကျေးရွာနှင့် တောင်ဖီလာကျေးရွာတို့တွင် မေ ၇ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူးကျင်းပသောအများပြည်သူများ အန္တရာယ်ရှိ စားသောက်ကုန်များအကြောင်းကို ဟောပြောသည့် စားသုံးသူကာကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် အန္တရာယ်ရှိစားသောက်ကုန်များအကြောင်း ဆိုးဆေးနှင့်စားသုံးသူများ၏ ဘေးထွက်ဆိုးကျိုးများအကြောင်းကို အင်းတော်မြို့နယ်စားသုံးသူရေးရာဦးစီးမှူး ဦးကြည်နိုင်ဦးနှင့် တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဝန်ထမ်းလေးဦးတို့က အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

**နီတိုး**

# သီးနှံအထွက်နှုန်းကောင်းသော်လည်း လမ်းပန်းဆက်သွယ်ရေးကြောင့်အကျိုးအမြတ်ရရှိမှု နည်းပါး

**ရေစကြို မေ ၉**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ချင်းတွင်းမြစ်တစ်ဖက်ကမ်းရှိ ငတရော်ကျေးရွာတွင် သီးနှံအထွက်နှုန်းကောင်းသော်လည်းလမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ကုန်စည်စီးဆင်းမှုနှေးကွေးကာ တောင်သူများအကျိုးအမြတ်ရရှိမှု နည်းပါးလျက်ရှိကြောင်း သိရသည်။

အဆိုပါရွာလေးသည် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံရာအနီးတွင်တည်ရှိသဖြင့် သဘာဝမြေဆီမြေနှစ်များပေါများစွာ ရရှိခြင်းကြောင့် သီးနှံများဖြစ်ထွန်းအောင်မြင်လျက်ရှိသော်လည်း မိုးအခါချင်းတွင်းမြစ်ရေဝင်ရောက်လျက်ရှိပြီး နွေအခါတွင် လှည်းလမ်းကြောင်းကိုသာ အသုံးပြုခွင့်ရရှိသဖြင့် ဒေသထွက်ကုန်များအား ဈေးကွက်သို့ အချိန်မီပို့ဆောင်ရောင်းချနိုင်ခြင်း မရှိကြောင်း ယင်းရွာမှ တောင်သူဦးဌေးချိုက ပြောသည်။

"ရွာကထွက်တဲ့သီးနှံတွေကို ရေစကြိုဈေးကွက်တစ်ခုထဲကိုပဲ အားကိုးပြီး ရေလမ်းကနေ မော်တော်တွေနဲ့ပို့နေရပေမယ့် သယ်တဲ့မော်တော်ကလည်း အိတ် ၂၀၀ လောက်ပဲ သယ်နိုင်တဲ့အနေအထားဆိုတော့ ရွာမှာကုန်တွေက ပုံနေတယ်။ ဈေးနှုန်းအခြေအနေအရလည်း ဈေးကွက်ပြောင်းပြီး ပို့ချင်ပေမယ့် အခုလိုသယ်ယူဖို့အခက်အခဲဖြစ်နေတော့ နစ်နာမှုတွေရှိနေတာပေါ့။ တစ်ရွာလုံးက တောင်သူတွေမျှော်လင့်နေတာကတော့မော်တော်အစားဇက်ယာဉ်ကြီးတွေစီစဉ်ပေးစေချင်တယ်"ဟု ၎င်းက ပြောသည်။

လက်ရှိအခြေအနေတွင် ဧပြီလအတွင်းဖြစ်ပွားခဲ့သည့် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသီးကြွေကျမှုဖြစ်စဉ်များ ယင်းကျေးရွာ



အများစုတွင် ဖြစ်ပေါ်ခဲ့ခြင်းမရှိသည့်အတွက် နွေသီးနှံများဖြစ်သော နွေနှမ်း၊ ပဲတီစိမ်းနှင့် အစေ့ထုတ်ပြောင်းများ ဖြစ်ထွန်းအောင်မြင်ကာ ဒေသခံတောင်သူများပျော်ရွှင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အယ်နီညိုရာသီဥတုကို ပြည်သူ့အားနဲ့ တွန်းလှန်မယ်

**ဒေါ်တာဝင်းမင်းဦး (ကျေးလက်)**

**အယ်နီညိုရာသီဥတုကို ကမ္ဘာ့အခြားနိုင်ငံများနည်းတူ ကျွန်တော်တို့ မြန်မာနိုင်ငံလည်း စတင်ခံစားနေရပြီဖြစ်သည်။ ဆောင်းရာသီ မကုန်ခင်ကပင် နွေရာသီစတင်သကဲ့သို့ အပူချိန်မြင့်တက်လာခြင်းဖြင့် အယ်နီညိုက ၎င်း၏ဝင်ရောက်မှုကို သတိပေးခဲ့ပေသည်။ အယ်နီညိုကြောင့် မြန်မာနိုင်ငံတွင် လွန်ကဲသည့် အပူဒဏ်အန္တရာယ်ရှိပြီး အစွန်းရောက်ရာသီဥတုဒဏ်ကိုခံရနိုင်ကြောင်း မိုးလေဝသပညာရှင် ဦးထွန်းလွင်အပါအဝင် ပညာရှင်များက ဆက်တိုက်သတိပေးခဲ့သည်။ ယခုနှစ် အယ်နီညိုဖြစ်စဉ်သည် သမိုင်းတစ်လျှောက် အပြင်းထန်ဆုံးသော ဖြစ်စဉ်ပင်ဖြစ်ကြောင်း ကမ္ဘာတစ်ဝန်းရှိ မိုးလေဝသပညာရှင်များက သတိပေးချက်များ ထုတ်ပြန်ထားခဲ့ပြီးဖြစ်သလို မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများသို့ အယ်နီညိုရာသီဥတုကြောင့် ပူပြင်းသည့်ဒဏ်ကို ဇွန်လလယ်ထိခံရနိုင်သဖြင့် ကြိုတင်ကာကွယ်နိုင်ရန် သတိပေးချက်များ ထုတ်ပြန်ထားပြီးဖြစ်ပေသည်။ ပူပြင်းသည့် အယ်နီညိုရာသီဥတုကြောင့် အထူးသတိထားရမည့် အချက်များမှာ သောက်သုံးရေ ရှားပါးမှု ပြဿနာ၊ စိုက်ပျိုးရေးအခက်တွေ့မှု၊ ပူပြင်းသည့်ဒဏ်ကြောင့် ဖြစ်ပွားမည့် ကျန်းမာရေးဆိုင်ရာပြဿနာများနှင့် မီးဘေးအန္တရာယ်တို့ဖြစ်ပေသည်။**

အထက်ပါ ပြဿနာများအနက် ပူပြင်းသည့်ရာသီဥတုကြောင့် ရေငွေ့ပျံ၍ ရေတွင်း ရေကန်များ စောစီးစွာခန်းခြောက်၍ သောက်သုံးရေရှားပါးသည့် ပြဿနာမှာ ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအတွက် အထူးတလည် ဖြေရှင်းရမည့် တာဝန်တစ်ရပ်ဖြစ်လာပေသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် လွန်ခဲ့သောနှစ်များကပင် မြန်မာနိုင်ငံ မိုးနည်းရေရှားဒေသကြီးများဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများအပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် အစဉ်တစိုက် အကောင်အထည် ဖော်ဆောင်ရွက်ခဲ့သည့် ပင်မဌာန (Focal Department) ဖြစ်သည့်အားလျော်စွာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၅၄၉၀ တွင် ကျေးလက်ရေရရှိရေးလုပ်ငန်းပေါင်း ၁၃၃၁၄ ခုအား ဆောင်ရွက်ပေးနိုင်ခဲ့သလို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်လည်း ကျေးရွာပေါင်း ၂၀၆၀ ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းပေါင်း ၂၀၉၇ ခု အား အကောင်အထည်ဖော်ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိထားခဲ့ပြီးဖြစ်၍ အမြန်ဆုံး စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ စီစဉ်ဆောင်ရွက်မှုများအပြင် ယမန်နှစ် နွေရာသီရေရှားပါးသဖြင့် ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေပေးခဲ့ရမှု အတွေ့အကြုံများနှင့် ယခုနှစ် မိုးလေဝသပညာရှင်များ၏ အယ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မား၍ သောက်သုံးရေရှားပါးနိုင်ကြောင်း သတိပေးချက်များအား အလေးထား၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျေးရွာများတွင် နွေရာသီရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရန်အတွက် ၂၀၁၆ ခုနှစ် ဇန်နဝါရီလပထမပတ်မှစတင်၍ လိုအပ်သည်များ ကြိုတင်စီမံထားကြရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများသို့ ညွှန်ကြားထားခဲ့ပြီးဖြစ်ပါတယ်။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှလည်း ကျေးရွာများသို့ ကွင်းဆင်း၍ သောက်သုံးရေလုံလောက်မှု ရှိ/မရှိနှင့် ရေပြတ်လပ်နိုင်ခြေ ရှိ/မရှိ ကွင်းဆင်းစစ်ဆေးကာ အကယ်၍ သောက်သုံးရေပြတ်လပ်မှု ဖြစ်ပေါ်ပါကလည်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ တင်ပြရန် အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။ ထို့နည်းတူ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ကျေးရွာများသို့ သောက်သုံးရေပြတ်လပ်နိုင်မှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး၍ စာရင်းပြုစုခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၁၇၆ မြို့နယ်၊ ကျေးရွာပေါင်း ၁၇၆၁ ကျေးရွာတွင် ရေရှားပါးပြတ်လပ်မှု ဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းရရှိခဲ့ပါသည်။

သို့ဖြစ်၍ အဆိုပါ ကျေးရွာများသာမက ကျန်ကျေးရွာများ၌ပါ ရေရှားပါးမှု ဖြစ်ပေါ်လာပါက ဆက်သွယ်နိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများနှင့် ရုံးချုပ်ရှိ ညွှန်ကြားရေးမှူးချုပ်မှ အစပြု၍ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ၊ ညွှန်ကြားရေးမှူးများနှင့်တကွ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၏ လက်ကိုင်ဖုန်းများအပါအဝင် ဖက်စ် ၊ ဖုန်းနှင့် အီးမေးများအား သတင်းစာ၊ ဂျာနယ်နှင့် လူမှုကွန်ရက်များတွင်ပါဖော်ပြ၍ ရေရှားပါးမှုဖြစ်စဉ်အား ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် အသိပေးခဲ့ပြီးဖြစ်သလို ဆက်သွယ်မှု ရှိလာပါကလည်း ချက်ချင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အတွင်းရှိ မြို့နယ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြုကော်မတီ၊ ကျေးရွာ ရေကော်မတီဝင်၊ ရပ်မိရပ်ဖများ၊ ကျေးလက်လူငယ်များ၏ အမည်နှင့်ဆက်သွယ်ရန် ဖုန်းနံပါတ်များကိုလည်း စုစည်းထားပြီးဖြစ်ပါသည်။

ဧပြီ ၂၆ ရက်အထိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပါအဝင် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ စေတနာရှင်များ၊ အလှူရှင်များနှင့် ပရဟိတဖောင်ဒေးရှင်းများမှ နွေရာသီရေရှားပါးကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေပေးပို့မှုမှာ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၁၀၈ မြို့နယ်၊ ကျေးရွာ ၄၉၄ ရွာ၊ အိမ်ခြေ ၆၉၁၈၈ အိမ်၊ လူဦးရေ ၃၄၆၉၃၈ အတွက် သောက်သုံးရေဂါလန် ၄ ဒသမ ၂၉ သန်း ဖြန့်ဝေပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ ဖြန့်ဝေရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့များမှ ၄၄ ရာခိုင်နှုန်း၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များမှ ၁၆ ရာခိုင်နှုန်းနှင့် စေတနာရှင်၊ အလှူရှင်နှင့် ပရဟိတဖောင်ဒေးရှင်းများမှ ၄၀ ရာခိုင်နှုန်း ပူးပေါင်းဖြန့်ဝေခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ဦးစီးဌာနအနေဖြင့် ယူနီဆက်စသည့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရခိုင်ပြည်နယ်ရှိ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ ဘူးသီးတောင်အစရှိသော မြို့နယ်များတွင် ကျေးရွာပေါင်း ၉၀ ရှိ ရေခန်း၊ လျော့နည်းသွားသည့် မြေသားရေကန် ၁၂၀ အား ရေချိုဖြည့်သွင်းခြင်း လုပ်ငန်းများ အားဆောင်ရွက်ပေးခဲ့သည့်အပြင် ရေရှားပါးကျေးရွာများသို့ ရေပိုမိုဖြန့်ဝေပေးနိုင်ရေးအတွက် ရေသယ်ပုံးများ၊ စက်သုံးဆီများနှင့် အခြားလိုအပ် သောပစ္စည်းများ ထောက်ပံ့ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ ထိုမှသာမက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မွမ်းမံရန်ပုံငွေ၊ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေတို့ဖြင့် ကချင်၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ရှမ်းနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၃၀ တွင် နွေရာသီ ရေရှားပါးမှုမှ လျော့နည်းသက်သာစေရန် တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်းနှင့် စိမ့်စမ်းရေသွယ်လုပ်ငန်း ၂၆ ခုအား ၂၀၁၆ ခုနှစ်၊ မတ်လအတွင်း အပြီးသတ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နွေရာသီရေရှားပါးကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေလှူဒါန်းမှုများပြုလုပ်ရာတွင် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ စည်ပင်သာယာအဖွဲ့များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးကဲ့သို့သော ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအလှူရှင်များနှင့် ပရဟိတအဖွဲ့အစည်းများမှ ပေါင်းစပ်၍ ဖြန့်ဝေပေးခဲ့ခြင်း ဖြစ်သော်လည်း အချို့ဝေးလံခေါင်ဖျားဒေသများသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအားနည်းခြင်းတို့ကြောင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ကျေးရွာများသို့ သောက်သုံးရေလုံလောက်စွာဖြန့်ဝေပေးနိုင်မှုအတွက် စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ရှိနေဆဲပင်ဖြစ်ပါသည်။ ဆိုရလျှင် သောက်သုံးရေဖြန့်ဝေမှုစုစုပေါင်း၌ စေတနာရှင် ပြည်သူများ၏ ပါဝင်မှုမှာ ၄၀ ရာခိုင်နှုန်းခန့်ရှိသည့်အပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များအနေဖြင့်လည်း ပြည်သူများနှင့် မီဒီယာများ၏ ဆက်သွယ်အကြောင်းကြားမှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ဖြင့် နွေရာသီရေရှားပါးကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေပေးနေရခြင်းဖြစ်သဖြင့် တစ်နည်းဆိုရလျှင် ပြည်သူများ၏ ပေါင်းစပ်စုစည်းအားဖြင့် အယ်နီညိုရာသီဥတု၏အပူဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်နေကြခြင်း ဖြစ်ပါသည်။




ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ စုပေါင်းရေလှူဒါန်းစဉ်

ရေဖြန့်ဝေလှူဒါန်းမှုများပြုလုပ်ရာတွင် များသောအားဖြင့် ရေရှားပါးမှုဒဏ်ခံစားနေရသော ပြည်သူလူထု၏ သတင်းပေး တင်ပြမှုအပေါ်တွင် အရေးယူ စီစဉ်ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် သက်ဆိုင်ရာ ဒေသခံပြည်သူများအနေဖြင့် မိမိတို့၏ တင်ပြချက်မှာ အမှန်တကယ် ရေရှားပါးမှုဒဏ်ခံစားနေရသည့် ကျေးရွာများ၏ရေရရှိရေးအတွက် အထောက်အကူဖြစ်စေရမည်ဖြစ်ပါသည်။ သို့မဟုတ်ပါက ပြည်သူ့ဘဏ္ဍာငွေများနှင့် စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်း ထည့်ဝင်ငွေဖြင့် ဆောင်ရွက်လျက်ရှိသော ရေပေးဝေမှုများ၏ ထိရောက်မှုများစွာ အားနည်းသွားစေနိုင်သည့်အပြင် မြန်မာတစ်နိုင်ငံလုံးရှိ အမှန်တကယ် သောက်သုံးရေ အပူတပြင်းလိုအပ်လျက်ရှိသောဒေသများသို့ ကူညီဖြေရှင်းပေးနိုင်မှုများ အားနည်းသွားစေမည်ဖြစ်ရာ များစွာဂရုပြုသင့်ပေသည်။ စေတနာရှင်၊ အလှူရှင်များ၊ ပရဟိတအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများအနေဖြင့်လည်း မိမိတို့ သွားရောက်လှူဒါန်းမည့်ဒေသများ၏ ရေရှားပါးမှုအခြေအနေနှင့် သောက်သုံးရေရရှိနိုင်မှု အရင်းအမြစ်များအား သေချာစွာစူးစမ်းလေ့လာပြီးမှသာ အမှန်တကယ် ဆောင်ရွက်ရန်လိုအပ်သော နည်းလမ်းများ၊ လှူဒါန်းမှုများပြုလုပ်ရန် လိုအပ်ပေမည်။ သို့မှသာ နွေရာသီ ရေရှားပါးမှုဒဏ်ခံစားနေရသော ကျေးလက်နေပြည်သူများသို့ ထိရောက်သော ထောက်ပံ့ကူညီမှုများ ပြုလုပ်ခြင်းမည်ပေမည်။ ထိုသို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများမှတစ်ဆင့် သင်ခန်းစာနှင့် အတွေ့အကြုံများ ရယူအသုံးချပြီး နွေရာသီရေရှား ပါးကျေးရွာများအပါအဝင် တစ်နိုင်ငံလုံးရှိ ကျေးလက်ဒေသနေပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် ရေရှည်အစီအမံများရေးဆွဲ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ဆွေးနွေးအကြံပြုချက်များဖြင့် အခြေခံရေးဆွဲခဲ့သော ကျေးလက်ရေရရှိရေး၊ ကျန်းမာသန့်ရှင်းရေး မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကဲ့သို့သော ရေရှည်စီမံချက်များဖြင့် ကျေးလက်နေပြည်သူများ၏ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက်လည်း ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ယနေ့အထိ ရေရှားပါးမှုများအား ဖြေရှင်းဆောင်ရွက်နိုင်မှုမှာ ပြည်သူများပါဝင်မှု၊ ဌာနဆိုင်ရာအားလုံး ပူးပေါင်းပါဝင်မှု၊ ပြည်တွင်း၊ ပြည်ပ အလှူရှင်များ၏ ပူးပေါင်းပါဝင်လှူဒါန်းမှု၊ တတ်နိုင်သည့်ဘက်မှ ပါဝင်ကူညီဆောင်ရွက်မှု စသည့် ပြည်သူတို့၏စုစည်းမှုအားကြောင့်သာ ယခုလောက်ထိ ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် နွေရာသီရေရှားပါးသည့် ဒဏ်ခံစားနေရသည့် ပြည်သူများ၏ကိုယ်စား စေတနာရှင်အလှူရှင် ပြည်သူများ၊ ပရဟိတအဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများသို့ ရေရှားပါးကျေးရွာများအား မိုးမကျမီကာလအထိ သောက်သုံးရေထောက်ပံ့ ဖြည့်ဆည်းပေးရာတွင် ဆက်လက်ပူးပေါင်းကူညီဆောင်ရွက်ပေးကြဖို့ ဖိတ်ခေါ်ပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

**စေတနာရှင်၊ အလှူရှင်များ၊ ပရဟိတအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများအနေဖြင့်လည်း မိမိတို့ သွားရောက်လှူဒါန်းမည့်ဒေသများ၏ ရေရှားပါးမှုအခြေအနေနှင့် သောက်သုံးရေရရှိနိုင်မှု အရင်းအမြစ်များအား သေချာစွာစူးစမ်းလေ့လာပြီးမှသာ အမှန်တကယ် ဆောင်ရွက်ရန်လိုအပ်သော နည်းလမ်းများ၊ လှူဒါန်းမှုများပြုလုပ်ရန် လိုအပ်**



# မာလဲနတ်တောင် ရေလှောင်တမံမှ ဆည်ရေဖြင့် နွေစပါးများ စိုက်ပျိုးအောင်မြင်

**စဉ့်ကူး မေ ၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်တွင် မာလဲနတ်တောင်ရေလှောင်တမံမှ ဆည်ရေဖြင့် နွေစပါးများ စိုက်ပျိုးအောင်မြင်လျက်ရှိကြောင်း သိရသည်။ ယင်းရေလှောင်တမံမှာ ၂၀၀၈ ခုနှစ် ဆည်တည်ဆောက်ပြီးကတည်းက မာလဲနတ်တောင်ချောင်း၏ လက်ဝဲလက်ယာရှိ ကျေးရွာအုပ်စု ကိုးအုပ်စုနှင့် ကျေးရွာပေါင်း ၃၀ တို့အား ဆည်၏ လက်ဝဲမြောင်း၊ လက်ယာမြောင်းတို့မှ ဆည်ရေများပေးဝေခဲ့သည်။ မာလဲနတ်တောင်ရေလှောင်တမံမှ ဆည်ရေဖြင့် ဆည်ရေသောက်ကျေးရွာများမှ မိုးစပါး၊ နွေစပါး၊ နှမ်း၊ ငရုတ်၊ ဝါများ စိုက်ပျိုးနေကြသည်။

ယခင်ဆည်ရေမရခင်က မိုးစပါးသာ စိုက်ပျိုးနိုင်ခဲ့သော်လည်း ဆည်ဆောက်ပြီးနောက် နွေစပါးပါ စိုက်ပျိုးလာကြသည့်အတွက် တောင်သူလယ်သမားများ အဆင်ပြေကြောင်း သိရသည်။

ယခုအခါ မာလဲနတ်တောင်ဆည်လက်ဝဲမြောင်း၊ လက်ယာမြောင်းများမှ ဆည်ရေအဆက်မပြတ်ပေးနေသဖြင့် နွေသီးနှံများဖြစ်သော နွေစပါး၊ ပဲမျိုးစုံ၊ မတ်ပဲ၊ ပဲတီစိမ်းများမှာ အထူးစိုက်ပျိုးအောင်မြင်နေသဖြင့် တောင်သူလယ်သမားများ ပျော်ရွှင်နေကြကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြော

**မော်လူး မေ ၉**

သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနက ဦးစီးကျင်းပသော တရားမဝင်သစ်ထုတ်လုပ်မှု လျော့နည်းပပျောက်ရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးဟောပြောပွဲကို စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ မေ ၇ ရက်က ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် အင်းတော်မြို့နယ် သစ်တောဦးစီးအရာရှိ တောအုပ်ကြီး ဦးခင်မောင်စိန်က သစ်တောသစ်ပင်ထိန်းသိမ်းရေး၊ သစ်တောပြုစုပျိုးထောင်ရေး၊ သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများကို တရားမဝင်သုံးစွဲခြင်းဖြင့် အရေးယူဆောင်ရွက်နိုင်သည့် ပုဒ်မများ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ နည်းဥပဒေအရဆောင်ရွက်ခြင်းတို့ကို ရှင်းလင်းပြောကြားပြီး မော်လူးနယ်မြေတာဝန်ခံတောအုပ် ဦးစိန်သန်းက တရားမဝင်သစ်စက်လုပ်ငန်းများလျော့နည်းပပျောက်ပြီး တရားဝင်လိုင်စင်လုပ်ဆောင်ရမည့် နည်းလမ်းများအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက မရှင်းလင်းသည်များကိုမေးမြန်းကြရာ တောအုပ်ကြီးက ပြန်လည် ဖြေကြားခဲ့သည်။

**ညိုမင်းထက်(မြန်မာစာ)**

## တိုက်ပွဲရှောင်ပြည်သူများအား ကူညီထောက်ပံ့

**သီပေါ မေ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့၌တိုက်ပွဲရှောင် ဒေသခံများအား မြို့နယ် အုပ်ချုပ်ရေးမှူးဦးညွန့်လှိုင်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံပြီး အားပေးစကားပြောကြားကာ လိုအပ်သော ကူညီဆောင်ရွက်မှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ တိုက်ပွဲရှောင်ပြည်သူများ စားဝတ်နေရေးအတွက် မြရတနာ တည်းခိုခန်းမှ ဆန်နှင့် စားသောက်ဖွယ်များကို ရတနာရွှေဂူကျောင်းတိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တခေမိန္ဒအရှင်သူမြတ်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ အဆိုပါတိုက်ပွဲရှောင်ပြည်သူများမှာ သီပေါမြို့နယ် အုံမုကျေးရွာအုပ်စု ပန်ခါးရွာနေ အိမ်ထောင်စု ၃၃ စုမှဒေသခံပြည်သူ ၁၃၁ ဦးဖြစ်ပြီး သီပေါမြို့ ရတနာရွှေဂူဘုန်း တော်ကြီးကျောင်းတွင် လာရောက်ခိုလှုံလျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## စစ်ကိုင်းတိုင်းဒေသကြီး ကျေးရွာ ၅၁ ရွာတွင် ယင်လုံရေအိမ်သာများ တည်ဆောက်ပေးမည်

**မုံရွာ မေ ၉**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း (နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပါအဝင် )ကျေးရွာပေါင်း ၅၁ ရွာ၌ အများသုံးနှင့် အိမ်ထောင်စုသုံး ယင်လုံရေအိမ်သာ ၂၄၃ လုံးကို တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ အများသုံးနှစ်ခန်းတွဲ ရေအိမ်နှစ်လုံး၊ ကသာခရိုင်အတွင်းရှိ ကျေးရွာကိုးရွာ၌ အများသုံးနှစ်ခန်းတွဲရေအိမ်ခြောက်လုံး၊ ငါးခန်းတွဲရေအိမ်သုံးလုံး စုစုပေါင်းကိုးလုံး၊ ခန္တီးခရိုင်အတွင်းရှိ ကျေးရွာ ၁၃ ရွာတွင် အများသုံးနှစ်ခန်းတွဲရေအိမ် ၁၃ လုံး၊ လေးခန်းတွဲရေအိမ်နှစ်လုံး၊ ငါးခန်းတွဲရေအိမ်တစ်လုံး၊ အိမ်ထောင်စုသုံး ၃၅ လုံးစုစုပေါင်း ၄၅ လုံး၊ စစ်ကိုင်းခရိုင်အတွင်းရှိ ကျေးရွာတစ်ရွာ၌ အများသုံးငါးခန်းတွဲ ရေအိမ်နှစ်လုံး၊ မုံရွာခရိုင်အတွင်းရှိ ကျေးရွာခြောက်ရွာ၌ အများသုံးနှစ်ခန်းတွဲရေအိမ်နှစ်လုံး၊လေးခန်းတွဲရေအိမ်တစ်လုံး၊ ငါးခန်းတွဲရေအိမ်သုံးလုံး၊ အိမ်ထောင်စုသုံးရေအိမ်အလုံး ၄၀ စုစုပေါင်း ၄၆ လုံး၊ ရွှေဘိုခရိုင်အတွင်းရှိ ကျေးရွာ ၁၇ ရွာတွင် အများသုံး နှစ်ခန်းတွဲရေအိမ်သုံးလုံး၊ လေးခန်းတွဲရေအိမ်ခုနစ်လုံး၊ ငါးခန်းတွဲရေအိမ်နှစ်လုံး၊ အိမ်ထောင်စုသုံးရေအိမ် ၁၂၅ လုံး စုစုပေါင်း ၁၃၇ လုံး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ကျေးရွာသုံးရွာတွင် အများသုံးငါးခန်းတွဲရေအိမ်သုံးလုံး တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး (နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပါ) အတွင်းရှိ ကျေးရွာ ၅၁ ရွာ၌ အများသုံးအိမ်ထောင်စုသုံးယင်လုံရေအိမ်သာ ၂၄၃ လုံး တည်ဆောက်ပေးမည်ဖြစ်ရာ အိမ်ခြေ ၁၃၃၄၁ လုံးကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## သထုံတွင် သောက်သုံးရေအခက်အခဲဖြစ်သည့် နေရာများကို နေ့စဉ်ရေလှူဒါန်းပေးနေ

**သထုံ မေ ၉**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် တပ်မတော် တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် လူမှုအဖွဲ့အစည်းအသီးသီးမှ အလှူရှင်များက နေ့စဉ် ရေလှူဒါန်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

သောက်သုံးရေ အခက်အခဲဖြစ်ပါက အချိန်မီသတင်းပေးနိုင်ရန် သထုံမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအား အကြောင်းကြားထားပြီး ဆက်သွယ်အကြောင်းကြားလာပါက ရေပေးဝေနိုင်ရေးအတွက် ချိတ်ဆက်စီစဉ်ထားကြောင်း သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က ပြောသည်။

သထုံမြို့နယ်အတွင်း နေ့စဉ်သောက်သုံးရေ ဂါလန်ပေါင်း တစ်သိန်းဝန်းကျင်ခန့် လိုက်လံပေးဝေနိုင်ရန်လိုအပ်ပြီး ဌာနဆိုင်ရာအချို့တို့အပြင် ပုဂ္ဂလိကနှင့် လူမှုရေးအဖွဲ့အစည်း ၂၀ ကျော်တို့က နေ့စဉ် လိုက်လံလှူဒါန်းမှုများကြောင့် လက်ရှိအချိန်အထိ လုံလောက်မှုရှိသော်လည်း ပူပြင်းသည့် ကာလရှည်လာသည်နှင့်အမျှ သောက်သုံးရေလိုအပ်သော ကျေးရွာရပ်ကွက် အရေအတွက် ပိုမိုများပြားလာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



သထုံမြို့နယ်အတွင်း ပြီးခဲ့သည့် ဧပြီလကုန်အထိ ကျေးရွာခြောက်ရွာဝန်းကျင်ခန့်သာ သောက်သုံးရေလိုအပ်ခဲ့သော်လည်း မေလဆန်းမှစတင်ကာ သောက်သုံးရေ လိုအပ်သော ကျေးရွာနှင့် ရပ်ကွက်ပေါင်း ၂၅ ခုအထိရှိလာကြောင်း သထုံမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**သက်ဦး(သထုံ)**

## မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြုစုပေါင်းသွေးလှူ

**မော်လမြိုင် မေ ၉**

မွန်ပြည်နယ် မီးသတ်ဦးစီးဌာန၏ နှစ်(၇၀) ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မီးသတ်စခန်း အမှတ်(၁) စစ်ရေးပြကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးက အမှာစကားပြောကြားသည်။

နှစ်(၇၀) ပြည့် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုသောအားဖြင့် မေ ၄ ရက်က ပြည်နယ်မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းထိုက်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးရှိ သွေးလှူဘဏ်တွင် သွေးများသွားရောက်လှူဒါန်းကြရာ သွေးလှူဘဏ်တာဝန်ခံ ဒေါက်တာသန်းထိုက်နှင့် သူနာပြုဆရာမတို့က အာဟာရဖြည့်အစားအစာများ ပြန်လည်ကျွေးမွေးခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**




## အင်္ဂပူမြို့နယ်တွင် တံတားနှစ်စင်းတည်ဆောက်

**အင်္ဂပူ မေ ၉**

ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်တွင် အင်္ဂပူ-ဘဲပြာလမ်းပေါ်ရှိ တံတားအမှတ်(၁၄)နှင့် (၁၅) ဆောက်လုပ်နေမှုကို မေ ၆ ရက် နံနက်က ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သက်ရှည်နှင့် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်စိုးတို့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါတံတားနှစ်စင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငွေလုံးငွေရင်း(မွမ်းမံ) ရန်ပုံငွေ ၂၉ ဒသမ ၉၆ သန်းဖြင့် တည်ဆောက်လျက်ရှိပြီး တံတားအမျိုးအစားမှာ တံတားအမှတ်(၁၄) အလျား ၃၅ ပေ၊ အကျယ် ၁၄ ပေ နှင့် တံတားအမှတ်(၁၅) အလျား ၂၀ ပေ၊ အကျယ် ၁၄ ပေရှိ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# ရန္တပိုသို့

**မောင်သာ(ရှေးဟောင်းသုတေသန)**

ရန္တပိုကျေးရွာသည် မြန်မာနိုင်ငံအထက်ပိုင်း အင်းဝမြို့ဟောင်း၏ တောင်ဘက်မိုင် ၄၀၊ မြင်းခြံမြို့မှအထက် ခြောက်မိုင်အကွာ ဧရာဝတီမြစ်ကမ်းပေါ်တွင် တည်ရှိပြီး မြင်းခြံမြို့မှ ကားဖြင့်သွားနိုင်သကဲ့သို့ ဧရာဝတီမြစ်အတွင်းမှ လှေ၊ သင်္ဘောဖြင့်လည်း သွားရောက်နိုင်သည်။ မန္တလေးမှ ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းလာလျှင် မြောင်မြို့နှင့် ဆီမီးခုံရွာကို ကျော်လာလျှင် ရန္တပိုရွာသို့ ရောက်ရှိသည်။ ဆီမီးခုံနှင့် ရန္တပိုတို့သည် ဧရာဝတီဖြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိနေကြသည်။

ရန္တပိုကျေးရွာတွင် မြေအိုးထုတ်လုပ်မှုလုပ်ငန်းကို မြန်မာဘုရင်များလက်ထက်မှ စတင်လုပ်ဆောင်ခဲ့ပြီး ခေတ်အဆက်ဆက် ရိုးရာလက်မှုပညာရပ်တစ်ခုအဖြစ် လုပ်ကိုင်နေကြသည်မှာ ယနေ့တိုင် ဖြစ်သည်။ ရန္တပိုကျေးရွာ အိုးထုတ်လုပ်ဖြန့်ဖြူးမှု လုပ်ငန်းသည် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် များစွာတွင်ကျယ်လာခဲ့ကာ ယခင်က မန္တလေးနှင့် မြင်းခြံမြို့များသို့သာ တင်ပို့နေရာမှ မြန်မာတစ်နိုင်ငံလုံးသို့ တင်ပို့လာခဲ့ရသည်။ ၂၀၁၁ ခုနှစ် နောက်ပိုင်းမှစ၍ ဧရာဝတီမြစ်ကြောင်းအတိုင်း မန္တလေးနှင့် ပုဂံအကြား သွားလာကြသော ကမ္ဘာလှည့်ခရီးသွားများသည် ရန္တပိုတွင် ခရီးတစ်ထောက် ဝင်ရောက်ရပ်နားကာ အိုးလုပ်ငန်းကို လေ့လာကြသည်။ ရန္တပိုရွာသည် တောင်ရွာနှင့် မြောက်ရွာဟူ၍ နှစ်ပိုင်းရှိကာ တစ်ရွာလျှင် အိမ်ခြေ ၃၀၀ ဝန်းကျင်စီ ရှိကြသည်။ တောင်ရွာတွင် တောင်သူလုပ်ငန်းကို အများဆုံးလုပ်ကိုင်ကြပြီး မြောက်ရွာတွင် မြေထည်အနုပညာ အိုးလုပ်ငန်းကို အဓိက လုပ်ကိုင်ကြသည်။

အိုးလုပ်ငန်းရှင်များသည် အိုးလုပ်မည့်ရွှံ့မြေကို ဧရာဝတီမြစ်ကမ်း ညောင်တိုရွာနှင့် သဲကို ဂင့်ဂဲရွာမှ ဝယ်ယူကြသည်။ ရေကြီးသော မိုးတွင်းကာလများတွင် အိုးလုပ်ငန်းများ ရပ်နားထားရလေ့ရှိကာ မြေနှင့် သဲများကို ဝယ်ယူစုဆောင်းထားရသည်ဟု ရွာခံများက ပြောပြသည်။ အိုးမလုပ်မီ ရွှံ့ကို သဲနှင့်ရောပြီး တစ်ဦးက ခြေနင်းစက်ကို လှည့်ပေးရပြီး ကျန်တစ်ဦးက အိုးပုံဖော်ရသည်။ ပုံပေါ်သွားသည့်အိုးများကို ရွှံ့သားခြောက်သွားစေရန် နေ့တစ်ဝက်ခန့် နေလှန်းရသည်။ ပြီးမှ အိုးကို အလှပန်းရိုက်ကာ နှစ်ရက်ခန့် ထပ်မံနေလှန်းပြီး မီးဖုတ်ရသည်။

အိုးဖုတ်ရန် ကောက်ရိုးနှင့် သစ်ရွက်ခြောက်များပေါ်တွင် ထင်းခြောက်များခင်းကာ အပေါ်တွင် နေလှန်းထားပြီးသောအိုးများကို စက်ဝိုင်းပုံ အထပ်လိုက်စီရသည်။ အိုးများပေါ်တွင် ကောက်ရိုးများထပ်အုပ်ကာ မီးအပြင်မထွက်စေရန် လွှစာမှုန့်၊ ရေဆွတ်




ထားသောပြာနှင့် သဲတို့ဖြင့် ဖုံးအုပ်ပေးရသည်။ ထို့နောက် ဖိုပတ်ပတ်လည်တွင် အပေါက်များဖောက်ပြီး မီးရှို့သည်။ မီးက အတွင်းရှိ ထင်းနှင့် ကောက်ရိုးများကို လောင်ကျွမ်းကာ အပြင်သို့ ထွက်မလာတော့ချေ။ မီးဖုတ်ပြီးလျှင် အိုးများကိုဖော်ရပြီး ရန္တပိုရွာတွင် အိုးတစ်လုံးလျှင် ကျပ် ၄၅၀ ပေးရသည်။

ရန္တပိုကျေးရွာသည် အိုးလုပ်ငန်းကြောင့် လူသိများသကဲ့သို့ မြန်မာတို့ အင်္ဂလိပ်ကို စစ်ရှုံးခဲ့ရပြီး ရခိုင်၊ တနင်္သာရီနှင့် မဏိပူရတို့ကို စွန့်လွှတ်ခဲ့ရသည့် သမိုင်းဝင်စာချုပ်ကို ချုပ်ဆိုခဲ့သည့်နေရာအဖြစ်လည်း ထင်ရှားသည်။ ကမ္ဘာလှည့်ခရီးသည်များသည် ရန္တပိုသို့ ရေလမ်းခရီးမှ လာရောက်ကြကာ ရန္တပိုတွင် စစ်ရှုံးစာချုပ်အမှတ်တရ စိုက်ထူထားသောကျောက်တိုင်ကို ကြည့်ရှုလေ့ရှိကြသည်။

မြန်မာတို့သည် သမိုင်းတစ်လျှောက်၌ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ မဖြစ်မီအထိ မွန်ဂိုတို့၏ ကျူးကျော်မှုအပါအဝင် ပြည်ပရန်များကို ရင်ဆိုင်ခဲ့ရကာ စစ်ပွဲများ ဆင်နွှဲခဲ့ရသော်လည်း မိမိပိုင်နယ်မြေများကို လက်လွှတ်ဆုံးရှုံးခဲ့ရခြင်း မရှိခဲ့ပါချေ။ သို့သော်လည်း နေမဝင်အင်ပါယာ ထူထောင်ရန်ကြိုးပမ်းခဲ့သည့် နယ်ချဲ့ဗြိတိသျှနှင့် ရင်ဆိုင်ရချိန်တွင် မြန်မာတို့သည် နယ်ချဲ့၏ စစ်အင်အားအသာစီးရမှုများနှင့် ခိုင်မာစနစ်ကျသော အုပ်ချုပ်မှုများကို မယှဉ်နိုင်ခဲ့ပါချေ။ မြန်မာနိုင်ငံသည် ၁၈၂၄ ခုနှစ်မှ ၁၈၈၅ ခုနှစ်အတွင်း အင်္ဂလိပ်များနှင့် စစ်ပွဲသုံးကြိမ် ဖြစ်ပွားခဲ့ကာ လက်နက်မမျှ၊ နည်းပညာကွာဟမှုများကြောင့် သုံးကြိမ်လုံး ရှုံးနိမ့်ခဲ့ရပြီး ရန္တပိုစာချုပ်သည် မြန်မာတို့၏ ပထမဆုံး စစ်ရှုံးမှတ်တမ်းအဖြစ် သမိုင်းတွင်ခဲ့သည်။

ဗြိတိသျှတို့သည် ဗဒုံမင်းလက်ထက် ၁၇၉၅ ခုနှစ်မှစ၍ ဘကြီးတော်နန်းတက်သည့် ၁၈၁၉ ခုနှစ်အထိ နှစ်ပေါင်း ၂၄ နှစ်အတွင်း အိန္ဒိယနိုင်ငံ၏ နယ်မြေများဖြစ်သည့် မိုင်ဆိုး (Mysone)၊ မဒရပ်စ်(Madras)၊ ယူနိုက်တက်ပရော့ဗင်ဆက် (United Provinces)(ယခု အူတာပရာဒက်ရှ်ပြည်နယ်)အထက်ပိုင်း၊ ဘုံဘေနယ်အတွင်းမှ ဘာရိုဒါ(Baroda)၊ သြရိသ (Orissa)၊ ပက်ရှဝါ(Peshwa) နှင့် ရာဇပုတ္တန (Rajaputana) တို့ကို သိမ်းပိုက်ထားခဲ့သည်။ ၁၇ ရာစုမှစ၍ အာရှတိုက်တွင် ခြေကုပ်ယူကာ နယ်ချဲ့ခဲ့သော ဗြိတိသျှတို့သည် ၁၉ ရာစုတွင် အိန္ဒိယနိုင်ငံ၏ သုံးပုံနှစ်ပုံကျော်ကို ပိုင်ဆိုင်ခဲ့သည်။

ဗဒုံမင်းလက်ထက်တွင် ရခိုင်စစ်တကောင်း နယ်စပ်ပြဿနာကြောင့် ဗြိတိသျှ မြန်မာဆက်ဆံရေး တင်းမာခဲ့ပြီး ဘကြီးတော်လက်ထက်တွင် မဏိပူရအာသံအရေးကြောင့် ဗြိတိသျှတို့နှင့် မပြေမလည်ဖြစ်ခဲ့သည်။ မြန်မာတို့ နန်းတင်ထားခဲ့သော မဏိပူရစော်ဘွား မာဂျစ်ဆင်းသည် ၁၈၁၉ ခုနှစ်တွင် ကျင်းပပြုလုပ်သော ဘကြီးတော်၏ ရာဇာဘိသိက်သွန်းပွဲသို့ တက်ရောက်ခြင်းမရှိခဲ့ချေ။ ဘကြီးတော်က ထိုသို့ ပျက်ကွက်ခြင်းသည် မြန်မာဘုရင်အား တော်လှန်ခြားနားခြင်းဟု ယူဆကာ မဏိပူရသို့ မြန်မာတပ်များကို စေလွှတ်ခဲ့သည်။

မာဂျစ်ဆင်းသည် ဗြိတိသျှပိုင် ဆီလဟတ်(Sylhet)နှင့်ဆက်စပ်နေသည့် ကချာ (Cachar)သို့ ထွက်ပြေးသွားခဲ့သည်။ မာဂျစ်ဆင်း၏တပ်များ ကချာသို့ ရောက်ရှိလာခဲ့သဖြင့် ကချာစော်ဘွား ဂေါဝိန္ဒချန္ဒရာသည် ဗြိတိသျှတို့ထံ အကူအညီတောင်းခံခဲ့သည်။ ဗြိတိသျှတို့က မြန်မာတပ်မှူးအား ကချာကို မတိုက်ခိုက်ရန် ပြောခဲ့ပြီး ဗြိတိသျှအစိုးရသည် ကချာကို ကာကွယ်စောင့်ရှောက်ရန် ကချာဒေသသို့ ဝင်ရောက်ခွင့်ရှိကြောင်း ပြောဆိုခဲ့သည်။ မြန်မာတို့ကလည်း ၁၈၂၃ ခုနှစ် နိုဝင်ဘာလတွင် ဆီလဟတ်နှင့် အာသံနယ်စပ်တစ်လျှောက်၌ တပ်အင်အားများ အခိုင်အမာချထားခဲ့သည်။

ဗြိတိသျှတို့သည် မြန်မာများလက်တွင်းသို့ ကချာနယ် ကျရောက်သွားမည်ကို စိုးရိမ်ခဲ့ကြသည်။ ကချာကျသွားလျှင် ဘင်္ဂလားအရှေ့ပိုင်းကို မြန်မာတို့ အလွယ်တကူ တိုက်ခိုက်နိုင်မည်ဟု ဗြိတိသျှတို့က ယူဆခဲ့သဖြင့် ကချာကိုသိမ်းပိုက်ခဲ့ပြီး အစောင့်ရှောက်ခံ နယ်မြေတစ်ခုအဖြစ် ကြေညာခဲ့သည်။ ၁၈၂၃ ခုနှစ်တွင် ကချာနယ်အတွင်းသို့ မြန်မာတပ်များဝင်ရောက်၍ မာဂျစ်ဆင်း၏တပ်များကို တိုက်ခိုက်ရာတွင် ကချာနယ်တွင် ရောက်နေသော ဗြိတိသျှတပ်များနှင့်မြန်မာတပ်များ တိုက်ပွဲဖြစ်ပွားခဲ့သည်။

မဏိပူရအရေးသည် ကချာအရေးသို့ ကူးပြောင်းသွားပြီး မြန်မာနှင့် ဗြိတိသျှတို့ ပဋိပက္ခဖြစ်ခဲ့ကာ ၁၈၂၄ ခုနှစ် မတ်လ ၅ ရက်တွင် ဘုရင်ခံချုပ် လော့ဒ်အင်းဟတ် (Lord Amherst) က မြန်မာနိုင်ငံနှင့် စစ်ဖြစ်နေပြီဖြစ်ကြောင်း တရားဝင်ကြေညာခဲ့သည်။ ဗြိတိသျှများ၏ အဓိက ရည်ရွယ်ချက်သည် စစ်တကောင်းမှ စင်ကာပူအထိ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်လိုခြင်းဖြစ်သဖြင့် မြန်မာနိုင်ငံကို တိုက်ခိုက်ရန် ကြံရွယ်ထားပြီးဖြစ်သည်။

ဗြိတိသျှစစ်ဗိုလ်ချုပ် ဆာအာချီဘောကင်းဘဲသည် စစ်သည်အင်အား ၁၁၅၀၀ ကိုဦးဆောင်လျက် ရန်ကုန်သို့ ရေကြောင်းမှချီတက်လာခဲ့သည်။ ဗြိတိသျှရေကြောင်းချီတပ်များသည် မာန်အောင်ကျွန်း၊ မော်တင်စွန်းနှင့် ဟိုင်းကြီးကျွန်းတို့ကို သိမ်းပိုက်ခဲ့ကြသည်။ မဟာဗန္ဓုလသည် စစ်တကောင်း၊ ပန်းဝါအရောက် တိုက်ခိုက်အောင်မြင်သော်လည်း ကုလားတို့ ငြိမ်ဝပ်မည်မဟုတ်၊ ပင်လယ်ရေလမ်းသင့်ရာ ဟံသာဝတီ ရန်ကုန်မြို့ကို ထိပါးနှောင့်ယှက်ရန်ရှိသည်။ ဟံသာဝတီမြို့မှာ နှလုံးလက်ရုံးနှင့်ပြည့်စုံသူ မှူးကြီးမတ်ကြီးတို့ ရပ်နေမှ သင့်ပါမည့်အကြောင်း ဘကြီးတော်ထံ လျှောက်ထားခဲ့သည်။(မဟာဗန္ဓုလသည် အင်္ဂလိပ်များကို ကုလားဟု ရည်ညွှန်းခဲ့သည်။) ဘကြီးတော်သည် စစ်သူကြီးမဟာဗန္ဓုလ၏ လျှောက်ထားချက်အတိုင်း ဝန်ကြီး သတိုးမင်းကြီးမဟာမင်းခေါင်နှင့် ဝန်ကြီး သတိုးမဟာသေနာပတိတို့ကို ၁၈၂၄ ခုနှစ် မေ ၇ ရက်တွင် ရန်ကုန်သို့ စုန်ဆင်းစေခဲ့သည်။

၁၈၂၄ ခုနှစ် မေ ၁၀ ရက်တွင် ဗြိတိသျှတပ်များ ရန်ကုန်သို့ ရောက်ရှိလာသောအခါ မြန်မာတို့ဘက်မှအင်အားသည် မြို့စောင့်တပ်မျှသာရှိသဖြင့် မြို့တွင်းမှ ဆုတ်ပေးခဲ့ရသည်။ ထို့နောက် မြန်မာတပ်များသည် ကြည့်မြင်တိုင်တွင် ခံတပ်အခိုင်အမာဆောက်လုပ်ကာ စစ်ပြင်ခဲ့ကြသည်။ စစ်သူကြီး မဟာဗန္ဓုလသည် အရေးမလှဖြစ်နေသော ရန်ကုန်စစ်မျက်နှာသို့ တပ်များကိုကွပ်ကဲ၍ ရုတ်ခြည်း ရောက်ရှိလာခဲ့ချိန်တွင် မြန်မာတပ်များနှင့် အင်္ဂလိပ်တပ်များ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

မြန်မာတပ်များ၏ စစ်ချီ၊ စစ်တက်၊ တိုက်ခိုက်မှုနည်းဗျူဟာများသည် အဆင့်မနိမ့်သော်လည်း ဗြိတိသျှတို့၏ လက်နက်နှင့် မြန်မာတပ်များကိုင်ဆောင်သော လက်နက်များသည် မယှဉ်သာအောင် ကွာခြားနေသောကြောင့် မဟာဗန္ဓုလသည် မခုခံနိုင်ဘဲ ရန်ကုန်မြို့မှ ဓနုဖြူသို့ ဆုတ်ပေးခဲ့ရသည်။ မဟာဗန္ဓုလသည် ဓနုဖြူခံတပ်တွင် စစ်သည်များကိုကွပ်ကဲနေစဉ် ၁၈၂၅ ခုနှစ် ဧပြီ ၁ ရက်တွင် ကျဆုံးခဲ့သည်။

မဟာဗန္ဓုလ ကျဆုံးပြီးသည့်နောက် မြန်မာတပ်များသည် မြန်မာနိုင်ငံအထက်ပိုင်းသို့ ဆုတ်ခွာခဲ့ကြသည်။ ဗြိတိသျှတပ်များသည် မြန်မာနိုင်ငံအထက်ပိုင်းသို့ ကြည်းကြောင်း၊ ရေကြောင်းနှစ်ဖက်ညှပ်၍ ဆက်လက်ချီတက်လာကြရာ မြန်မာတပ်များက ပြည်မြို့အနီးတစ်ဝိုက်မှ ဆီးကြိုခုခံကြသည်။ ဗြိတိသျှတို့က နှစ်ဖက်ညှပ်ကာ တိုက်ခိုက်မှုများကြောင့် မြန်မာတပ်များသည် ပြည်မြို့မှဆုတ်ခွာ၍ ဝက်ထီးကန်မှ ခုခံကြပြန်သည်။ ဝက်ထီးကန်တိုက်ပွဲတွင် ဗြိတိသျှတို့ဘက်မှ ဗိုလ်မှူးကြီးမက်ဒူးဝေါ အပါအဝင် အရာရှိငါးယောက်နှင့် စစ်သည်များ ကျဆုံးခဲ့သည်။ မကြာမီ ဗြိတိသျှများက အင်အားအလုံးအရင်းဖြင့် ပြန်လည်တိုက်ခိုက်ချိန်တွင် မြန်မာတပ်များ ဆုတ်ခွာခဲ့ရပြန်သည်။

ပြည်မြို့နှင့် ဝက်ထီးကန် ကျသွားပြီးနောက် မြန်မာ့တပ်များသည် မြေထဲ၊ မလွန်၊ ပုဂံ၊ ညောင်ဦး၊ ဆီမီးခုံအစရှိသည့် မြို့ရွာများမှ ခုခံတိုက်ခိုက်ရင်း ဆုတ်ခွာခဲ့ကြရာ နောက်ဆုံးတွင် ဗြိတိသျှတပ်များသည် ရန္တပိုရွာအထိ ရောက်ရှိလာခဲ့ကြသည်။ ထိုအချိန်တွင် မြန်မာ့လွှတ်တော်သည် အင်္ဂလိပ်တို့နှင့် စစ်ပြေငြိမ်းစကားဆိုရန် ဘကြီးတော်အား တိုက်တွန်းခဲ့သည်။ ထို့ကြောင့် ဒေါက်တာဂျက်ဆင်နှင့် ဒေါက်တာပရိုက်တို့ကို ဗြိတိသျှတပ်များထံသို့စေလွှတ်၍ စစ်ပြေငြိမ်းရေး ဆွေးနွေးစေခဲ့သည်။




မြန်မာအစိုးရဘက်မှ လယ်ကိုင်းမြို့စား ဝန်ကြီး မင်းကြီးမဟာမင်းလှကျော်ထင်၊ ကျီဝန် အတွင်းဝန်မင်းကြီး မဟာမင်းလှသီဟသူရတို့သည် ဗြိတိသျှတို့ဘက်မှ ဆာအာချီဘောကင်းဘဲလ် အပါအဝင် အခြားအရာရှိများနှင့် ရန္တပိုရွာတွင်တွေ့ဆုံကာ နောင်တွင် ရန္တပိုစာချုပ်ဟု ထင်ရှားလာမည့် စစ်ပြေငြိမ်းရေးစာချုပ်ကို ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်တွင် ချုပ်ဆိုခဲ့ပြီးနောက် အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲ ပြီးဆုံးသွားခဲ့သည်။

ရန္တပိုစာချုပ်တွင် အပိုဒ်(၁၁)ပိုဒ် ပါဝင်ခဲ့ပြီး မြန်မာဘုရင်သည် အာသံကို အစိုးမရသည့်အပြင် ရခိုင်ကို အင်္ဂလိပ်များက သိမ်းယူကာ မော်တင်စွန်းကို နယ်စပ်အဖြစ် သတ်မှတ်ခဲ့သည်။ တနင်္သာရီဒေသတစ်လျှောက်ကိုလည်း သိမ်းယူလျက် သံလွင်မြစ်ကို အပိုင်းအခြားအဖြစ် သတ်မှတ်ခဲ့သည်။ မြန်မာဘုရင်က စစ်လျော်ကြေးအဖြစ် ကျပ်တစ်ကုဋေပေးရန် စာချုပ်တွင် ထည့်သွင်းချုပ်ဆိုခဲ့သည်။

အင်္ဂလိပ်တို့က မိတ်သဟာယစာချုပ်ဟု ညွှန်းဆိုသည့် ရန္တပိုစာချုပ်ကို မြန်မာသက္ကရာဇ် ၁၁၈၇ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက် (ခရစ်သက္ကရာဇ် ၁၈၂၆ ခု ဖေဖော်ဝါရီလ ၂၄ ရက်)တွင် မြန်မာဘက်မှ စစ်သူကြီး လယ်ကိုင်းမြို့စား ဝန်ကြီး မင်းကြီးမဟာမင်းလှကျော်ထင်၊ ကျီဝန်အတွင်းဝန်မင်းကြီး မဟာမင်းလှသီဟသူနှင့် ဗြိတိသျှဘက်မှ ဗိုလ်ချုပ်ဆာအာချီဘောကင်းဘဲ၊ အရေးပိုင် ရောဘတ်စင်၊ ရေတပ်ကပ္ပတိန် ရစ်ချတ်ဘာ့ချ်တို့က ရန္တပိုရွာတွင် ချုပ်ဆိုခဲ့ကြသည်။ ရန္တပိုကျေးရွာတွင် ချုပ်ဆိုခဲ့သောကြောင့် ရန္တပိုစာချုပ်ဟု ထင်ရှားခဲ့သည့် စာချုပ်သည် မြန်မာတို့အပေါ် နိုင်လိုမင်းထက်ချုပ်ဆိုခဲ့သည့် စာချုပ်သာဖြစ်ခဲ့ပြီး မြန်မာ့သမိုင်းတွင် ပြည်ပကျူးကျော်သူထံ ပထမဆုံး အလျှော့ပေးခဲ့ရကာ မိမိပိုင်နယ်မြေများ စွန့်လွှတ်ခဲ့ရသည့် စာချုပ် ဖြစ်ခဲ့သည်။

ဗြိတိသျှများသည် ရန္တပိုစာချုပ်ကို အဆောတလျင် ရေးသားချုပ်ဆိုခဲ့သဖြင့် ပြည့်စုံမှုမရှိဖြစ်ကာ နယ်စပ်ရေးရာကိစ္စများကို မဖြေရှင်းနိုင်ခဲ့ပါချေ။

ရန္တပိုစာချုပ်အရ မြန်မာတို့က အင်္ဂလိပ်တို့ကို စစ်လျော်ကြေး ငွေကျပ်တစ်ကုဋေနှင့် ရခိုင်၊ တနင်္သာရီနှင့် မဏိပူရနယ်တို့ကို ပေးအပ်ခဲ့ရသည်။ မြန်မာပိုင်နယ်မြေများအား တိုင်းတစ်ပါးသားတို့လက်သို့ ပေးလိုက်ရခြင်းသည်ကား မြန်မာလူမျိုးတိုင်းအတွက် ရင်နာဖွယ် ဆုံးရှုံးမှုတစ်ရပ် ဖြစ်ခဲ့ပေသည်။ အင်္ဂလိပ်တို့သည် ရန္တပိုစာချုပ်ချုပ်ဆိုအပြီး ၁၈၂၆ ခုနှစ် မတ်လဆန်းတွင် တပ်များကို ရုပ်သိမ်းခဲ့သည်။ မြန်မာတို့သည် မိမိတို့နိုင်ငံ အဓွန့်ရှည်တည်တံ့စေရန် တိုင်းတစ်ပါး၏ရန်ကို ကာကွယ်နိုင်ရန် ခိုင်မာ၊ တောင့်တင်း၊ ခေတ်မီသော အင်အားတစ်ရပ်ကို ထူထောင်ကြရမည်ဖြစ်ကြောင်း အင်္ဂလိပ်တို့နှင့်ဖြစ်ပွားခဲ့သော စစ်ပွဲသုံးခုက သင်ခန်းစာပေးခဲ့သည်။

မြန်မာတို့ထံမှ စစ်လျော်ကြေးရရှိသွားသော ရွှေနှင့် ငွေများကို တင်ဆောင်သွားခဲ့သည့် အင်္ဂလိပ်သင်္ဘော(Alligator) သည် ယူနီယံဂျက်အလံကို လွှင့်ထူကာ ရန်ကုန်မြစ်အတွင်းမှ ထွက်ခွာသွားခဲ့ပုံကို စဉ်းစားမိတိုင်း များစွာ ကြေကွဲဝမ်းနည်းရပေသည်။ ရန္တပိုရွာတွင် စစ်ပြေငြိမ်းစာချုပ် ချုပ်ဆိုခဲ့သည့် အထိမ်းအမှတ်ကျောက်စာတိုင်သည် မြန်မာတို့ အနိုင်ကျင့်ခံရမှု၏ သက်သေတစ်ရပ်အဖြစ် ယနေ့တိုင် တည်ရှိနေပေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၉၀(ခရစ်နှစ် ၁၈၂၆ ခုနှစ်)က ချုပ်ဆိုခဲ့သည့် ရန္တပိုစာချုပ်သည် မြန်မာ့သမိုင်းတွင် ဝမ်းနည်းဖွယ်မှတ်တမ်းတစ်ခုအဖြစ် သမိုင်းတွင်ခဲ့ရပေသည်။ ။

**ကိုးကား**

**အင်္ဂလိပ်မြန်မာစစ်သမိုင်း (နတ်မောက် ဘုန်းကျော်)**

**ရန္တပိုစာချုပ်**

**DMHC သင်တန်းမှတ်စုများ**

**အင်္ဂလိပ်တို့က မိတ်သဟာယစာချုပ်ဟုညွှန်းဆိုသည့် ရန္တပိုစာချုပ်ကို မြန်မာသက္ကရာဇ် ၁၁၈၇ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက် (ခရစ်သက္ကရာဇ် ၁၈၂၆ ခု ဖေဖော်ဝါရီ ၂၄ ရက်)တွင် မြန်မာဘက်မှ စစ်သူကြီး လယ်ကိုင်းမြို့စား ဝန်ကြီး မင်းကြီးမဟာမင်းလှကျော်ထင်၊ ကျီဝန်အတွင်းဝန်မင်းကြီး မဟာမင်းလှသီဟသူနှင့် ဗြိတိသျှဘက်မှ ဗိုလ်ချုပ်ဆာအာချီဘောကင်းဘဲ၊ အရေးပိုင် ရောဘတ်စင်၊ ရေတပ်ကပ္ပတိန် ရစ်ချတ်ဘာ့ချ်တို့က ရန္တပိုရွာတွင် ချုပ်ဆိုခဲ့ကြသည်။ ရန္တပိုကျေးရွာတွင် ချုပ်ဆိုခဲ့သောကြောင့် ရန္တပိုစာချုပ်ဟု ထင်ရှားခဲ့သည့် စာချုပ်သည် မြန်မာတို့အပေါ် နိုင်လိုမင်းထက်ချုပ်ဆိုခဲ့သည့် စာချုပ်သာဖြစ်ခဲ့**

# ယူ-၁၇ ဥရောပချန်ပီယံရှစ်အုပ်စုပွဲစဉ်တွေလာပြီ

မိုးမြင့်လင်းလက်



ယူ-၁၇ ဥရောပချန်ပီယံရှစ် အုပ်စုပွဲစဉ်တွေကို မေ ၁၁ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဥရောပ ပြည်တွင်းလိဂ်ပွဲစဉ်တွေ ရာသီကုန်ချိန်နီးလာတဲ့အခါ ယူ-၁၇ ဥရောပချန်ပီယံရှစ်ပွဲစဉ်တွေက စောင့်ကြိုနေပါတယ်။ ဥရောပ လူငယ်မျိုးဆက်သစ်တွေရဲ့ အားသွန်ခွန်စိုက် ကစားမှုတွေကို အကဲခတ်ခွင့်ရမှာဖြစ်ပြီး အနာဂတ်ဘောလုံးလောကမှာ လင်းလက်တောက်ပလာမယ့် လူငယ်ကစားသမားတွေကိုလည်း မြင်တွေ့ခွင့်ရဦးမှာ ဖြစ်ပါတယ်။ ယူ-၁၇မှာ အဓိကအားဖြင့် လူငယ်မျိုးဆက်သစ်ကစားသမားတွေ ပါဝင်ကစားကြမှာဖြစ်ပါတယ်။ လူငယ်ကစားသမားအများစုဟာ အသင်းကြီးတွေမှာ ကစားဖို့ အလားအလာကောင်းတွေရှိနေပါတယ်။

**စကော့တလန်နှင့် အဇာဘိုင်ဂျန်**

အုပ်စု(A)မှာတော့ နှစ်သင်းစလုံး တစ်ပွဲစီ ကစားပြီးချိန်မှာ ရှုံးပွဲတွေကိုယ်စီကြုံထားပါတယ်။ စကော့တလန်တို့က တိုက်စစ်အားကောင်းပေမယ့် အဆုံးသတ်ဂိုးသွင်းမှုအပိုင်းမှာ အားနည်းနေတာမို့ လိုအပ်ချက်တွေရှိနေဆဲ ဖြစ်ပါတယ်။ စကော့တလန် လူငယ်တွေဟာ လျင်လျင်မြန်မြန်ကစားနိုင်ပေမယ့် ပြိုင်ဘက်ခံစစ်ကြောင်းကို ကျော်ဖြတ်ဖို့ စွမ်းရည်ပြည့်ဝမှု အပိုင်းမှာ အဇာဘိုင်ဂျန်တို့ထက် အားနည်းနေပါတယ်။ အဇာဘိုင်ဂျန်တို့က တစ်သင်းလုံး အချိတ်အဆက် မိမိကစားနိုင်ပြီး တွန်းတွန်းတိုက်တိုက်လည်း ထိုးဖောက်တိုက်စစ်ဆင်တာမို့ စကော့တလန်တို့ခက်ခဲမယ့်ပွဲပါပဲ။ တောင်ပံတွေကို အားပြုကစားတဲ့ စကော့တလန်ရဲ့ တိုက်စစ်က ဘယ်လောက်အထိ အကျိုးသက်ရောက်မှုရှိမလဲကြည့်ရမှာပါ။ ဒီပွဲမှာ နှစ်သင်းစလုံး ခြေစွမ်းနဲ့ အားထုတ်မှုတူညီနေတာမို့ သရေပွဲအဖြစ် ရလဒ်ထွက်ပေါ်ပြီး အမှတ်ခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။

**ပေါ်တူဂီနှင့် ဘယ်လ်ဂျီယံ**

အုပ်စု(A)မှာ တစ်ပွဲစီနိုင်ပြီး သုံးမှတ်ကိုယ်စီရရှိထားပြီးဖြစ်တဲ့ ပေါ်တူဂီနဲ့ ဘယ်လ်ဂျီယံတို့ ထိပ်တိုက်တွေ့ဆုံတဲ့ပွဲပါပဲ။ ပေါ်တူဂီ လူငယ်တွေက တိုက်စစ်အားကောင်းပြီး ဂိုးသွင်းလည်း သေချာသူတွေဖြစ်တာမို့ အခုပွဲမှာလည်း တိုက်စစ်ဖွင့်ကစားပါလိမ့်မယ်။ ဘယ်လ်ဂျီယံတို့က လည်း ကွင်းလယ်ကစားအားကောင်းပြီး တိုက်စစ်၊ ခံစစ်မျှအောင် ဟန်ချက်ညီညီကစားနိုင်တာမို့ ပေါ်တူဂီကို ခြေရည်တူကစားနိုင်ရေးကြိုးစားပါလိမ့်မယ်။ ခံစစ်ပိုင်းကောင်းမွန်ပြီး တိုက်စစ်အားထက်မြက်တဲ့ ပေါ်တူဂီတို့ အနိုင်ရရှိသွားပါလိမ့်မယ်။

**ဘော့စနီးယားနှင့် ယူကရိန်း**

အုပ်စု(B)မှာ တစ်ပွဲကစား၊ တစ်ပွဲရှုံးထားတဲ့ ဘော့စနီးယားတို့ အခုပွဲမှာလည်း အမှတ်ရဖို့ မလွယ်ပါဘူး။ ယူကရိန်းတို့က တစ်ပွဲကစားပြီးချိန်မှာ တစ်မှတ်ရရှိထားတာမို့ အခုပွဲမှာ အမှတ်ပြည့်ရရှိရေးကြိုးစားပါလိမ့်မယ်။ ယူကရိန်းတို့ကတော့ ခံစစ်အခြေပြုပြီး တိုက်စစ်ဖွင့်ကစားနိုင်တာကြောင့် ဘော့စနီးယားတိုက်စစ်မှူးတွေ ကျော်ဖြတ်ဖို့ ခက်ခဲပါလိမ့်မယ်။ ဘော့စနီးယားတို့ရဲ့ အားနည်းချက်က ခံစစ်ပိုင်းဖြစ်ပြီး ယူကရိန်းတိုက်စစ်ကို ဟန့်တားဖို့ မလွယ်ပါဘူး။ ယူကရိန်းတို့ နိုင်ပွဲရသွားနိုင်ပါတယ်။

**ဂျာမနီနှင့် ဩစတြီးယား**

အုပ်စု(B)မှာ ဂျာမနီတို့ တစ်ပွဲကစားပြီး တစ်မှတ်သာ ရရှိထားပါတယ်။ ဩစတြီးယားတို့ကတော့ တစ်ပွဲကစား၊ တစ်ပွဲနိုင်ထားပြီး သုံးမှတ်နဲ့ အုပ်စုကို ဦးဆောင်နေပါတယ်။ ဂျာမနီ လူငယ်တွေဟာ ခံစစ်ကို ရအောင်ကစားပြီး ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်ကစားတတ်တာကြောင့် ဩစတြီးယားတို့ ထင်သလောက် မလွယ်ပါဘူး။ ဒါပေမယ့် ဩစတြီးယားတို့က အသင်းလိုက်ကစားအားကောင်းတာမို့ ဒီပွဲဟာ အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ ဒီပွဲမှာ ဂျာမနီတို့ အမှတ်ပြည့်ရယူရေး နိုင်ပွဲကို ရအောင် ပုံဖော်ပါလိမ့်မယ်။ ဂျာမနီအသင်းဟာ လက်ရှိ ဘွန်ဒက်စ်လီဂါမှာ ကစားနေတဲ့ ကစားသမားကောင်းတွေ ပါဝင်နေတဲ့အတွက် နိုင်ပွဲရဖို့ အခြေအနေကောင်းနေပါတယ်။ ။



## လေးနှစ်ဆက်တိုက် ဘွန်ဒက်စ်လီဂါ ချန်ပီယံဖြစ်လာတဲ့ ဘိုင်ယန်မြူးနစ်

ဘိုင်ယန်မြူးနစ်အသင်းဟာ ဂျာမန် ဘွန်ဒက်စ်လီဂါပြိုင်ပွဲမှာ ပွဲကစားဖို့ တစ်ပွဲအလိုမှာ အင်ဂိုစတက်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပြီး လေးနှစ်ဆက်တိုက် ချန်ပီယံဆုကို ဆွတ်ခူးသွားခဲ့ပါတယ်။ လီဝမ်ဒေါစကီးရဲ့ သွင်းဂိုး နှစ်ဂိုးနဲ့ ဘိုင်ယန်မြူးနစ်က ချန်ပီယံဖြစ်လာပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ဘွန်ဒက်စ်လီဂါဖလားကို ၂၆ ကြိမ်မြောက်အဖြစ် ဆွတ်ခူးခဲ့တာဖြစ်ပါတယ်။ ဂွါဒီယိုလာရဲ့ ဘိုင်ယန်မြူးနစ်အသင်းဟာ ချန်ပီယံလိဂ် ဆီးမီးဖိုင်နယ်က ထွက်ခဲ့ရပြီးနောက် ဘွန်ဒက်စ်လီဂါ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဂွါဒီယိုလာဟာ လာမယ့်ရာသီမှာ မန်စီးတီးအသင်းကို ပြောင်းရွှေ့တော့မှာဖြစ်ပါတယ်။ နောက်ဆုံးအဖြစ် ဘွန်ဒက်စ်လီဂါဖလားကို ဆွတ်ခူးပေးနိုင်ခဲ့တာဖြစ်ပါတယ်။ သူဟာ ဘိုင်ယန်မြူးနစ်နဲ့အတူ ဘွန်ဒက်စ်လီဂါဖလားကို သုံးကြိမ်တိုင် ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ ဂွါဒီယိုလာနဲ့ ဘိုင်ယန်မြူးနစ် လမ်းခွဲခဲ့ရသော်လည်း ဘိုင်ယန်မြူးနစ်ဟာ ဘွန်ဒက်စ်လီဂါမှာ အကောင်းဆုံးအသင်းအဖြစ် ဆက်လက်ရပ်တည်နေဦးမှာ ဖြစ်ပါတယ်။

## ပရီမီယာလိဂ်ကို ပြန်တက်ခွင့်ရလိုက်တဲ့ မစ်ဒယ်ဘရော့

မစ်ဒယ်ဘရော့အသင်းဟာ တစ်ချိန်က ပရီမီယာလိဂ်မှာ နာမည်ကြီးတဲ့အသင်း တစ်သင်း ဖြစ်ပါတယ်။ ပရီမီယာလိဂ်နဲ့ အဆက်ပြတ်သွားခဲ့တာ ခုနစ်နှစ်ကြာသွားခဲ့ပြီဖြစ်ပါတယ်။ လာမယ့် ရာသီမှာတော့ ချန်ပီယံရှစ်ဖြစ်သွားတဲ့ ဘန်လေနဲ့အတူ တန်းတက်ခွင့်ရရှိသွားပြီဖြစ်ပါတယ်။ မစ်ဒယ်ဘရော့အသင်းဟာ ဘရိုက်တန်အသင်းနဲ့ နောက်ဆုံးကစားခဲ့ပြီး တစ်ဖက်တစ်ဂိုးစီသရေကျပြီးတဲ့နောက် ချန်ပီယံရှစ်ကနေ ပရီမီယာလိဂ်ကို ဘန်ကလေနဲ့အတူ တန်းတက်ခွင့်ရခဲ့တာပါ။ မစ်ဒယ်ဘရော့နဲ့ ဘရိုက်တန်အသင်းတို့ဟာ ဒုတိယ နေရာလုတိုက်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြတာပါ။ မစ်ဒယ်ဘရော့က ဂိုးကွာခြားချက်နဲ့ ဒုတိယနေရာရသွားခဲ့ပါတယ်။ ထို့အတူ ဘရိုက်တန်ကလည်း တတိယနေရာကနေ လာမယ့်နှစ် ပရီမီယာလိဂ်မှာ တန်းတက်အသင်းဖြစ်လာမှာဖြစ်ပါတယ်။ မစ်ဒယ်ဘရော့ကတော့ ခုနစ်နှစ်အကြာမှာ တန်းတက်လာမှာဖြစ်ပါတယ်။



## ပြင်သစ်လီဂူး-၁ မှာ ရမှတ်အများဆုံး စံချိန်တင်တဲ့ ပီအက်စ်ဂျီ



ပြင်သစ်လီဂူး-၁ မှာ ပီအက်စ်ဂျီက ပြိုင်ဘက်အဂျာစီယိုအသင်းကို လေးဂိုးပြတ်နဲ့အနိုင်ရပြီး ရမှတ်အများဆုံးနဲ့ စံချိန်တင်ခဲ့ပါတယ်။ လောရင့်ဘလန့်ရဲ့ ပီအက်စ်ဂျီဟာ ၃၈ ပွဲမှာ လက်ကျန်ပွဲ နှစ်ပွဲအလိုမှာ ရမှတ် ၉၂ မှတ်နဲ့ ရမှတ်အများဆုံး စံချိန်တင်ခဲ့ပါတယ်။ ပီအက်စ်ဂျီအသင်းဟာ ပြင်သစ်လီဂူး-၁ ဖလားကို သုံးကြိမ်ဆက်တိုက် ဆွတ်ခူးခဲ့တဲ့ အသင်းဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ အနီးဆုံး ပြိုင်ဘက်အသင်းဖြစ်တဲ့ လိုင်ယွန် အသင်းကို ၂၇ မှတ်အသာနဲ့ ရမှတ် အများဆုံး စံချိန်တင်ခဲ့ပါတယ်။ ပီအက်စ်ဂျီအသင်းဟာ နောက်ဆုံး နှစ်ပွဲဖြစ်တဲ့ မေ ၁၄ ရက်မှာ ဇုန်တက်အသင်းကို လက်ခံမကစားမီ ဘိုဒေါအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ပြင်သစ်ချန်ပီယံ ပီအက်စ်ဂျီအသင်းဟာ မေ ၂၁ ရက်မှာ ကိုပီဒီဖရန့်ဖလား ဗိုလ်လုပွဲအဖြစ် မာဆေးအသင်းနဲ့ ကစားဖို့ ရှိနေပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)က ၂၀၁၆-၂၀၁၇ ပညာသင်နှစ် လူငယ်ဘောလုံးသင်တန်းသားသစ်များ မြို့နယ်များ၌ ရွေးချယ်မည်

**မန္တလေး မေ ၉**
မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် လူငယ် ဘောလုံးအားကစား သင်တန်းသားသစ်များကို မေ ၁၅ ရက်မှ ၃၁ ရက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သတ်မှတ်မြို့နယ်များတွင် ရွေးချယ်သွား မည်ဖြစ်ကြောင်း သိရသည်။

အသက် ၁၁ နှစ်အောက် ၁၁ အသင်းအတွက် လူငယ်ကစားသမားများကို ရွေးချယ်မည်ဖြစ်ကာ သင်တန်းသားသစ် လျှောက်ထားရန် စည်းကမ်းသတ်မှတ်ချက်များအဖြစ် ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ ရက် နောက်ပိုင်းတွင် မွေးဖွားသူ၊ အရပ် ၄ ပေ ၄ လက်မထက် မနိမ့်သူ၊ ပဉ္စမတန်း တက်ရောက်မည့်သူများဖြစ်ရန် သတ်မှတ်ထားပြီး သင်တန်းသားသစ်အဖြစ် လျှောက်ထားရာတွင် မွေးစာရင်း၊ အိမ်ထောင်စုစာရင်းနှင့် ကျောင်းထောက်ခံစာမူရင်းတို့ကို ပြင်ရာဖျက်ရာမပါသော အထောက်အထားများဖြင့် ပူးတွဲလျှောက်ထားနိုင်ကြောင်း သိရသည်။

လာရောက်လျှောက်ထားကြမည့် လူငယ် ဘောလုံးသင်တန်းသားသစ်များအား ဘယ်ညာခြေထောက်ဖြင့် ဘောလုံးတော့ခြင်း၊ အလိမ်အခေါက်၊ အပေးအယူ စသည်တို့ကို တစ်ဖက်သုံးယောက်စီ သို့မဟုတ် ငါးယောက်စီ ကစားစေ၍ ဆန်းစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရွေးချယ်ခံရသူများမှ နောက်ဆုံးအဆင့် လူရွေးချယ်ပွဲကို ဇွန် ၄ ရက်နှင့် ၅ ရက်တွင် မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)၌ ပြုလုပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ရွေးချယ်ရေးအဖွဲ့များက မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)သို့ လာရောက်ကာ ရွေးချယ်ပေးမည်ဖြစ်ကြောင်း မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)မှ ကျောင်းအုပ်ကြီး ဦးစိုးညွန့်က ပြောကြားသည်။

မြို့နယ်များ၌ သင်တန်းသားသစ်ရွေးချယ်ရာတွင် မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး) သင်တန်းသားသစ်ရွေးချယ်ရေးအဖွဲ့များက ကွင်းဆင်းရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ ရွေးချယ်ရေးအဖွဲ့(၁)မှ ဦးသန်းလွင်နှင့် ဦးကိုကိုတို့က သရက်မြို့၊ မကွေးမြို့၊ ပခုက္ကူမြို့၊ ကသာမြို့နှင့် မြစ်ကြီးနားမြို့များသို့လည်းကောင်း၊ အဖွဲ့(၂)မှ ဦးခင်မောင်ကိုနှင့် ဦးကျော်ဇေယျတို့က ရွှေဘိုမြို့၊ မုံရွာမြို့၊ စစ်ကိုင်းမြို့၊ မန္တလေးမြို့နှင့် ကွတ်ခိုင်မြို့များတွင်လည်းကောင်း၊ အဖွဲ့(၃)မှ ဦးထွန်းထွန်းနှင့် ဦးမောင်မြင့်တို့က နေပြည်တော်၊ မြင်းခြံ၊ တောင်ကြီးနှင့် မန္တလေးမြို့များတွင်လည်းကောင်း၊ အဖွဲ့(၄)မှ ဦးကျော်ဇေယျနှင့် ဦးရဲဝင့်သူတို့က တောင်ငူမြို့၊ ပဲခူးမြို့၊ ရန်ကုန်မြို့၊ သာယာဝတီမြို့နှင့် ပြည်မြို့တို့တွင်လည်းကောင်း၊ အဖွဲ့(၅)မှ ဦးအောင်ကျော်ဇံနှင့် ဦးဘိုဘိုအောင်တို့က ဟင်္သာတမြို့၊ ပုသိမ်မြို့၊ ရန်ကုန်မြို့၊ ဘားအံမြို့နှင့် မော်လမြိုင်မြို့များသို့ လည်းကောင်း သွားရောက်၍ ရွေးချယ်သွားမည်ဖြစ်သည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ရက် ၁၀၀ စီမံချက်ကာလအတွင်း သီပေါမြို့ သာယာလှပရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ

**သီပေါ မေ ၉**
နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း မြို့နယ်များ၌ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင်လည်း မြို့နယ်စည်ပင်သာယာရေးဌာနက မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။




သီပေါမြို့ သန့်ရှင်းသာယာလှပရေးအတွက် မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးရှိ မြို့အဝင်မုခ်ဦးကို ဆေးသုတ်မွမ်းမံခြင်း၊ လမ်းဘေးဝဲယာတွင် အမှိုက်သရိုက်များကို ရှင်းလင်းခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းစသည်တို့ကို ဆောင်ရွက်နေခြင်းဖြစ်သည်။

ကျွန်တော်တို့ မြို့နယ်စည်ပင်သာယာရေးဌာနအနေနဲ့ မိုးရာသီမှာစိုက်ပျိုးဖို့ ပန်းအလှပင်၊ နှစ်ရှည်ပင်တွေ အပင် နှစ်သောင်းကျော်ကို ပျိုးထောင်ထားပြီးဖြစ်ပါတယ်။ သီပေါမြို့က လယ်မြေတွေနဲ့ မြို့မီးဘေးကာကွယ်ရေးအတွက် အဓိကအားထားရတဲ့ မြို့လယ်ချောင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်နေပါတယ်။ မြို့ကျက်သရေဆောင် နာရီစင်ကြီးကိုလည်း ပြန်လည်ပြုပြင်ဖို့ မန္တလေးက ပညာရှင်တွေထံ အပ်နှံထားပြီး မကြာမီ ပြန်လည်တပ်ဆင်နိုင်တော့မှာ ဖြစ်ပါတယ်ဟု လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်က ပြောသည်။

သီပေါမြို့နယ် စည်ပင်သာယာရေးဌာနက မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စည်ပင်သာယာရေးဌာန ဝန်ထမ်းများနှင့်အတူ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များကလည်း ပူးပေါင်း၍ ကူညီအားဖြည့်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။
**စိုင်း(သီပေါ)**



**မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်းမှ သောက်သုံးရေရှားပါးနေသည့် ကျေးရွာများသို့ မြို့နယ်ရေပေးဝေရေးကော်မတီနှင့် မြို့နယ်လမ်းဦးစီးဌာနတို့ ပူးပေါင်း၍ သောက်သုံးရေများ မေ ၇ ရက်က ဖြန့်ဝေပေးနေစဉ်။** (ရေလှူဒါန်းရာတွင် မေ ၅ ရက်မှ ၇ ရက်အတွင်း သဒ္ဒတ်ကျေးရွာအုပ်စု ညောင်ပင်လယ်(အနောက်)ကျေးရွာသို့ ရေဂါလန် ၁၆၀၀၊ လင်းကတောကျေးရွာအုပ်စု ပူတွင်းကျေးရွာသို့ ရေဂါလန် ၃၂၀၀ ကိုလည်းကောင်း၊ ဆင်စိန်ကျေးရွာအုပ်စု တဲကြီး(မြောက်)ကျေးရွာသို့ ရေဂါလန် ၁၆၀၀ ၊ တဲကြီးကျေးရွာ အုပ်စု တဲကြီး(တောင်)ကျေးရွာသို့ ရေဂါလန် ၁၆၀၀ နှင့် ဆိတ်ချေးကျေးရွာသို့ ရေဂါလန် ၈၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။)
**အောင်ကျော်မြင့်**



# ကျေးလက်နေပြည်သူများ အသိပညာတိုးပွားစေရေးအတွက် စာပေဟောပြောပွဲကျင်းပ

**ဖျာပုံ မေ ၉**
ကျေးလက်နေပြည်သူများ အသိပညာများတိုးပွားစေရန်ရည်ရွယ်၍ ဖျာပုံခရိုင် အမာမြို့နယ်ခွဲ ဒေါ်ညိမ်းကျေးရွာ ဒိုင်နယ်(၉)ရွာမှ စာပေချစ်သူလူငယ်များက စီစဉ်၍ စာပေဟောပြောပွဲကို ကျေးရွာအခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ မေ ၆ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲသို့ ဒေါ်ညိမ်းကျေးရွာအုပ်စုဝင်ရွာ ကိုးရွာမှ စာပေချစ်သူများအပြင် အနယ်နယ်အရပ်ရပ်မှ စာပေချစ်သူများ စိတ်ပါဝင်စားစွာ တက်ရောက်နားထောင်ခဲ့ပြီး စာရေးဆရာ ဦးဘုန်း(ခတု)က ကဗျာပင်လယ် စာပင်လယ်ခေါင်းစဉ်ဖြင့် အနာဂတ်မြန်မာနိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူများစာဖတ်ခြင်းမှသည် မေတ္တာ၊ ပညာ၊ စေတနာ၊ စည်းကမ်းများဖြင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီကြရန် တိုက်တွန်းဟောပြောခဲ့ပြီး စာရေးဆရာ အယ်ဒီတာချုပ် အောင်စိုးသူကလည်း ပြည်သူတွေ မည့်ဖို့ စာဖတ်ကြရန်နှင့် အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးတွင် အချင်းချင်းစည်လုံးညီညွတ်စွာဖြင့် မိမိတို့တတ်နိုင်သည့်နေရာမှ ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းဟောပြောခဲ့ကာ အကယ်ဒမီဇေလုဝကလည်း မနက်ဖြန်ဟူသော ခေါင်းစဉ်ဖြင့် နိုင်ငံတော်၏ မနက်ဖြန်ကာလများကို မည်သို့မည်ပုံ ချဉ်းကပ်ဖြတ်ကျော်သင့်ပုံများကို ဟောပြောခဲ့ကြကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

# ရက် ၁၀၀ စီမံချက် ပဲတီစိမ်းအထူးဇုန်စိုက်ခင်း တောင်သူများလေ့လာ

**တပ်ကုန်း မေ ၉**
တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် ရက် ၁၀၀ အတွင်း သိသာထင်ရှားစွာ ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပဲတီစိမ်းသီးနှံစိုက်ပျိုးရေး၊ ကျေးရွာအုပ်စုအလိုက် တောင်သူများအား နည်းပညာများဆွေးနွေးပေးခြင်းနှင့် မြေသြဇာပိုးသတ်ဆေးဆိုင်ရာဥပဒေနှင့်အညီ ရောင်းချခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တပ်ကုန်းမြို့နယ် မကျီးကုန်းကျေးရွာအုပ်စုရှိ ပဲတီစိမ်းအထူးဇုန် ဧက ၅၀၀ စိုက်ခင်းသို့ မေ ၇ရက်က ရေအေး၊ ညောင်တုံးအိုင်ကျေးရွာအုပ်စုမှ တောင်သူ ၅၀ သည် မြေအောက်ရေအသုံးပြု၍ စိုက်ပျိုးထားရှိမှု၊ မျိုးကောင်းမျိုးသန့် သုံးစွဲထားမှု၊ GAP စနစ်ဖြင့် စိုက်ပျိုးထားရှိမှုတို့ကို လာရောက်လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။
**မောင်ကျော်ကြီး**



## သတင်းတို

### ချမ်းသာရစေတီတော်ကမ္ပည်းကျောက်စာကို ပြန်လည်ပြုပြင်မည်

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ဟိုခိုကျေးရွာအုပ်စု ချောင်းသာကျေးရွာရှိ ရှေးဟောင်းဘုရားတစ်ဆူဖြစ်သည့် ချမ်းသာရစေတီတော်ကြီးမှ ကမ္ပည်းကျောက်စာ (စာတိုက်)သည် နှစ်ကာလ ကြာမြင့်လာခြင်းကြောင့်လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ငလျင်ဒဏ်ကို ခံခဲ့ရခြင်းကြောင့်လည်းကောင်း ပျက်စီးယိုယွင်းလျက်ရှိရာ ယခုအခါ နောင်ချိုမြို့ ဈေးရပ်ကွက်နေ အလှူရှင်ဦးကျော်သိန်းနှင့် တောင်ရပ်ကွက်နေ အလှူရှင် ဦးလှိုင်မင်းသိန်းမိသားစုတို့က ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးဝင်း**

# မင်းဘူးမြို့၌ ဘိုးဘွားများ အပူရှောင်နားနေစခန်း ဖွင့်လှစ်မည်

**မင်းဘူး မေ ၉**

အပူချိန် မြင့်မားလျက်ရှိသော မင်းဘူး(စကု)မြို့ မြို့ပေါ်ရပ်ကွက်များတွင် နေထိုင်လျက်ရှိသည့် အသက်ကြီး အဘိုးအဘွားများ အယ်နီညိုရာသီဥတု၏ အပူဒဏ်ကို ခံစားနေရခြင်းမှ သက်သာစွာနေထိုင်နိုင်စေရန်ရည်ရွယ်၍ အပူရှောင်နားနေစခန်း တစ်ခုကို ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အပူရှောင်နားနေစခန်း ဖွင့်လှစ်နိုင်ရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းဦးဆောင်သော မြို့နယ်အဆင့် အယ်နီညိုအပူဒဏ်ကာကွယ်ရေးကော်မတီဝင်များ ပူးပေါင်း၍ ဆောင်ရွက်ခြင်းဖြစ်ပြီး အပူရှောင်နားနေစခန်းကို နဂါးနီဆေးရုံပိုင်ရှင် ဒေါက်တာ သန်းထက်ရှိန်၏ ပံ့ပိုးကူညီမှုဖြင့် ဆောက်လုပ်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အပူရှောင်နားနေစခန်း ဆောက်လုပ်ရန်အတွက် ဒေါက်တာသန်းထက်ရှိန်က အလှူငွေကျပ်သိန်း ၅၀ မတည်၍ အများပြည်သူ ထည့်ဝင်လှူဒါန်းငွေများဖြင့် မေလအစောပိုင်းအတွင်း အပြီးတည်ဆောက်မည်ဖြစ်ကြောင်း၊ အပူရှောင်နားနေစခန်းတွင် အသက် ၆၀ နှင့် အထက် ဘိုးဘွား ၂၀၀ အထိ လက်ခံပြီး တစ်လကြာ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအတွင်း နေ့လယ်စာကျွေးမွေးခြင်း၊ အချိုရည်နှင့် အအေးများ တိုက်ကျွေးခြင်း၊ ဆရာတော်သံဃာတော်များပင့်ဖိတ်၍ သီလပေး တရားတော်များ ဟောပြောနာကြားစေခြင်း၊ တိုင်းရင်းဆေးများဖြင့် ဆေးကုသမှုဆောင်ရွက်ပေးခြင်း၊ အကြိုအပို့ဆောင်ရွက်ပေးခြင်း စသည်ဖြင့် ဘိုးဘွားများ စိတ်အေးချမ်းသာစွာ နေထိုင်စားသောက်နိုင်ရန် နေ့စဉ်ပုံမှန်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းဘူးမြို့နယ်သည် နှစ်စဉ် မြန်မာနိုင်ငံ၏ အပူချိန်အများဆုံးမြို့များထဲတွင် တစ်မြို့အပါအဝင်ဖြစ်ပြီး ယခုနှစ် အယ်နီညိုရာသီဥတုကာလတွင် အပူချိန်သည် ၄၆ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လျက်ရှိသည်။

**တင်ထွန်းဦး(မင်းဘူး)**



အပူရှောင်နားနေစခန်း တည်ဆောက်မည့်နေရာတွင် ဆွေးနွေးနေစဉ်



## ပဲတီစိမ်းစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရ၍ တောင်သူများ အဆင်ပြေ

**မုံရွာ ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ပဲတီစိမ်းစိုက်ပျိုးသော တောင်သူများအနေဖြင့် ယခုနှစ်တွင် စိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်း၍ သီးနှံအထွက်နှုန်းကောင်းသလို ဈေးနှုန်းမှာလည်း ဈေးကောင်းရနေသဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့တောင်သူတွေဟာ ဘယ်သီးနှံပဲစိုက်စိုက် ရိတ်သိမ်းခါနီးရင် ဈေးကွက်တက်ရိပ်ကို မျှော်လင့်နေရတယ်။ ဘာကြောင့်လည်းဆိုတော့ ကုန်ကျစရိတ်တွေကများတယ်။ တစ်နှစ်နဲ့တစ်နှစ်လည်း မတူဘူး။ ပဲတီးစိမ်းစိုက်မယ်ဆို တစ်ဧကကို ရှစ်ပြည်လောက်ကုန်တယ်။ လူငှားစရိတ် ပေါင်းလိုက်ရင် ၆၅၀၀၀ လောက်ကုန်တယ်၊ အခြားဟာတွေရောဆို တော်တော်ကုန်တာပေါ့၊ တစ်ဧကကို သီးနှံကောင်းမယ်ဆိုရင် ၁၀ တင်းလောက်တော့ ထွက်ပါတယ်။ သီးနှံဈေးက အခုတက်ရိပ်ရှိနေတော့ ပဲတီစိမ်းစိုက်တောင်သူတွေ အဆင်ပြေတာပေါ့၊ ဒါပေမယ့် မနှစ်က ဈေးတော့ မမီသေးဘူး။ မနှစ်က ဒီအချိန်ဆို လေးသောင်းကျော်လောက်ရှိတယ်။ ဒါပေမယ့် အခုဈေးအတိုင်းဆိုလည်း မဆိုးဘူးလို့ ပြောရမှာပေါ့"ဟု ဒေသခံ ပဲတီစိမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် သီးနှံဖြစ်ထွန်းမှုအားကောင်းသော်လည်း ရာသီဥတုဖောက်ပြန်မှုများရှိခဲ့သောကြောင့် သီးနှံပင်များ အချိန်မရွေးပျက်စီးမှုနှင့်လည်း ကြုံရနိုင်ကြောင်း၊ ထို့အပြင် ယခုနှစ်မှာ အပူရှိန်ပြင်းသဖြင့် စိုက်ပျိုးရာတွင် ယခင်နှစ်များကထက် ရေပိုသွင်းရပြီး ကုန်ကျစရိတ်လည်း ပိုများခဲ့ကြောင်း သိရသည်။ ယခုနှစ် ပဲတီစိမ်းဈေးကောင်း ရနေသလို ဆက်လက်၍လည်း ဈေးနှုန်းမှာ လက်ရှိပေါက်ဈေးထက် ကျဆင်းနိုင်ဖွယ် မရှိကြောင်း တောင်သူများက ခန့်မှန်းနေကြသည်။

**မင်းမင်း(မုံရွာ)**

## ယာဉ်စည်းကမ်းလိုက်နာရေးအတွက် ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်နေ

**မိတ္ထီလာ မေ ၉**

မိတ္ထီလာမြို့တွင် ယာဉ်တိုက်မှုများ လျော့နည်းစေရေးရည်ရွယ်၍ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်မှုရှိမရှိ ရှောင်တခင်စစ်ဆေးမှုများကို တစ်ပတ်လျှင် ငါးရက်ခန့် ပြုလုပ်လျက်ရှိကြောင်း ယာဉ်ထိန်းတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"မော်တော်ယာဉ် မောင်းနှင်သူတွေအနေနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမောင်းနှင်မှုရှိ မရှိ ရှောင်တခင်စစ်ဆေးမှုတွေ တစ်ပတ်ကို ငါးရက်ခန့် ဆောင်ရွက်နေပါတယ်။ ဆိုင်ကယ်မောင်းနှင်သူဆိုလည်း ဆိုင်ကယ်စီးဦးထုပ်ဆောင်းပြီး မေးသိုင်းကြိုးတပ်ဖို့၊ ဆိုင်ကယ်တစ်စီး နှစ်ဦးထက်ပိုမစီးဖို့၊ အဲဒီလို စည်းကမ်းလေးတွေ လိုက်နာဖို့ စစ်ဆေးဆောင်ရွက်နေတာပါ။ အခုလို ရှောင်တခင်စစ်ဆေးမှုတွေ ဆောင်ရွက်တဲ့ အဓိက ရည်ရွယ်ချက်က ယာဉ်တိုက်မှုတွေ လျော့နည်းသွားစေဖို့ ဖြစ်ပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ဆောင်ရွက်နေတဲ့အပေါ်မှာ ဒေသခံပြည်သူတွေအနေနဲ့ ပူးပေါင်းဆောင်ရွက်ပြီးတော့ လိုအပ်ချက်တွေကို အကြံပြုပေးဖို့လည်း တိုက်တွန်းပါတယ်။ လောလောဆယ်တော့ မော်တော်ဆိုင်ကယ် လိုင်စင်ပါ မပါ။ နောက်ကြည့်မှန် တပ် မတပ်၊ နံပါတ်ပြား ပါ မပါကို ပညာပေးကာလအနေနဲ့ ဆောင်ရွက်နေတုန်းပါ။ နောက်ကျတော့ တဖြည်းဖြည်း တစ်ဆင့်ချင်း စစ်ဆေးအရေးယူဆောင်ရွက်သွားဖို့ ရှိပါတယ်"ဟု အမှတ် (၉၆) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးမြင့်စိုးက ပြောသည်။



ထိုသို့ ရှောင်တခင်စစ်ဆေးမှုနှင့် ပတ်သက်၍ မိတ္ထီလာမြို့ ချည်စက်ရပ်ကွက်တွင် နေထိုင်သူ ဝန်ထမ်းတစ်ဦးက "မိတ္ထီလာမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေ လိုက်နာမောင်းနှင်ဖို့ ရှောင်တခင်စစ်ဆေးဆောင်ရွက်မှုတွေ ပြုလုပ်တာကို ကြိုဆိုပါတယ်။ ပြီးတော့ မိတ္ထီလာဈေးကြီး အနောက်ဘက်လို ယာဉ် ဖြတ်သန်းမောင်းနှင်မှုများပြားတဲ့နေရာမျိုးမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တချို့ကို တာဝန်ချထားပေးပြီး ယာဉ်ကြောရှုပ်ထွေးပိတ်ဆို့မှု မရှိအောင် ဆောင်ရွက်ပေးတာကို တွေ့ရလို့လည်း ဝမ်းသာပါတယ်။ ဒါပေမယ့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တွေကို ရှောင်တခင် စစ်ဆေးအရေးယူတဲ့အခါ ဆိုင်ကယ်ဦးထုပ်ဆောင်းပြီး ဆိုင်ကယ်နောက်ကြည့်မှန်၊ နံပါတ်ပြားအပြည့်အစုံနဲ့ သတ်မှတ်စည်းကမ်းလိုက်နာပြီး မောင်းနှင်သူတွေကို တားဆီးပြီးတော့ စစ်ဆေးတာမျိုးကို လုံခြုံရေးကိစ္စလို အထူးကိစ္စတွေကလွဲရင် မပြုလုပ်စေချင်ပါဘူး။ တချို့က အလုပ်သွား အလုပ်ပြန်နဲ့ အကြောင်းကိစ္စ အမျိုးမျိုးကြောင့် သွားလာနေချိန်မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပြီး မောင်းနှင်နေတုန်း အဲဒီလို စစ်ဆေးခံရရင် စိတ်ထဲ အနှောင့်အယှက်ဖြစ်တယ်။ ကျွန်တော်လည်း အဲဒါမျိုး စစ်ဆေးတာ မကြာခဏခံရတယ်။ ဖြစ်နိုင်ရင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးဆောင်ရွက်တဲ့အခါ အဲဒီလိုမျိုးလေးကို ဖြေလျှော့ဆောင်ရွက်ပေးစေချင်တယ်"ဟု အကြံပြုပြောကြားသည်။

**ချမ်းသာ(မိတ္ထီလာ)**

## အပူချိန်မြင့်တက်နေခြင်းကြောင့် တောင်သူများ သီးနှံစိုက်ပျိုးမှုနောက်ကျ

**မလှိုင် မေ ၉**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ဆယ်တိုတိုက်နယ်ကျေးရွာအုပ်စုအတွင်းမှ တောင်သူများအနေဖြင့် လယ်ယာများတွင် ထွန်ယက်စိုက်ပျိုးရန် ထွန်ရေးပြင်ထားကြသော်လည်း ယခုရက်ပိုင်းတွင် အပူချိန်မြင့်တက်နေခြင်းကြောင့် သီးနှံမစိုက်ပျိုးနိုင်ဘဲ စိုက်ပျိုးမှုနောက်ကျလျက်ရှိကြောင်း သိရသည်။

"ဆယ်တိုနယ်က ကျေးလက်နေပြည်သူတွေက မိုးကိုအားကိုးပြီး နှမ်း၊ မြေပဲနဲ့ ပဲအမျိုးမျိုးကို စိုက်ပျိုးကြတာပါ။ ဒါပေမယ့် ယခုလအပူချိန်ဟာ အရမ်းမြင့်မားနေတာကြောင့် ဒေသခံကျေးလက်နေပြည်သူများဟာ ထွန်းရေးသာပြင်ထားရပေမယ့် မစိုက်ပျိုးနိုင်သေးပါဘူး"ဟု ဆယ်တိုတိုက်နယ်ကျေးရွာအုပ်စုမှ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ဆယ်တိုတိုက်နယ်တွင် ကျေးရွာအုပ်စု ၁၀ အုပ်စု၌ ကျေးရွာပေါင်း ၅၈ ရွာရှိပြီး ဒေသခံကျေးလက်ပြည်သူများမှာ တောင်ယာများတွင် နှမ်း၊ မြေပဲနှင့် ပဲအမျိုးမျိုး စိုက်ပျိုး ခြင်းကို အဓိကထား၍ လုပ်ကိုင်ကြကာ တစ်ပိုင်တစ်နိုင်မွေးမြူရေးကိုလည်း တွဲဖက် လုပ်ကိုင်ကြကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

## ဝမ်းတွင်းမြို့နယ်မှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ဝမ်းတွင်း မေ ၉**

ဝမ်းတွင်းမြို့နယ်၌ မေ ၁ ရက်က ဖြစ်ပွားခဲ့သောလေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးခဲ့သည့် ကျေးရွာများမှ ပြည်သူများအားထောက်ပံ့ပစ္စည်းများကို ဝမ်းတွင်းမြို့နယ်ကြက်ခြေနီသူနာပြု တပ်ဖွဲ့က မေ ၇ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

လေပြင်းဒဏ်ကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၂ ခုမှ အိမ် ၄၅ လုံး ပြိုကျပျက်စီးခဲ့ရာ အဆိုပါ အိမ်ထောင်စုများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့သော Hygnene Kit ပုံးတစ်ပုံး၊ Kitche Set တစ်ပုံး၊ သောက်သုံးရေပုံးတစ်လုံးစသော ပစ္စည်းများကို ဝမ်းတွင်းမြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့က ကျေးရွာများသို့ သွားရောက်၍ လေဘေးသင့်ပြည်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ခြင်းဖြစ်ကာ လေဘေးသင့်ကျေးရွာများ ဖြစ်သော တမာကုန်းကျေးရွာ၊ ရွှေဖလာကန်၊ မလွှပင်၊ အောင်ချမ်းသာ၊ ကျောင်းကုန်း၊ တောင်ဆည်ရွာ၊ တဲစု၊ ဒါးလှ၊ ညောင်အုပ်ဖီး၊ ကုန်းရွာ၊ ရေတွင်းနှင့် ရေဆုံးစသော ကျေးရွာများသို့သွားရောက်၍ ထောက်ပံ့ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

လေဘေးသင့် ကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများ လိုက်လံပေးအပ်ရာတွင် ဝမ်းတွင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကလည်း လိုအပ်သည်များကို လိုက်ပါကူညီပေးခဲ့ကြောင်း သိရသည်။

**ဌေးလှိုင်(ဝမ်းတွင်း)**



# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ထန်းခေါက်တောင်းရက်လုပ်နည်းသင်တန်းဖွင့်

**အရာတော် မေ ၉**

မုံရွာခရိုင် အရာတော်မြို့နယ်အတွင်းမှ ကျေးလက်ဒေသနေပြည်သူများ တစ်ပိုင်တစ်နိုင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ထန်းခေါက်တောင်းရက်လုပ်နည်းသင်တန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် နောင်ကြီးအိုင်ကျေးရွာ၌ မေ ၇ ရက်မှ စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"အပူပိုင်းမိုးနည်းရပ်ဝန်းဒေသမှာ ပေါက်ရောက်တဲ့ ထန်းပင်တွေရဲ့ပင်စည်၊ အလက်နဲ့ အရွက်များကနေ ရောင်းတမ်းဝင်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ကျေးလက်နေလူငယ်များကို ယခုလို သင်ကြားပေးတာပါ။ ထန်းခေါက်တောင်းရက်လုပ်တဲ့ အတတ်ပညာကို ကျွမ်းကျင်တဲ့ အတတ်ပညာရှင်များက ပညာအမွေ လက်ဆင့်ကမ်းခြင်းဖြစ်ပြီး ကျေးလက်နေပြည်သူများက ကြိုးစားသင်ယူပြီး တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်စေရန်အတွက်ပါ"ဟု အရာတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးညီညီဝင်းက ပြောသည်။



အဆိုပါ ထန်းခေါက်တောင်းရက်လုပ်နည်း သင်တန်းကို မေ ၇ ရက်မှ ၂၁ ရက်အထိ ၁၅ ရက်ကြာ သင်ကြားပို့ချမည်ဖြစ်ရာ အရာတော်မြို့နယ်အတွင်းမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက် သင်ကြားလျက်ရှိကြောင်းသိရသည်။

ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို တတ်မြောက်ကာ တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်လုပ်ကိုင်တတ်စေရန် ရည်ရွယ်ပြီး ကျေးလက်ဒေသထွက် ထန်းပင်များမှ ရောင်းတမ်းဝင်ထုတ်ကုန်များ ရရှိစေရန်အတွက် ယခုကဲ့သို့ သင်တန်းများကို ပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ကျေးရွာရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးပြီး ရေမျှာဖြန့်ဝေပေး

**ဘားအံ မေ ၉**

နိုင်ငံတော်အစိုးရသစ်လက်ထက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်၌ ကျေးလက် ရေပေးဝေရေးလုပ်ငန်းများကို ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျပ်သန်းပေါင်း ၅၀၀ ကျော် သုံးစွဲကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ယခုအခါ ကျေးရွာများတွင် ရေရရှိရေးအတွက် ရေတွင်းတူးဖော်နေမှုများကို ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ မေ ၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဘားအံမြို့နယ်အတွင်း ကျေးရွာများတွင် ရေရှည်ရေရရှိရေးလုပ်ငန်းများကို ရက် ၁၀၀ စီမံကိန်းအရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေရှားပါးပြတ်လပ်လေ့ရှိသော ကျေးရွာ ၁၅ ရွာတွင် ရေရှည်သောက်သုံးရေရရှိရေအတွက် တွင်းတိမ်နှင့် လက်တူးတွင်း ၁၅ တွင်းကို တူးဖော်ပေးလျက်ရှိကြောင်း၊ ကွင်းဆင်းစစ်ဆေးရာတွင် လုပ်ငန်းဆောင်ရွက်နေမှုများ မပြီးစီးသေးသော ကျေးရွာများဖြစ်သည့် ဆင်ကျုံးကျေးရွာ၊ တောကြီးကုန်းကျေးရွာ၊ ပန်းကုန်းကျေးရွာနှင့် ငနက်ပြာကျေးရွာများအတွက် သောက်သုံးရေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂါလန် ၈၀၀ ဆံ့ မီးသတ်ကားဖြင့် ရေဂါလန်ပေါင်း ၂၄၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ ကျင်းပ

**ပေါက် မေ ၉**

မကွေးတိုင်းဒေသကြီး ပေါက်မြို့ ရွှေပေါက်ပင်ရပ် ကံစွယ်ကျောင်းတိုက် ဆရာတော် ဦးကေသရ ကြီးမှူးဖွင့်လှစ်ခဲ့သော တတိယအကြိမ်မြောက် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို အဆိုပါကျောင်းတိုက်၌ မေ ၇ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ဆရာတော်က ဩဝါဒစကား မိန့်ကြားပြီး သင်တန်းတွင် ထူးချွန်ဆုရှိသူများနှင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို ဆရာတော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မိုးတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။



ကျောင်းထိုင်ဆရာတော် ဦးကေသရက "ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ရတဲ့ရည်ရွယ်ချက်ကတော့ ကလေးငယ်တွေ လိမ္မာရေးခြားရှိဖို့ရယ်၊ ပြီးတော့ ဘာသာတရားကို နားလည်စေဖို့ပါ။ ဒီလို ယဉ်ကျေးလိမ္မာသင်တန်းဖွင့်တာဟာ အခုဆို သုံးနှစ်ရှိပါပြီ။ ဘုန်းဘုန်းတို့တွေကပဲ ဦးဆောင်ပြီး သင်တန်းဆရာ ဆရာမ ခုနစ်ဦးနဲ့ သင်ကြားပို့ချပေးခဲ့တာပါ"ဟု မိန့်ကြားသည်။

အဆိုပါသင်တန်းကို မတ် ၂၃ ရက်မှ မေ ၆ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသို့ ပေါက်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူ ၃၀၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လှိုင်ကော်မြို့နယ် အစိုးရအခြေခံရက်ကန်းသင်တန်းကျောင်း၌ ရက်ကန်းပညာသင်တန်းများကို ဇူလိုင်လတွင် ဖွင့်လှစ်မည်

**လှိုင်ကော် မေ ၉**

ရက်ကန်းပညာဖြင့် မျိုးဆက်သစ်လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် ကယားပြည်နယ် လှိုင်ကော်မြို့ ဒေါတမရပ်ကွက်ရှိ ရက်ကန်းနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်း၌ ရက်ကန်းပညာသင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

ရက်ကန်းနှင့် အသက်မွေးဝမ်းကျောင်းတွင် သင်တန်းသားများအား နိုင်ငံတော်မှထောက်ပံ့ပေးမှုဖြင့် အခမဲ့ သင်ကြားပေးခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမအသုတ်တွင် ၁၃ ဦး၊ ဒုတိယအသုတ်တွင် လေးဦးကို သင်ကြား မွေးထုတ်နိုင်ခဲ့ကြောင်း၊ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် သင်တန်းကို ဇူလိုင် ၁ ရက်တွင် စတင်ဖွင့်လှစ်၍ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။



ရက်ကန်းနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်းကို ၁၉၅၁ ခုနှစ်တွင် အစိုးရအခြေခံရက်ကန်းသင်တန်းကျောင်းအမည်ဖြင့် စတင်တည်ထောင်ခဲ့ရာမှ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက် ရက်ကန်းနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း၊ ယခုဖွင့်လှစ်ထားသော ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတွင် မြန်မာ့ရိုးရာရက်ကန်းပညာနှင့် တိုင်းရင်းသားများ၏ ရိုးရာရက်ကန်းပညာရပ်များကို ကျွမ်းကျင်သည့် မျိုးဆက်သစ်များ မွေးထုတ်နိုင်ရန်နှင့် မြန်မာ့ရိုးရာရက်ကန်းပညာကို လက်ရက်ကန်းမှ စက်ရက်ကန်းသို့ အဆင့်မြှင့်တင်ကာ လူငယ်များ အလုပ်အကိုင်ရရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားနေကြောင်း သိရသည်။

**ရဲနောင်(လှိုင်ကော်)**

# ကသာမြို့နယ်အတွင်းမှ ကျေးရွာများသို့ ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးမည်

**ကသာ မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်အတွင်း၌ ငှက်ဖျားရောဂါ ကာကွယ်တိုက်ဖျက်ရေးအတွက် ပေါမမြိုင်ကျေးရွာနှင့် ဟဲနားကျေးရွာများသို့ ဆေးစိမ်ခြင်ထောင်များကို မေ ၈ ရက်က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျန်းမာရေးဦးစီးဌာနမှ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဝဏ္ဏသောင်း၊ တိုင်းဒေသကြီး ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနမှူး ဦးမျိုးဦးနှင့်အဖွဲ့၊ ကသာမြို့နယ်ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနမှ ကြီးကြပ်ရေးမှူး ဦးစန်းလွင်မြင့်နှင့် ကျန်းမာရေးဝန်ထမ်းများက မေ ၈ ရက်တွင် ကျေးရွာများသို့ကွင်းဆင်း၍ ကျေးရွာများရှိ အိမ်ထောင်စုအားလုံးအတွက် အခမဲ့ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

ငှက်ဖျားရောဂါကာကွယ်တိုက်ဖျက်ရေးအတွက် ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခြင်းကို ကသာမြို့ မြို့ပေါ်ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာပေါင်း ၁၂၉ ရွာတို့ရှိ အိမ်ထောင်စုအားလုံးသို့လည်း ဆေးစိမ်ခြင်ထောင်များကို ကသာမြို့နယ် ကျန်းမာရေးဦးစီးဌာနက ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# မေတ္တာမြို့ရေပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် မြို့ရေပေးဝေရေးကော်မတီက နေ့စဉ်ဆောင်ရွက်နေ

**ထားဝယ် မေ ၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ မေတ္တာမြို့၌ နွေရာသီကာလအတွင်း ပြည်သူများ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ဘန်းချောင်းမှ ရေသွယ်ယူ၍ ဖြန့်ဝေပေးခြင်းကို မြို့ရေပေးဝေရေးကော်မတီက နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မေတ္တာမြို့သည် ထားဝယ်မြို့မှ ၃၄ မိုင်အကွာ ထားဝယ်-ထီးခီး ယိုးဒယားနယ်စပ်သွားလမ်းပေါ်တွင် တည်ရှိကာ မြို့ပေါ် သုံး ရပ်ကွက်တွင် အိမ်ခြေ ၂၈၀၊ လူဦးရေ ၁၈၀၀ ခန့် နေထိုင်ကြပြီး သောက်သုံးရေအဖြစ် လက်တူးတွင်းများမှရေနှင့် ခမောင်းသွယ်ချောင်းနှင့် ဘန်းချောင်းတို့မှ ရေများကို သွယ်ယူသုံးစွဲလျက်ရှိသည်။ ယခုအခါ အယ်နီညိုရာသီဥတုကြောင့် အပူချိန်မြင့်တက်ကာ မုတ်သုံမိုးဝင်ရောက်ချိန်နောက်ကျပြီး သောက်သုံးရေရှားပါးလာခြင်းကြောင့် မြို့နေပြည်သူများ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် မြို့ပေါ်ရေပေးဝေရေးကော်မတီက ဘန်းချောင်းမှရေသွယ်ယူကာ မြို့ပေါ်ရပ်ကွက်အတွင်းရှိ ရေသိုလှောင်ကန်များသို့ နေ့စဉ်ရေဖြန့်ဝေပေးလျက်ရှိကြောင်း၊ ထိုသို့ နေ့စဉ်ဖြန့်ဝေပေးနေခြင်းကြောင့် မြို့နေပြည်သူများအနေဖြင့် သောက်သုံးရေပြတ်လပ်သည့် အခက်အခဲမရှိဘဲ အဆင်ပြေစွာရရှိလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မုံရွာမီးသတ်စခန်းသို့ မီးသတ်ယာဉ်နှင့် လူမှုကူညီရေးအသင်းများသို့ ကားတာယာများလှူဒါန်း

**မုံရွာ မေ ၉**

မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကူညီပံ့ပိုးရေးဖောင်ဒေးရှင်း (MFFR) ၏ အစီအစဉ်ဖြင့် ဂျပန်နိုင်ငံ NPO Team Mikawa Recovery နှင့် မြန်မာနိုင်ငံမှ Thein Min Industry Group ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ မုံရွာမြို့မီးသတ်စခန်းသို့ ကျပ်သိန်း ၁၂၀ ခန့်တန်ဖိုးရှိ ဂျပန်နိုင်ငံလုပ် Isuzu အမျိုးအစား မီးသတ်ယာဉ်တစ်စီးကို မေ ၈ ရက်က လှူဒါန်းခဲ့ပြီး မုံရွာမြို့ရှိ လူမှုကူညီရေးအသင်းများသို့လည်း မော်တော်ကားတာယာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

"မုံရွာမီးသတ်စခန်းအတွက် ဂျပန်နိုင်ငံလုပ် မီးသတ်ကားတစ်စီးနဲ့အတူ ရန်ကုန်တာယာစက်ရုံကထုတ်တဲ့ ကျပ်သိန်း ၁၀၀ ကျော်ဖိုးရှိတဲ့ ရန်ကုန်တာယာဆိုက်စုံ ၂၀၈ လုံးကို မုံရွာမြို့မှာရှိတဲ့ လူမှုကူညီရေးအသင်း ၁၉ သင်းအတွက် ပေးအပ်လှူဒါန်းတာပါ။ ဒါ့အပြင် မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံအတွက် လှူထားတဲ့ သိန်း ၅၀၀ ထဲက ကျန်နေတဲ့ သိန်း ၃၀၀ ကိုလည်း လှူဒါန်းတာဖြစ်ပါတယ်။ အခုမီးသတ်ယာဉ်လှူတာဟာ ဒုတိယအကြိမ်ဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်ကလည်း မုံရွာမီးသတ်စခန်းကို မီးသတ်ယာဉ်တစ်စီး လှူဒါန်းခဲ့ပါတယ်"ဟု Thein Min Industry Group ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်ဌေးက ပြောသည်။

မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော လှူဒါန်းပွဲတွင် ဦးမောင်မောင်ဌေးက မီးသတ်ယာဉ်ကို မုံရွာမြို့နယ်မီးသတ်စခန်းမှ ဦးစီးအရာရှိဦးညီညီဇော်ထံ ပေးအပ်လှူဒါန်းကာ ရန်ကုန်တာယာစက်ရုံ မားကက်တင်းမန်နေဂျာ ဒေါက်တာထင်ကျော်ဦးက တာယာ ၂၀၈ လုံးကို မုံရွာမြို့မှ လူမှုကူညီရေးအသင်းများကိုယ်စားရုံးကြီးလူငယ်ဥက္ကဋ္ဌ ဦးစောထွန်းထံ ပေးအပ်ခဲ့သည်။ ဆက်လက်၍ ရန်ကုန်တာယာစက်ရုံဥက္ကဋ္ဌ ဦးကျော်ကျော်စိန်က မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ ဆေးရုံကြီးအတွက် လှူဒါန်းရန်ကျန်သော ကျပ်သိန်း ၃၀၀ ကို ဆေးရုံတည်ဆောက်ရေးကော်မတီကိုယ်စား မြို့မိမြို့ဖတစ်ဦးထံ ပေးအပ်ခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က ဂုဏ်ပြုမှတ်တမ်းလွှာကို ရန်ကုန်တာယာစက်ရုံဥက္ကဋ္ဌ ဦးကျော်ကျော်စိန်ထံ ပေးအပ်ခဲ့သည်။

"အခုလို လှူဒါန်းပေးတဲ့အတွက် ပြည်သူလူထုအပေါ် အများကြီးအားဖြစ်စေသလို တိုင်းဒေသကြီးအစိုးရအနေနဲ့ အများကြီးဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၀ ပြည့်နှစ်က မီးသတ်ယာဉ်တစ်စီးကို ကွေ့ကြီးရပ် အရန်မီးသတ် တပ်ဖွဲ့အတွက် လှူဒါန်းခဲ့သေးတာ သိရပါတယ်။ နောက် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှာလည်း မီးသတ်ယာဉ်နဲ့ လယ်ယာစက်ပစ္စည်းသုံးတာယာဆိုက်စုံ ၅၆ လုံး လှူဒါန်းခဲ့တာသိရတဲ့အတွက် ပြည်သူလူထုရဲ့ မီးဘေးလုံခြုံရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုတဲ့အပြင် လူမှုရေးလုပ်ငန်းတွေမှာလည်း အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်"ဟု လှူဒါန်းမှုနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွှန့်ဝင်းက ပြောသည်။ **မျိုးဝင်းထွန်း(မုံရွာ)**



## မိုးဦးလေဦးအန္တရာယ် စပါးများအမိုးအကာအောက်ရောက်ရှိရေး နှိုးဆော်ချက်

၁။ ယခုအခါ နွေစပါးများရိတ်သိမ်းနေပြီဖြစ်ပြီး မကြာမီ မိုးဦးလေဦးကျရောက်တော့မည်ဖြစ်ပါသည်။

၂။ မိုးဦးလေဦးကျရောက်ချိန်တွင် စိုက်ပျိုးထားသောနွေစပါးများကို အချိန်မီရိတ်သိမ်းနိုင်မည်။ အမိုးအကာအောက်ရောက်ရှိရေး၊ သီးနှံများမပျက်စီး မဆုံးရှုံးစေရေးအတွက် စပါးသီးနှံများကို "ရိတ်သိမ်းခြွေစက်ကြီးများဖြင့် ထိထိရောက်ရောက်အသုံးပြုနိုင်ကြခြင်းအားဖြင့်" တောင်သူလယ်သမားများ၏ နွေစပါးသီးနှံများ မပျက်စီးစေရေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

၃။ နိုင်ငံနှင့်အဝန်း တောင်သူလယ်သမားများ စိုက်ပျိုးထားရှိသော နွေစပါးသီးနှံများ အလေအလွင့် လျော့နည်းစေရေး၊ အရည်အသွေးပိုမိုကောင်းမွန်ရေးကို ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုဘဝကို အမှန်တကယ်တိုးတက်စေနိုင်မည်ဖြစ်ပါသည်။

၄။ တစ်ပြိုင်နက် ရင့်မှည့်လာကြမည့် နွေစပါးခင်းများကို အချိန်မီရိတ်သိမ်းနိုင်ရန် လယ်ယာ လုပ်သားရှားပါးမှု အခက်ခဲကြောင့် တောင်သူလယ်သမားများ အခက်အခဲတွေ့ရှိနေကြပြီး စပါးများ အလေအလွင့်ဆုံး ရှုံးမှုများပြားသဖြင့် ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် အချိန်မီ တလင်းပျောက်စနစ် ရိတ်သိမ်းခြင်းနည်းလမ်းအားဖြင့် ကုစားဖြေရှင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

၅။ တောင်သူလယ်သမားများ၏ ဝင်ငွေနှင့်လူနေမှုဘဝတိုးတက်စေရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အပေါ် "စပါးရိတ်သိမ်းချိန် ရိတ်သိမ်းခြွေလှေ့စက်ကြီးများအား" လက်လှမ်းမီသလောက် အသုံးပြုနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

၆။ နွေစပါးသီးနှံများကို အချိန်မီရိတ်သိမ်းပြီးပါက လာမည့် မိုးဦးကာလတွင် မိုးစပါးစိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို ဆက်လက်ဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ဝါးခယ်မ မေ ၉**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းမှ ငါးမွေးမြူသူများ၏ ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဂရမ်းကျေးရွာအုပ်စုရှိ ဦးသာနေအေးငါးကန်၌ မေ ၄ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိဦးသိန်းဦးက အပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကာ ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်လည်းကောင်း၊ အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း ကန်ရေညစ်ညမ်းပြီး ငါးရောဂါများ ကျရောက်တတ်သဖြင့် ရှောင်ကြဉ်ရမည့်အချက်များ၊ အပူချိန်လွန်ကဲမှုကြောင့် ငါးများသေဆုံးမှု လျော့နည်းစေရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိရမည့် အချက်များ၊ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြား၍ ဆောင်ရွက်ရန် စသည့် အချက်များကို ဟောပြောခဲ့ပြီး အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုဆိုင်ရာ လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။ ဟောပြောပွဲသို့ ဂရမ်း၊ မြဂိုးလေး၊ မြဂိုးကြီး၊ သီလချောင်း၊ မြစ်ကလေးနှင့် ကျွဲတလင်းကျေးရွာအုပ်စုများမှ ငါးကန်ပိုင်ရှင်များ တက်ရောက်ခဲ့သည်။

ထို့အပြင် ရေလုပ်သားငယ်များအပါအဝင် ရေလုပ်ငန်းလုပ်ကိုင်သူများအားလုံးအနေဖြင့် အယ်နီညိုရာသီဥတုဆိုင်ရာ အကျိုးသက်ရောက်မှုများကို ကြိုတင်သိရှိပြီး ကာကွယ်နိုင်ရန်၊ သဘာဝပတ်ဝန်းကျင်နှင့် ငါးလုပ်ငန်း ဆက်စပ်မှု ဂေဟစနစ်ကို ရေလုပ်ငန်းရှင်များ သိရှိနားလည်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သော ငါးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အသိ ပညာပေးဟောပြောပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**လှမ်းသီဟ (ဝါးခယ်မ)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စာစီစာကုံး၊ ပိုစတာ၊ ကာတွန်း၊ ပန်းချီနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပမည်

**ကလေး မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အဆင့် ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပိုစတာ၊ ကာတွန်း၊ ပန်းချီနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို မေ ၁၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ယခုနှစ်တွင် ယခင်နှစ်များတွင် မပါသော ပညာရှင်အဆင့်ပြိုင်ပွဲကိုပါ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပိုစတာ၊ ကာတွန်း၊ ပန်းချီနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ကလေးမြို့တွင် နှစ်စဉ်ကျင်းပပြီး မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်ဟူ၍ ခရိုင်အဆင့်ပြိုင်ပွဲများပြုလုပ်ခဲ့ရာ ယခုနှစ်တွင် ပညာရှင်အဆင့်ကိုပါ ဖိတ်ခေါ်၍ ပြိုင်ပွဲကို ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်သွားမည်ဖြစ်ကြောင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၆ ရက်က ပြုလုပ်သော အစည်းအဝေး၌ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက ပြောကြားသည်။

အစည်းအဝေးတွင် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ MANA မှ တာဝန်ရှိသူများ၊ ခရိုင်မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်၍ ပြိုင်ပွဲကျင်းပရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။

**ချင်းတွင်းသား**

## ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် မေ ၉**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Statil International Lte; ကုမ္ပဏီသည် မြန်မာ့ပင်လယ်ပြင်ကမ်းလွန်လုပ်ကွက်အမှတ် AD-10 တွင်2D Seismic တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV POLARCUS AMANI (Call Sign: C6ZD3) ဖြင့် မေ ၂၆ ရက်မှ ဇွန် ၃၀ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်မည့် ဧရိယာများမှာ -

| Point | Latitude | Longitude |
|---|---|---|
| A | 18' 15' 00" N | 9112' 00" E |
| B | 18' 15' 00" N | 92' 09' 00" E |
| C | 17' 30' 00" N | 92' 09' 00" E |
| D | 17' 30' 00" N | 91' 03' 00" E တို့ဖြစ်သည်။ |

သို့ဖြစ်၍ တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ် သမ္ဗန်များဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန် ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ရေပြတ်လပ်နေသော တောင်ပေါ်ကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

**မိုင်းဖုန်း မေ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖုန်း(ခ)အုပ်စုအတွင်းမှ သောက်သုံးရေပြတ်လပ်နေသော ကျေးရွာများဖြစ်သည့် ဟွေယုန်းရွာဟောင်းနှင့် ဝမ်ဆောက်ခုံအာခါရွာများသို့ သောက်သုံးရေများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ ဦးစီးမှူးများနှင့် ဝန်ထမ်းများပူးပေါင်း၍ မေ ၇ ရက်က သွားရောက်လှူဒါန်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ဝင်းမောင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ကိုကို ဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင်များက ဂါလန် ၈၅၀ ဆံ့ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများကို သုံးခေါက်သယ်ယူ၍ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကာ စုစုပေါင်း ရေဂါလန် ၂၅၅၀ ကို လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

မိုင်းဖုန်း(ခ)အုပ်စုအတွင်း ကျေးရွာပေါင်း ၂၂ ရွာရှိပြီး သောက်သုံးရေသုံးစွဲရာတွင် တောင်ပေါ်စိမ့်စမ်းများမှ သွယ်ယူသော စနစ်များဖြင့် သောက်သုံးရေကို သုံးစွဲကြရာ ယခုနှစ်တွင် ရာသီဥတုပူပြင်းမှုကြောင့် ယခုအခါ ရွာပေါင်း ၂၀ ခန့်သည် သောက်သုံးရေပြတ်လပ်သော အခြေအနေသို့ ရောက်ရှိနေကြောင်း သိရသည်။ ရေရှားပါးမှုကြုံတွေ့နေရသဖြင့် ကျေးရွာများသို့ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့သာမက စည်ပင်သာယာရေးအဖွဲ့၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့၊ နိုင်ငံရေးပါတီများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များကလည်း မိမိတို့အစီအစဉ်များဖြင့် သောက်သုံးရေများကို လိုက်လံဖြန့်ဝေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# ကြည့်မြင်တိုင် စက်ဆန်းတိုက်နယ်ဆေးရုံ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဒေသခံများမျှော်လင့်လျက်ရှိ

**ရန်ကုန် မေ ၉**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်အနောက်ဘက်ရှိ စက်ဆန်း၊ အောက်ရုံ အလတ်ချောင်းရပ်ကွက်တွင် ၁၆ ခုတင်ဆံ့ စက်ဆန်းတိုက်နယ်ဆေးရုံမှာ တည်ဆောက်ပြီးစီး၍ မြို့နယ်ဆေးရုံဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီသို့အပ်နှံပြီးသော်လည်း တစ်နှစ်နီးပါးအကြာ ယခုအချိန်အထိ ဖွင့်လှစ်နိုင်ခြင်းမရှိသေးကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

ဆေးရုံတည်ဆောက်မှုကို ၂၀၁၄ ခုနှစ် မတ်လအတွင်းက စတင်တည်ဆောက်ခဲ့၍ ၂၀၁၅ ခုနှစ် ဇွန်လတွင်ပြီးစီးခဲ့ပြီး တည်ဆောက်ရေးအဖွဲ့မှ မြို့နယ်ဆေးရုံ တည်ဆောက်ရေးကော်မတီသို့ ယင်းလအတွင်းမှာပင် အပ်နှံပြီးဖြစ်ကြောင်း သိရသည်။

စက်ဆန်းတိုက်နယ်ရုံမှာ အကျယ်အဝန်းအားဖြင့် ပေ(၁၃၈×၂၂၀)ရှိပြီး တစ်ထပ်အာရ်စီဖြစ်သည်။ ဖွဲ့စည်းပုံအရ တိုက်နယ်(တာဝန်ခံ)ဆရာဝန် တစ်ဦး၊ လက်ထောက်ဆရာဝန်တစ်ဦး၊ သူနာပြုနှင့် အထွေထွေလုပ်သား ၁၇ ဦးတို့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပြုပေးနိုင်ရန် စီစဉ်ထားရှိကြောင်း သိရသည်။

မြို့နယ်ဆရာဝန်ကြီး ဦးခင်မောင်လွင်က "အခု မေ ၂ ရက်ကစတင်ပြီး ပြင်ပလူနာများကို ကြည့်ရှုပေးနေပါတယ်။ ဆေးရုံအပြည့်အစုံဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်မယ့်ဆေးရုံသုံးပစ္စည်းတွေ၊ ပရိဘောဂတွေ၊ ဘတ်ဂျက်ဘဏ္ဍာငွေ၊ ဝန်ထမ်းအင်အားနဲ့ လျှပ်စစ်အတွက်ကိုပဲ တောင်းခံထားပါတယ်။ ဒါပေမယ့် ကျန်းမာရေးဝန်ကြီးဌာနအတွင်း ဦးစီးဌာနအပြောင်းအလဲတွေကြောင့်နဲ့ အခြားအကြောင်းကြောင်းကြောင့် ဖွင့်လှစ်နိုင်ရေးအတွက် နှောင့်နှေးနေတာဖြစ်ပါတယ်" ဟု ရှင်းပြခဲ့သည်။



စက်ကလေးရပ်ကွက်မှ ဒေသခံတစ်ဦးက "တကယ်တော့ နိုင်ငံရေးအပြောင်းအလဲ၊ လူကြီးအပြောင်းအလဲအပြင် ဘတ်ဂျက်ကာလဆိုတော့ မကြာသင့်ပဲကြာနေတာလို့ထင်တယ်။ လှိုင်မြစ်အနောက်ဘက်က ပြည်သူတွေက အစစအရာရာ လှိုင်မြစ်အရှေ့ဘက်ကိုပဲ အားကိုးနေရတာ။ တိုက်နယ်ဆေးရုံတစ်ရက်စောဖွင့်နိုင်လေ ဒေသခံပြည်သူတွေအတွက် တစ်ရက်ပိုအကျိုးရှိလေပါပဲ။ ဒါကြောင့် အမြန်ဆုံးဖွင့်လှစ်နိုင်ဖို့ အားလုံးက မျှော်လင့်နေပါတယ်"ဟု ရင်ဖွင့်စကား ဆိုခဲ့သည်။

တိုက်နယ်ဆေးရုံဖွင့်လှစ်ပြီးပါက ဒေသခံပြည်သူများအနေဖြင့် အထွေထွေရောဂါများ၊ ခွဲစိတ်မှု (အကြီး၊ အသေး)၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ရဲမှုခင်းအတွက် ဆေးစစ်ဆေးမှုများပါ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဆရာဝန်ကြီးက ပြောပြသည်။

မြို့နယ်ဆရာဝန်ကြီး ဦးခင်မောင်လွင်က "အခုနှစ် ဖေဖော်ဝါရီလကတည်းက စတင်ပြီး ကျေးရွာလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအပြင် တစ်လကို ရွာနှစ်ရွာမှာ အခမဲ့ကွင်းဆင်းဆေးကုသမှုတွေပြုလုပ်ပေးနေပါတယ်။ ပြီးခဲ့တဲ့လကဆိုစက်ဆန်း၊ အောက်ရုံ နှစ်ရွာမှာ လူ ၂၀၀ ကျော်နဲ့ ဦးမြကျေးရွာ ဓမ္မာရုံမှာ လူ ၂၀၀ ခန့်ကို ဆေးစစ်ဆေးမှုတွေ၊ ကုသမှုတွေ၊ ဆေးပေးဝေမှုတွေပြုလုပ်ပေးနိုင်ခဲ့ပါတယ်။ အားရကျေနပ်ဖွယ်ကောင်းလှပါတယ်။ ဒ့ါအပြင် တီဘီ၊ HIV နဲ့ ကိုယ်ဝန်ဆောင်မိခင်များကို ဖော်ထုတ်ကုသ၊ စောင့်ရှောက်မှုတွေပြုနိုင်ခဲ့ပြီး အဖွဲ့တွေခွဲပြီး Team Work အနေနဲ့ ကွင်းဆင်းမှုတွေဆောက်ရွက်နိုင်ခဲ့ပါတယ်"ဟု ရှင်းပြခဲ့သည်။

ကြည့်မြင်တိုင်နယ်မြေအတွင်း လှိုင်မြစ်အနောက်ဘက်၌ အေးရွာ(အရှေ့)၊ ဘလုတ်ညွှန့်၊ စက်ကလေးကျေးရွာ သုံးရွာပေါင်း၍ တစ်ရပ်ကွက်၊ စက်ဆန်း၊ အောက်ရုံ၊ အလတ်ချောင်းကျေးရွာ သုံးရွာပေါင်း၍ တစ်ရပ်ကွက်၊ ဆိပ်ကြီး၊ ဦးမြ၊ ငါးစင်ကျေးရွာကျေးရွာသုံးရွာပေါင်း၍ တစ်ရပ်ကွက်၊ ဝါးရုံဆိပ်၊ အေးရွာ(အနောက်)နှစ်ရွာကိုပေါင်း၍ တစ်ရပ်ကွက်အဖြစ် ရပ်ကွက်လေးရပ်ကွက်အဖြစ် ပြန်လည်ဖွဲ့စည်းထားခြင်းဖြစ်သည်။ လူဦးရေ ၄၀၀၀၀ ကျော်တို့ နေထိုင်လျက်ရှိပြီး ကျန်းမာရေးအတွက် တိုက်နယ်ဆေးရုံအမြန်ဆုံးဖွင့်လှစ်နိုင်ရေးကို မျှော်လင့်စောင့်စားလျက်ရှိနေကြောင်း ရေးသားလိုက်ရပါသည်။

**သတင်း - တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ - ရွှေတိုင်လွင်**

## မြို့နယ်သဘင်အစည်းအရုံး အမှုဆောင်များသစ်ရွေး

**ရမည်းသင်း မေ ၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သဘင်ပညာရှင်များအစည်းအရုံး အလုပ်အမှုဆောင်ရွေးချယ်ခြင်း အစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ မေ ၇ ရက်က ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး(ဗဟို)မှ အတွင်းရေးမှူး ဦးမိုးဝင်းက အမှာစကားပြောကြားပြီး နှစ်ပတ်လည် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဦးမျိုးအောင်နှင့် ဦးရဲဝင်းတို့က ဖတ်ကြားသည်။ ထို့နောက် မြို့နယ်သဘင်ပညာရှင်များအစည်းအရုံး အမှုဆောင်ကော်မတီဝင်ဟောင်းများက နုတ်ထွက်ကာ အလုပ်အမှုဆောင်အဖွဲ့သစ်ကို အများဆန္ဒအရ ရွေးချယ်ခဲ့ရာ ဥက္ကဋ္ဌ ဦးကျော်ကျော်၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဝေ၊ အတွင်းရေးမှူး ဦးရဲဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကိုကို၊ ဘဏ္ဍာရေးမှူး ဒေါ်တင်ဆွေဝင်းအပါအဝင် အလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

GUSTO International College

Vacancy Announcement

*GUSTO International College တွင် တာဝန်ထမ်းဆောင်ရန် ပညာရေးလုပ်ငန်းကို စိတ်ဝင်စားသော ကျွမ်းကျင်ပညာရှင်များ ဖိတ်ခေါ်အပ်ပါသည်။*

**(1) Marketing Manager/ Assistant** (1) Post
- Marketing activities များကို စနစ်တကျ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃) နှစ် ရှိရမည်။
- ပညာရေး လုပ်ငန်းနှင့်ပတ်သက်၍ အတွေ့အကြုံရှိပါက ပိုကောင်းသည်။

**(2) Office Staff** (5) Post
- Microsoft word, excel ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
- အစည်းဝေးမှတ်တမ်းများနှင့် ရုံးစာများကို စနစ်တကျ ရေးသားထိန်းသိမ်း တက်ရမည်။
- လူမှုဆက်ဆံရေး ကောင်းမွန်ပြီး အများနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရမည်။

**(3) Marketing Executive** (2) Post
- တက္ကသိုလ်မှ ဘွဲ့တစ်ခုခု ရရှိသူ ဖြစ်ရမည်။
- Marketing လုပ်ငန်းအတွေ့အကြုံ (၁) ရှိသူ ဖြစ်ရမည်။
- ရုပ်ရည်ပြေပြစ်၍ စကားပြောစွမ်းရည်ကောင်းမွန်သူ၊ ကိုယ်တိုင် အတွေးအခေါ် (idea) ကောင်းများ ဖန်တီးနိုင်စွမ်းရှိသူ ဖြစ်ရမည်

**(4) Receptionist** (2) Post
- ရုပ်ရည် ပြေပြစ်ပြီး ဆက်ဆံရေး ကောင်းမွန်ရမည်။
- အများနှင့် ပူးပေါင်း ဆောင်ရွက်လိုစိတ် ရှိရမည်။
- တွေ့ကြုံလာမည့် အခက်အခဲများကို စိတ်ရှည်သည်းခံပြီး အဆင်ပြေအောင် ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

**(5) Junior Accountant** (1) Post
- တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး LCCI Level II အောင်မြင်ပြီးသူ ဖြစ်ရမည်။
- စာရင်းပညာကို စိတ်ပါဝင်စားပြီး တိကျသေချာစွာ ဆောင်ရွက်နိုင်ရမည်။
- Microsoft word & excel ကျွမ်းကျင်စွာ သုံးတတ်ရမည်။ (မြန်မာ၊ အင်္ဂလိပ်)
- ဆက်ဆံရေးပြေပြစ်ပြီး ရိုးသား၍ အဖွဲ့အစည်းစိတ်ဓာတ်ရှိရမည်။
- ရေရှည်လက်တွဲလုပ်ကိုင်နိုင်သူဖြစ်ပြီး အသက် (၂၅) နှစ်အောက် ဖြစ်ရမည်။

*လျှောက်ထားလိုသူများသည် မိမိလျှောက်ထားလိုသည့်ရာထူး၊ မျှော်မှန်းလစာနှင့် အလုပ်အကိုင် အတွေ့အကြုံတို့ကို အသေးစိတ်ဖော်ပြထားသော Resume နှင့်အတူ ဓါတ်ပုံတစ်ပုံကို E-mail နှင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း ၂၀၁၆ ခုနှစ် မေလ (၂၇) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။*

အမှတ် ၂၈၉ (အေ)၊ ပြည်လမ်း (မြေနီကုန်းမှတ်တိုင်အနီး)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၅၀၃၇၁၅၊ ၀၉-၇၃၀ ၁၁ ၁၀၂ E-mail : admin@gusto-education.com

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မဟာအောင်မြေမြို့နယ်တရားမရုံး၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၃**

| | | | |
|---|---|---|---|
| ၁။ ဒေါ်ခင်ခင်မြင့် | **နှင့်** | ၁။ ဦးမိုးမြင့် | ၆။ မိစု |
| ၂။ ဒေါ်ခင်မာမြင့် | | ၂။ ဦးဝင်းကြိုင် | ၇။ မိဗျား |
| | | ၃။ ဒေါ်နုနွယ် | ၈။ ဒေါ်ရီရီလွင် |
| | | ၄။ ဒေါ်ပန်းအိစံ | ၉။ ဦးသက်ထွန်း |
| | | ၅။ ဒေါ်ပန်းအိဖြိုး | ၁၀။ ဒေါ်သူဇာ |
| | | | ၁၁။ ဒေါ်မြမြထွန်း |

**တရားလိုများ** **တရားပြိုင်များ**

အမှတ်(မရှိ)၊ ချမ်းမြသာစည်မြောက်ရွာသစ်၊ အကွက်(၄၈၂)၊ မဟာအောင်မြေမြို့နယ်၊ (၉) တရားပြိုင် ဦးသက်ထွန်းနှင့် (၁၀) တရားပြိုင် ဒေါ်သူဇာ ယခု (ယခုနေရပ်လိပ်စာမသိ)သူတို့ သိစေရမည်။

သင့်အပေါ်၌ ဒေါ်ခင်ခင်မြင့် ပါ(၂)ဦးက အမွေပုံပစ္စည်း အုပ်ထိန်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် မေ ၂၀ရက် (၁၃၇၈ခုနှစ် ကဆုန်လဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီအထက်ကအမည်ရေးသားပါရှိသူများက တရားလိုများ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာ ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုတို့က ကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မေ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းနိုင်)**
**မြို့နယ်တရားသူကြီး**
**မဟာအောင်မြေမြို့နယ်တရားရုံး**

JEWEL HOTEL Yangon



ဂျူးဝဲလ်ဟိုတယ်
မှ
အထူးသက်သာသော
နှုန်းထားများဖြင့်
ပြည်တွင်း/ပြည်ပ
ဧည့်သည်တော်ကြီးများကို
ကြိုဆိုလျက်ရှိပါသည်။

No.150(D), Corner of University Avenue & Kabaaye Pagoda Road, Bahan Township, Yangon, Myanmar.
Tel : 95 1 541051, 541503, 549345 Fax : 95 1 543174

**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း**

## အကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၆ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၁**

**ကွယ်လွန်သူ ဦးလှကို၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။**

ဒေါ်အေးအေး **လျှောက်သူ**

အမှတ်(၈၄/ခ)၊ ၆ လမ်း၊ (၁/က)စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်အေးအေးက ကွယ်လွန်သူ ဦးလှကို၏ ဇနီးဖြစ်သည်ဟူ၍ ၎င်းကွယ်လွန်သူ ဦးလှကိုမှာ ကျန်ရှိရစ်သော မင်္ဂလာဒုံမြို့နယ်၊ ကမ္ဘောဇဘဏ်လီမိတက်(ကမ္ဘောဇဘဏ်ခွဲ)ရှိ စုဆောင်းငွေများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးလှကိုမှာ ကျန်ရစ်သော ဘဏ်ဆုဆောင်းငွေများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၆ခုနှစ် မေ ၃၀ ရက် (၁၃၇၈ခုနှစ် ကဆုန်လပြည့်ကျော် ၉ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ၏ လျှောက်ချက်ကို ကြားနာ၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၆ခုနှစ် မေ ၆ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်မောင်မြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား လူပျိုဆောင်ဆောက်လုပ်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ လူပျိုဆောင်တစ်ဆောင် ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) လူပျိုဆောင် RC နှစ်ထပ် (၂၂၀'-၀"×၃၆'-၀"×၂၅'-၀")
(ရေ၊ မီး၊ မိလ္လာ၊ လမ်းလုပ်ငန်းအပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉-၅-၂၀၁၆ ရက်မှစတင်၍ နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းသူသည် အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများနှင့်အတူ အိတ်ဖွင့်တင်ဒါများကို ၉-၆-၂၀၁၆ရက် နံနက် ၉း၃၀ နာရီမှ ၁၆း၃၀နာရီ အတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားပေးမည်မဟုတ်ပါ-

(က) Detail, Measurement BQ ကုန်ကျစရိတ် အသုံးပြုတန်ဖိုး
(ခ) ကုမ္ပဏီ၏ငွေကြေးအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုပမာဏ၊ ဘဏ်အထောက်အထားများ
(ဂ) ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီ Profile
(ဃ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကန်ထရိုက်လိုင်စင်မိတ္တူ

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်ရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**နေပြည်တော်(တပ်ကုန်း)၊**
**ဖုန်း-၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁၊ ၀၆၇-၇၉၃၇၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ဆေးဝါးတက္ကသိုလ်၊ ရန်ကုန် ဆေးဝါးသိပ္ပံဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၇ ပညာသင်နှစ်အတွက် ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်၌ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ဆေးဝါးမဟာသိပ္ပံ ဘွဲ့လွန်သင်တန်းနှင့် ဆေးဝါးသိပ္ပံဆိုင်ရာ ပါရဂူဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မဟာသိပ္ပံသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| က။ | ဆေးဝါးမဟာသိပ္ပံဘွဲ့လွန်သင်တန်း | ၂ နှစ် |

**ဆေးဝါးသိပ္ပံဆိုင်ရာပါရဂူဘွဲ့(Ph.D)သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| က။ | ပါရဂူဘွဲ့ (ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒ) | ၃ နှစ် |
| ခ။ | ပါရဂူဘွဲ့ (ဆေးဝါးဖော်စပ်ရေးဗေဒ) | ၃ နှစ် |
| ဂ။ | ပါရဂူဘွဲ့ (ဆေးလက်တွေ့ဆေးဝါးသိပ္ပံ) | ၃ နှစ် |
| ဃ။ | ပါရဂူဘွဲ့ (ပရဆေးဗေဒ) | ၃ နှစ် |

၂။ **လိုအပ်သောအရည်အချင်း**
(က) **ဆေးဝါးမဟာသိပ္ပံဘွဲ့လွန်သင်တန်း**
(၁) ဆေးဝါးသိပ္ပံဘွဲ့ (B.Pharm)ရရှိပြီးသူဖြစ်ရမည်။
(၂) လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါ လုပ်သက်(၁)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။
(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက် မကြီးသူဖြစ်ရမည်။
(ခ) **ပါရဂူဘွဲ့သင်တန်း**
(၁) ဆေးဝါးမဟာသိပ္ပံဘွဲ့ (M.Pharm)ရရှိပြီးသူဖြစ်ရမည်။
(၂) လျှောက်လွှာပိတ်သည့်ရက်တွင် ဆေးဝါးမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံးလုပ်သက်(၂)နှစ် ပြည့်ပြီးသူဖြစ်ရမည်။
(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း (ဇယျ) (သို့မဟုတ်) အရာထမ်းအခြေခံသင်တန်း (သို့မဟုတ်) အခြေခံဝန်ထမ်းလောင်း (အငယ်တန်း)သင်တန်း (သို့မဟုတ်) အရာထမ်းငယ်အခြေခံသင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၉-၇-၂၀၁၆ ရက် (သောကြာနေ့)ဖြစ်ပါသည်။
၄။ ကြိုတင်လျှောက်လွှာများကို ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်သို့ ပေးပို့လျှောက်ထားရမည်။
၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်
(က) ပါရဂူဘွဲ့သင်တန်း - ၂၀-၉-၂၀၁၆ ရက် (အင်္ဂါနေ့)
(ခ) မဟာသိပ္ပံသင်တန်း - ၂၁-၉-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)
၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို မြောက်ဥက္ကလာပမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသော ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်၏ ငွေစာရင်းအမှတ် MD-010318 သို့ ပေးသွင်းရမည်။
(**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြောက်ဥက္ကလာပမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသော ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်၏ ငွေစာရင်းအမှတ် MD-010318 သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)
၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးဝါးတက္ကသိုလ်၊ ရန်ကုန် (ဖုန်း-၀၁-၉၆၉၉၈၇၇၊ ၀၁-၉၆၉၀၄၈၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်**

## အိတ်ပိတ်တင်ဒါ (Close Tender)ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လိပ်ပွတ်ကျေးရွာ၊ အမှတ်(၄)လမ်းမအနီး၊ Myanmar Distillery Co.,Ltdမှ အယောက် (၄၀)ဆံ့ Ferry ကားငှားရမ်းလိုပါသဖြင့် အိတ်ပိတ်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| Ferry လမ်းကြောင်း | လိုအပ်သောကား အစီးရေ |
|---|---|
| မှော်ဘီ-ထောက်ကြန့်-လှည်းကူး-ဇရပ်ကွင်း | (၄၀)ဆံ့ကား တစ်စီး |

၁။ တင်ဒါပေးသွင်းမှုကို ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၇-၅-၂၀၁၆ရက် နောက်ဆုံးထား၍ရုံးချိန်အတွင်း လာရောက်တင်သွင်းနိုင်ပါသည်။
၂။ တင်ဒါတွင် တင်ဒါဝင်ရောက်သူ၏ လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ် ပြည့်စုံစွာ ဖော်ပြရန်။
ကုမ္ပဏီ/စက်ရုံမှ တင်ဒါခေါ်ယူမည့်ရက်အား (၂)ရက်ကြိုတင်အကြောင်းကြားပါမည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၀၂၅၉၀၆၄၊**
**၀၉-၇၉၂၉၉၃၆၈၁၊ ၀၉-၄၅၀၀၅၈၂၆၉**

## မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တင်ဒါစည်းကမ်းချက်များ ပြင်ဆင်ခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း လမ်းတံတား၊ ရေပေးရေးလုပ်ငန်း တင်ဒါခေါ်ယူရေးကိစ္စအား ၂၄-၄-၂၀၁၆ရက် မန္တလေးသတင်းစာတွင်လည်းကောင်း၊ ၂၆-၄-၂၀၁၆ရက် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း လျှောက်လွှာများခေါ်ယူထားပြီးဖြစ်ပါသည်။

၂။ ပြည်နယ်/တိုင်းဒေသကြီးအလိုက် တင်ဒါစည်းကမ်းချက်များ တစ်ပြေးညီဖြစ်စေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ တင်ဒါစည်းကမ်းချက်များ ပြင်ဆင်သတ်မှတ်မည်ဖြစ်ပါ၍ တင်ဒါလျှောက်လွှာဝယ်ယူထားသူများ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးနှင့် အမြန်ဆုံးဆက်သွယ်ပြီး တင်ဒါစည်းကမ်းအသစ်များရယူကြပါရန် အသိပေးအပ်ပါသည်။ တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်အား အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ပါသည်-

**တင်ဒါလျှောက်လွှာနောက်ဆုံး**
**တင်သွင်းရမည့်ရက်/အချိန်** - ၂၇-၅-၂၀၁၆ ရက် ၁၆း၀၀ နာရီ

၃။ နည်းပညာအဆိုပြုလွှာ (Technical Proposal)အား ပြည့်စုံမှုရှိ/မရှိ ၂၈-၅-၂၀၁၆ရက် နံနက် ၉နာရီတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်ဖောက်စစ်ဆေးမည်ဖြစ်ပါ၍ ကုမ္ပဏီမှ တာဝန်ရှိသူ (၁)ဦး တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပြည်နယ်နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ရန် အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါ ခေါ်ယူမည်ဖြစ်ပါသည်-

(၁) မြေလမ်း (၁၀၄/၅)မိုင်၊ (၂) ကျောက်လမ်း (၂၆/၄)မိုင်၊ (၃) ကတ္တရာလမ်း(၅/၁)မိုင်၊ (၄) လမ်းတာရှဲခြင်း(၆/၀)မိုင်၊ (၅) ကွန်ကရစ်တံတား(၂၁)စင်း၊ (၆) ကားကူးကြိုးတံတား(၂)စင်း၊ (၇) လူကူးကြိုးတံတား(၈)စင်း၊ (၈) ကွန်ကရစ်ရေပြွန် (၅၀)စင်း၊ (၉) သောက်သုံးရေသွယ်ယူခြင်း (၈)ခု၊ (၁၀) စိုက်ပျိုးရေသွယ်ယူခြင်း (၆)ခု၊ (၁၁) ဆိုလာမီးရရှိရေး (၂၀)ခု၊ (၁၂) ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ခြင်း (၆)ကျောင်း၊ (၁၃) ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ/သိမ်(၃)ကျောင်း၊ (၁၄) ခရစ်ယာန်သာသနာပြုကျောင်း(၃)ကျောင်း၊ (၁၅) တန်ဖိုးနည်းအိမ်ရာ(၄၆)လုံး၊ (၁၆) (၂)ခန်းတွဲဝန်ထမ်းအိမ်ရာ (၉)လုံး။

**ပြင်/ထိန်းလုပ်ငန်းများ**

(၁) မြေလမ်းပြုပြင်ခြင်း (၃၉၆/၀)မိုင်၊ (၂) ကျောက်လမ်း(၃)မိုင်၊ (၃)ကွန်ကရစ်တံတား ပြုပြင်ခြင်း (၁)စင်း၊ (၄)ဘေလီတံတားပြုပြင်ခြင်း (၂)စင်း၊ (၅)ကားကူးတံတားပြုပြင်ခြင်း (၃)စင်း၊ (၆) လူကူးတံတားပြုပြင်ခြင်း (၁) စင်း၊ (၇) သောက်သုံးရေသွယ်ယူခြင်း (၁)ခု။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၈-၅-၂၀၁၆ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး ၃၀-၅-၂၀၁၆ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ရောင်းချမည့်လိပ်စာနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ ချင်းပြည်နယ်၊ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ အမှတ် (၁)၊ ဂေါက်ကွင်းလမ်း၊ မြို့သစ်ရပ်ကွက်၊ ဟားခါးမြို့ ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ၀၇၀-၂၁၅၈၅၊ ၀၉-၂၅၀၁၉၁၇၉၁၊ ၀၉-၂၄၅၀၃၈၅၊ ၀၉-၄၀၀၄၀၃၂၀၅သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ညှိနှိုင်းဈေးဖြင့်အမြန်ရောင်းမည်

သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သိင်္ဂီလမ်း၊ ရပ်ရှင်ရုံနှင့် ရှခင်းသာလမ်းမကြီးကြား၊ BN(၂)ထပ်တိုက်အရှေ့အဆောင်ပိုပါ၊ ၂၂'×၆၀' ဂရန်အမည်ပေါက် အဲကွန်း(၃)လုံးပါ၊ ရေပူရေအေးစက်ပါ၊ ဘိုထိုင်(၁)၊ ရိုးရိုး(၁)၊ အဝီစိရေ၊ အသင့်နေ ဈေး၊ ကျောင်း၊ ကားဂိတ်အနီး။

**ဖုန်း-၀၉-၇၉၈၁၇၅၉၉၃၊ ၀၉-၂၅၃၅၂၀၆၂၃၊ ၀၉-၂၆၂၈၉၇၇၆၅**

## အမြန်ပြန်လာပါ

ကျွန်တော် ဦးထွန်းအောင်ကျော်၏ဇနီး ဒေါ်အုန်းမြင့် ၁၂/ရကန(နိုင်)၀၂၀၃၉၄ သည် ၂၇-၃-၂၀၁၆ရက်တွင် နေအိမ်မှ မိမိသဘောဆန္ဒအလျောက် တန်ဖိုးကြီးလက်ဝတ်လက်စားများယူဆောင်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ၄င်းအား လက်ခံထားရှိသူအား တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ပါကြောင်းနှင့် သိရှိသူများမှ ကျေးဇူးပြု၍ ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
**(မည်သည့်အကြောင်းရင်းကြောင့်မဆို ခွင့်လွှတ်သည် အမြန်ပြန်လာပါ။)**
**ထွန်းအောင်ကျော် ၁၂/ရကန(နိုင်)၀၁၉၄၁၃၊ ဖုန်း-၀၉-၇၉၀၄၅၈၃၀၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဘဘ-၈)၊ ဦးပိုင်အမှတ်(၆၅)၊ ၄၆ လမ်းနှင့် ၄၇ လမ်းကြား၊ ပိတောက်လမ်းကြားနှင့် မဥ္ဇူလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်သိန်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၇၇၄/၂၀၁၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းမွန်းခေါင် ၉/မရမ(နိုင်)၀၉၁၁၆၀က တောဂရန်တင်ပြ၍ တောမှမြို့ပြောင်း အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (ဇဇ-၉)၊ ဦးပိုင်အမှတ်(၉၂)၊ ၅၁×၅၂ လမ်းကြား၊ အောင်ဆန်းလမ်း×၄ကျွဲလမ်းကြား မြေကွက်အား တသတင်ရွှေ ၉/မနမ(နိုင်)၀၆၉၄၁၃ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ တသတင်ရွှေ ၉/မနမ(နိုင်)၀၆၉၄၁၃မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ စက်အရန်ပစ္စည်းများအား DDP ဂိုဒေါင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.001/EPGE/16-17(Air/Oil Cooler & Bearing များ ဝယ်ယူခြင်း)
Tender No.002/EPGE/16-17 (Spare Parts များဝယ်ယူခြင်း)
Tender No.003/EPGE/16-17(Switch Yard Equipment & Accessories များ ဝယ်ယူခြင်း)

၂။ Tender No.001, 002 နှင့် 003 ၏ တင်ဒါပိတ်ရက်မှာ ၆-၆-၂၀၁၆ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ပစ္စည်းဖြည့်တင်းရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၈၁၀၄၂၇၈ နှင့် ၈၁၀၄၂၇၉**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန အိတ်ဖွင့်တင်ဒါ (Open Tender)

၁။ စီမံကိန်းဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေမှ အောက်ဖော်ပြပါ ပစ္စည်းနှင့်လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူတပ်ဆင်ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူပါသည်။

| | | |
|---|---|---|
| (က) | ရုံးသုံးပရိဘောဂ | (၅) မျိုး |
| (ခ) | ရုံးသုံးစက်ကိရိယာ | (၁၇) မျိုး |
| (ဂ) | 11/0.4 KV (500KVA) Transformer & Accessories | 1 Unit |
| (ဃ) | Rack Server & Installation | 1 Unit |

၂။ တင်ဒါနောက်ဆုံးပေးသွင်းရမည့်ရက်မှာ ၈-၆-၂၀၁၆ရက် ၁၆း၃၀နာရီ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း (အတွင်းရေးမှူး၊ ပစ္စည်းဝယ်ယူမှုစိစစ်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းစိစစ်မှုကော်မတီ) စီမံကိန်းဦးစီးဌာန၊ ရုံးအမှတ် (၄၃)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၁၁၀၊ ၄၁၀၁၁၂၊ ၄၁၀၁၁၇ တွင် ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**ပစ္စည်းဝယ်ယူမှုစိစစ်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းစိစစ်မှုကော်မတီ**
**စီမံကိန်းဦးစီးဌာန**

## CLAIMS DAY NOTICE
## M.V POSITIVE LEADER VOY: NO(32)

Consignees of cargo carried by M.V POSITIVE LEADER VOY:NO(32) are here by notified that the vessel will arrive on about 11-5-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မြစ်ကြီးနားခရိုင်တရားမရုံး၌
### ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၈

ဦးချစ်တင်(ခ)ကျန်းကျိန်းဖိန်း **နှင့်** ၁။ မတင်တင်ဝင်း
၂။ မောင်စံသိန်းအောင်(ခ)ရှီးဟွ
၃။ မောင်ကျန်းရှီဝေ

**တရားလို** **တရားပြိုင်များ**

မြစ်ကြီးနားမြို့၊ အမှတ်(၃၁၈)၊ ရွှေညောင်ပင်ရပ်ကွက်နေ မတင်တင်ဝင်းနှင့် မောင်ကျန်းရှီဝေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ ဦးချစ်တင်(ခ)ကျန်းကျိန်းဖိန်းက အချင်းဖြစ်မြေကွက်တွင်းရှိ တရားပြိုင်များ ယာယီဆောက်လုပ်ထားသော တဲအိမ်နှင့် အခင်းအကျင်းများအားလုံး ဖျက်သိမ်းဖယ်ရှား၍ မြေလက်ရောက်ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် မေ ၁၉ရက် (၁၃၇၈ခုနှစ် ကဆုန်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မေ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အောင်မော်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မြစ်ကြီးနားခရိုင်တရားရုံး**

## RC (၂)ထပ်လုံးချင်းတိုက် ငှားမည်

မြသီတာအိမ်ရာဝင်း၊ (၉)ရပ်ကွက်၊ ကျော်သူ (၁၆)လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
**ဖုန်း-၀၉-၂၅၀၄၅၄၅၀၀**
**၀၉-၅၄၀၂၅၂၆**

## တိုက်ခန်းရောင်းမည်

တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ ပထမထပ်၊ (၁၅ပေ×၅၅ပေ) ရှိ တိုက်ခန်းရောင်းမည်။ (မီးဖိုချောင်၊ ဝရန်တာကြွေပြားခင်းပြီး၊ အိပ်ခန်း၊ ဧည့်ခန်းပါကေးခင်းပြီး၊ အိပ်ခန်းတစ်ခန်းပါ၊ သံပန်းထုတ်ပြီး။ **သိန်း(၆၅၀) (ညှိနှိုင်း)၊ (ပွဲစားလိုသည်)**
**ဖုန်း-၀၉-၅၀၅၅၄၅၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ် (ဥယျာဉ်တန်း-က)၊ ဦးပိုင်အမှတ် ၄၊ ၃၆×၃၇ကြား၊၆၅×၆၆ကြားရှိ ဒေါ်အေးငွေ အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးဇော်မိုး ၅/စကန(နိုင်)၀၆၆၇၉၃ မှ ဦးပိုင် ၄(ခဲစင်း) တောင်ဘက်ခြမ်းအား မြို့ကွက်သစ် နေရာချထားရေး ငွေရပြေစာ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ ဦးပိုင်ခွဲ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၄၊ မြေကွက်အမှတ် ၃၅၆၊ မြေကွက်တည်နေရာအမှတ် ၃၅၆၊ လှော်ကားလမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးထွန်းကြွယ် ၁၂/ကမတ(နိုင်)၀၂၄၇၄၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးထွန်းကြွယ်ထံမှ လွှဲအပ်ခြင်းခံရသူ G.P ၄၁၉/၁၅(၈-၁-၁၅)ကိုယ်စားလှယ်လွှဲသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာ မရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဦးနိုင်ထွန်း ၁၂/လမတ(နိုင်)၀၃၀၈၀၅မှ အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်/ဦးပိုင်အမှတ်(၅၁၂/၅၁၃)၊ ဧရိယာ ၀၁၁သမ ၀၈၂ဧကရှိ ဦးကျော်နိုင်စိုး အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်သဥ္ဇာဆွေ ၁၂/အစန (နိုင်) ၀၀၁၆၀၄ (ဘ) ဦးခင်မောင်ဆွေမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈/ကျန်စစ်သား၊ ဦးပိုင်အမှတ်(၈၂)၊ မြေဧရိယာ ၀၁၁သမ ၀၅၂ဧက၊ မြေကွက်တည်နေရာအမှတ်(၈၂)၊ မြဝတီရပ်ကွက်၊ တပ်ကုန်းမြို့ရှိမြေကွက်အား ဦးကျော်ကျော် (ဘ) ဦးငြိမ်း ၉/တကန(နိုင်)၀၀၁၆၅၅မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

### ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းများ

၉ - ၅ - ၂၀၁၆

| | | |
|---|---|---|
| နေပြည်တော် | ၉ ဒသမ | ၄ |
| ရန်ကုန် | ၁၀ ဒသမ | ၁ |
| မန္တလေး | ၉ ဒသမ | ၉ |




### ထူးခြားသည့်နေ့အပူချိန်များ

၉-၅-၂၀၁၆

ထူးခြားသည့် နေ့အပူချိန်များမှာ မုံရွာ၊ မြင်းခြံ၊ ညောင်ဦး၊ ချောက်၊ မကွေးနှင့် ဘော်လခဲမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီ၊ အောင်လံ၊ တောင်တွင်းကြီး၊ ရွှေကျင်၊ သာယာဝတီနှင့် ညောင်လေးပင်မြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီ၊ ရေဦး၊ ကျောက်ဆည်၊ နေပြည်တော်၊ နေပြည်တော်(ပျဉ်းမနား)၊ မင်းဘူး၊ ပေါက်၊ တောင်ငူ၊ ဇောင်းတူ၊ ပဲခူး၊ ဖြူး၊ ကြို့ပင်ကောက်၊ မှော်ဘီ၊ ရန်ကုန်(မြို့လယ်)၊ ခရမ်း၊ ဟင်္သာတ၊ ဇလွန်နှင့် ကော့ကရိတ်မြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

# ရေပေးဝေမှုကျဆင်းနေသည့် မြစ်ရေတင်လုပ်ငန်းများပယ်ဖျက်ပြီး မြင်ကွန်းနှင့် ကမ်းနီ မြစ်ရေတင်လုပ်ငန်းများကို AFD မှ ယူရိုငွေသုံးသန်းဖြင့် ကုန်ကျခံအဆင့်မြှင့်တင်မည်



ရွှေလုံ့ပိုလ်မြစ်ရေတင် စီမံကိန်းအား တွေ့ရစဉ် ဓာတ်ပုံ-ဆည်မြောင်း

**သတင်း**
**ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်**

**ရန်ကုန် မေ ၉**

မြန်မာနိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ မြစ်ရေတင်လုပ်ငန်း ၃၇၉ ခု ရှိသည့်အနက် မြစ်ရေတင်လုပ်ငန်း ၁၇၀ ကို ဖျက်သိမ်းရန် စီစဉ်လျက်ရှိကြောင်း ဆည်မြောင်းနှင့်ရေအသုံးချစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်ထံမှ သိရသည်။

"မြစ်ရေတင်လုပ်ငန်းပေါင်း ၃၇၉ ခု ရှိတဲ့အထဲကမှ ၁၇၀ ကို ကျွန်တော်တို့ လုံးဝဖျက်သိမ်းဖို့ အနေအထားရှိပါတယ်။ ဖျက်သိမ်းမယ့် မြစ်ရေတင်လုပ်ငန်းတစ်ခုချင်းအလိုက်ကိုလည်း စာအုပ်ပေါင်း ၁၇၀ လုပ်ပြီး တင်ပြထားပါတယ်။ ဝန်ကြီးကလည်း လက်ခံထားတယ်။ အစိုးရအဖွဲ့ကို ဆက်တင်သွားမယ်"ဟု ဦးကျော်မြင့်လှိုင်က ပြောသည်။

မြန်မာတစ်နိုင်ငံလုံးရှိ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ မြစ်ရေတင် စီမံကိန်းများတွင် လျှပ်စစ်ဓာတ်အား တစ်ဆက်တစ်စပ်တည်းရရှိမှု လျော့နည်းခြင်း၊ ဗို့အား *စာမျက်နှာ ၈ ကော်လံ ၅* ❖

# ခုံးကျော်တံတားသတ်မှတ်လမ်းကြောင်းအတိုင်း မမောင်းနှင်ပါက ခြောက်လပိတ်သိမ်း




မြေနီကုန်းခုံးကျော်တံတားတွင် ခရီးသည်ယာဉ်များ ပြေးဆွဲလျက်ရှိစဉ်

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် မေ ၉**

ရန်ကုန်မြို့တွင် ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းနိုင်မည့် အစိတ်အပိုင်းတစ်ရပ်အဖြစ် ကားလမ်းကူးခုံးကျော်တံတားများ တည်ဆောက်ထားသော်လည်း အချို့သောဘတ်စ်ကားများမှာ ခရီးသည်ရလိုမှုအတွက် ခုံးကျော်တံတားမှ ဖြတ်သန်းခြင်းမရှိဘဲ အောက်လမ်းမှသွားနေခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုကို ဖြစ်စေနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီးယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မ.ထ.သ ယာဉ်လိုင်းတွေအနေနဲ့ သတ်မှတ်လမ်းကြောင်းအတိုင်း မောင်းနှင်ရပါတယ်။ သတ်မှတ်လမ်းကြောင်းအတိုင်း မောင်းနှင်ခြင်းမရှိတဲ့ ယာဉ်မောင်းတွေကို ယာဉ်မောင်းလိုင်စင် ခြောက်လပိတ်သိမ်းတဲ့အထိ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ခုံးကျော်တံတားပေါ်ကသွားရမယ့် ဘတ်စ်ကားတွေ ပုံမှန် *စာမျက်နှာ ၆ ကော်လံ ၁* ◆

## တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း၌ မြေပြိုမှုဖြစ်ပွားရာမှ သေဆုံးသူ ရှစ်ဦးကို ရှာဖွေတွေ့ရှိ

စာမျက်နှာ-၁၀

## ဖားကန့်မြို့၌ လက်ပစ်ဗုံး ငါးလုံး တွေ့ရှိ၊ နှစ်လုံးပေါက်ကွဲ

စာမျက်နှာ-၁၃

